# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ [၅၅]၊ အမှတ် [၀၁၄]


**အရိယ သစ္စာန ဒဿနံ**
**ဧတံမင်္ဂလ မုတ္တမံ**
**သစ္စာလေးပါးကိုသိခြင်းသည်**
**မြတ်သော မင်္ဂလာမည်၏။**



# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီး၊ ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာပေးအပ်

စာမျက်နှာ-၃

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဘင်ဂျမင် ကလီးမန့်(တ်) အက်ဟာန် ၄င်း၏သံအမတ် ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက်စာချုပ် (NCA)တွင် လက်မှတ်ရေးထိုးမည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၅)ဖွဲ့အား မတရားအသင်းအဖြစ်မှလည်းကောင်း၊ အကြမ်းဖက်သူများအဖြစ်မှလည်းကောင်း အကျုံးဝင်မှုမရှိတော့ကြောင်း သတင်းထုတ်ပြန်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**သတင်းထုတ်ပြန်ရေးအဖွဲ့**
**သတင်းထုတ်ပြန်ချက်(၉/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၅ ရက်**
**(၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်)**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများကို စားပွဲဝိုင်းတွင် ဆွေးနွေးညှိနှိုင်း အဖြေရှာနိုင်ရေးအလို့ငှာ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ(၁၈)ရက်နေ့တွင် တစ်နိုင်ငံလုံးသို့ ငြိမ်းချမ်းရေး ဖိတ်ခေါ်ခဲ့ပါသည်။

၂။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့(၁၅)ဖွဲ့နှင့် တစ်ဖွဲ့ချင်း ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့်ဆွေးနွေးပွဲများပြုလုပ်ခဲ့ပြီး သဘောတူညီချက်(၃၉)ခု ချုပ်ဆိုခဲ့ပါသည်။ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ အဆိုပြုချက်အရ စုဖွဲ့ဆွေးနွေးမှုကိုလည်း ၂၀၁၃ ခုနှစ်၊ နိုဝင်ဘာလ(၄)ရက်နေ့တွင် စတင်ဆွေးနွေးခဲ့ပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် (NCA)ကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ(၇)ရက်နေ့တွင် ပြီးစီးခဲ့ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးစာချုပ်ကြီးကို ချုပ်ဆိုနိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် (၁၅)ဖွဲ့ကို ဖိတ်ကြားခဲ့ပါသည်။

၄။ ဖိတ်ကြားမှုကို လက်မှတ်ရေးထိုးရန် အတည်ပြုပြန်ကြားခဲ့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၈)ဖွဲ့ အနက်မှ

*စာမျက်နှာ ၁၁ ကော်လံ ၁*

**ရေရှည်ပြန်လည်ထူထောင်ရေး စီမံကိန်း ရေးဆွဲမှုများကို အဟန့်အတား မဖြစ်စေရန် အချိန်နှင့်အမျှ ကြိုးပမ်းလျက်ရှိ**

စာမျက်နှာ-၆




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# အွန်လိုင်းမီဒီယာခေတ်

အိုင်တီနည်းပညာများ တွင်ကျယ်စွာ အသုံးချလာနိုင်သည်နှင့်အမျှ ကမ္ဘာကြီးသည် ရွာကြီးသဖွယ်ဖြစ်လာသည်ဟု ပညာရှင်တို့က ဆိုကြသည်။ ကမ္ဘာ့မည်သည့်နေရာ၌ ဖြစ်ပျက်သောထူးခြားဖြစ်စဉ်မဆို ကမ္ဘာ့အခြား ၊ အခြားသောဒေသများမှ အချိန်နှင့်တစ်ပြေးညီ ကြားသိနေရသည်။ အိုင်တီနည်းပညာများ ထွန်းကားတိုးတက်လာခြင်း၊ သတင်းအတတ်ပညာများ တိုးတက်လာခြင်းတို့ကြောင့် ကမ္ဘာကြီးသည် ရွာကြီးသဖွယ်ဖြစ်လာနေသည်။ တစ်နည်းအားဖြင့် အွန်လိုင်းမီဒီယာခေတ်သည် လျင်မြန်စွာ တိုးတက်ပြောင်းလဲလျက်ရှိသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံတွင် တယ်လီဖုန်းသိပ်သည်းဆ (**Teledensity**) တိုးတက်မြင့်မားလာစေရန်နှင့် ကျေးလက်နှင့်မြို့ပြကွာဟမှုမရှိစေဘဲ ပြည်သူများ တယ်လီဖုန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စွာ ဆက်သွယ်ဆောင်ရွက်နိုင်စေရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းသိပ်သည်းဆ ၅၀ ရာခိုင်နှုန်းသာ ရှိခဲ့ရာမှ ယခု ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းသိပ်သည်းဆကို ၈၀ ရာခိုင်နှုန်းအထိ တိုးတက်လာအောင် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

ဤသို့ တယ်လီဖုန်းသိပ်သည်းဆကို တိုးတက်သည်ထက် တိုးတက်အောင် မျှော်မှန်းဆောင်ရွက်လာနိုင်သည်နှင့်အမျှ လူမှုကွန်ရက်မီဒီယာသုံးစွဲမှုသည်လည်း တစ်ဟုန်ထိုး တိုးတက်မြင့်မားလျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ တစ်နည်းအားဖြင့် အွန်လိုင်းမီဒီယာသည် အရှိန်အဟုန်ဖြင့် တိုးတက်လာနေပြီဖြစ်ပါသည်။ လူငယ်လူရွယ်များသာမက သက်ကြီးပိုင်းများအထိ **Facebook** , **Viber** , **E-mail, Gmail** တို့ကို ကောင်းစွာ အသုံးချနေကြပြီဖြစ်ပါသည်။ ပညာရှင်တို့၏ ခန့်မှန်းတွက်ချက်မှုအရ မြန်မာနိုင်ငံတွင် **Facebook** သုံးစွဲသူ ခြောက်သန်းရှိပြီး အင်တာနက်သုံးစွဲသူဦးရေ ၁၁ သန်းရှိကြောင်း သိရပါသည်။

ယခုအခါ ပုံနှိပ်မီဒီယာများဖြစ်သည့် သတင်းစာများက ယင်းတို့၏ သတင်းစာ **trademark** ကို ပိုမိုလူသိများအောင်မြင်စေရန် အချိန်နှင့်တစ်ပြေးညီ အွန်လိုင်းမှတစ်ဆင့် သတင်းများကို လွှင့်တင်ပေးလျက်ရှိပါသည်။ **Facebook** စာမျက်နှာများတွင် သတင်းအချက်အလက်နှင့် အဖြစ်အပျက်များစွာတို့ကို လေ့လာဖတ်ရှုခွင့် ရရှိနေကြပြီဖြစ်ပါသည်။ အွန်လိုင်းမီဒီယာသည် အရှိန်အဟုန်အားကောင်းကောင်းနှင့် တိုးတက်လာနေပြီ ဖြစ်ပါသည်။ ဤသည်မှာ မြန်မာနိုင်ငံ၏ အီလက်ထရွန်နစ် သတင်းစာလုပ်ငန်းများ တိုးတက်လာခြင်း၏ အစဟုလည်း ဆိုနိုင်ပါသည်။

တစ်ချိန်က လူနည်းစုသာ အသုံးပြုနိုင်သော လက်ကိုင်ဖုန်းများကို ယခုအခါ လမ်းဘေး၌ အလွယ်တကူ ဝယ်ယူနိုင်ပြီဖြစ်ပါသည်။ အင်တာနက်ပါ ဆင်းကတ်များ အလွယ်တကူရနေပြီဖြစ်ပါသည်။ ယင်း၏အကျိုးဆက်အဖြစ် အွန်လိုင်းမီဒီယာသည်လည်း တိုးတက်နေပြီဖြစ်ပါသည်။ သတင်းသိခွင့်များပိုမိုမြန်ဆန်လာပြီး လူတိုင်းလူတိုင်း အွန်လိုင်းမီဒီယာ တိုးတက်လာမှုနှင့်အတူ ဗဟုသုတများ တိုးပွားလာတော့မည်ဖြစ်ပါကြောင်း။ ။


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

**Myanma Alinn Daily**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်း | - | ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော် |
| သတင်းထောက်မှူး | - | မြင့်ဆွေ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |
| ကြော်ငြာ | - | ၀၁-၅၄၅၈၃၄ ၊ ၀၁- ၅၅၉၁၁၈<br>Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈ |
| ဖြန့်ချိ | - | ၀၁-၅၄၄၃၁၇၊ Fax- ၀၁-၈၆၀၄၅၄၆ |


# အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာမူဝါဒနှင့် မဟာဗျူဟာမူဘောင်ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၃**



ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီစဉ် (UNDP) တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာ မူဘောင်ဖွံ့ဖြိုးတိုးတက်ရေး အကြံပြုဆွေးနွေးခြင်း အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက်က နေပြည်တော်ရှိ အမရဟိုတယ်၌ ကျင်းပရာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သက်သက်ဇင် တက်ရောက်သည်။

ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမောင်သိန်းက မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင် စီမံအုပ်ချုပ်မှုအပေါ် ခြုံငုံသုံးသပ်ချက်ကို လည်းကောင်း၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) မှ Mr.Carlos Linares, International Consultant for the development of NEP က အမျိုးသား ပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒနှင့် မဟာဗျူဟာ မူဘောင် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ထားရှိမှုများကို လည်းကောင်း၊ အဖွဲ့အစည်းအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သက်ဆိုင်သော မူဝါဒ၊ စံသတ်မှတ်မှုများနှင့် ဖွဲ့စည်းမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်မှု အခြေအနေများကို လည်းကောင်း ဆွေးနွေးတင်ပြသည်။

ထို့နောက် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်အတွက် ဆက်လက်ဆောင်ရွက်ရန်ကိစ္စများကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP ) နှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များပါဝင်သော အုပ်စုငယ်များခွဲကာ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မန္တလေးတက္ကသိုလ် အာဆီယံစီးပွားရေးကျွမ်းကျင်မှုသင်တန်းဆင်း

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးတက္ကသိုလ်နှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ပူးပေါင်း၍ မန္တလေးတက္ကသိုလ်၌ ဖွင့်လှစ်သော အာဆီယံစီးပွားရေးပညာရပ် ကျွမ်းကျင်မှုလက်မှတ်ရ (Certificate in ASEAN Economic Studies -CAES) အချိန်ပိုင်း သင်တန်းအမှတ်စဉ် (၁)၊ (၂)၊ (၃) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၁ ရက် မွန်းလွဲပိုင်းက မန္တလေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သင်တန်းဆင်းပွဲတွင် မန္တလေးတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာသီတာဝင်းက အမှာစကားပြောကြားရာတွင် "အာဆီယံပူးပေါင်းဆောင်ရွက်ရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ မြန်မာနိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုများကို သိရှိစေရန်သာမက ၂၀၁၅ ခုနှစ်တွင် ရောက်ရှိနေသည့် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community) နှင့် အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုနယ်မြေ (ASEAN Free Trade Area) မြေအတွက် မြန်မာနိုင်ငံသားများနှင့် ကုန်သည်စီးပွားရေးလုပ်ငန်းရှင်များအတွက် အကျိုးအမြတ်များဖော်ထုတ်နိုင်ရန်၊ ပြည်ပစီးပွားရေးလုပ်ငန်းရှင်များ၏ ယှဉ်ပြိုင်စိန်ခေါ်မှုများကို ကြိုတင်ပြင်ဆင်မှုများပြုလုပ်နိုင်ရန်အတွက်ရည်ရွယ်ပြီး မန္တလေးတက္ကသိုလ်နှင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ပြီး မန္တလေး တက္ကသိုလ် စီးပွားရေးပညာဌာနမှ ပေးအပ်ချီးမြှင့်သော အာဆီယံ စီးပွားရေးပညာရပ် ကျွမ်းကျင်မှုလက်မှတ်ရ (Certificate in ASEAN Economic Studies ) သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း" ပြောကြားသည်။

ထို့နောက် မန္တလေးတက္ကသိုလ် တာဝန်ခံက အာဆီယံ စီးပွားရေးပညာရပ် ကျွမ်းကျင်မှု လက်မှတ်ရ (Certificate in ASEAN Economic Studies ) သင်တန်း အမှတ်စဉ် (၁)၊(၂)၊(၃) သင်တန်းဆင်းလက်မှတ်များကို သင်တန်းသား သင်တန်းသူတစ်ဦးချင်းစီတို့ကို ပေးအပ်ချီးမြှင့်ခဲ့ ကြောင်း သိရသည်။

**(၀၂၁)**

# ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်စာစောင်များ လှူဒါန်း

**ကလေး အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ စာအုပ်လှူဒါန်းပွဲကို အောက်တိုဘာ ၉ ရက်က ကျင်းပသည်။ စာအုပ်လှူဒါန်းပွဲတွင် ကလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ သန်းဝင်းက စာအုပ်အလှူရှင်များကိုယ်စား စာအုပ် စာစောင်မျိုးစုံ ၂၀၅ အုပ်ကို ပေးအပ်လှူဒါန်းရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး ဦးအောင်ငွေက လက်ခံယူကြောင်း သိရသည်။

**သန်းထိုက်အောင်(ကလေး)**



# သန်းခေါင်စာရင်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**ပဲခူး အောက်တိုဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်း အလုပ်ရုံဆွေးနွေးပွဲသင်တန်းကို ပဲခူးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်တိုင်ကျင်းပခဲ့ပြီး အဆိုပါသင်တန်းကို သင်တန်းသား ၇၂ ဦးတက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်စင်(ပဲခူး)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၃-၁၀-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | | |
|---|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် | ၇၀၀/၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် | ၆၄၀/၆၅၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် | ၆၉၀/၇၀၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် | ၇၉၀/၈၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် | ၆၈၀/၆၉၀ |

**သားငါးနှင့် ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | |
|---|---|---|
| ၁။ ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ ငါးမြစ်ချင်း | တစ်ပိဿာ | ၄၀၀၀-၄၅၀၀ |
| ၃။ ငါးရံ့ | တစ်ပိဿာ | ၆၅၀၀-၇၅၀၀ |
| ၄။ ငါးဖယ် | တစ်ပိဿာ | ၆၅၀၀-၁၂၀၀၀ |
| ၅။ ပုစွန် (ကျော့) | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |
| ၆။ ပုစွန်တုပ် | တစ်ပိဿာ | ၁၀၀၀၀-၂၇၀၀၀ |
| ၇။ ငါးသလောက် | တစ်ပိဿာ | ၇၅၀၀-၁၂၀၀၀ |
| ၈။ ကြက် | တစ်ပိဿာ | ၅၀၀၀-၁၂၀၀၀ |
| ၉။ ဝက် | တစ်ပိဿာ | ၅၀၀၀-၉၀၀၀ |
| ၁၀။ အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၇၀၀၀ |
| ၁၂။ ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၂၈၅ |
| ဥရောပ | တစ်ယူရို | ၁၄၄၇.၇ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၉၈.၂၄ |
| ထိုင်း | တစ်ဘတ် | ၃၅.၂၆၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၉.၆၀၁ |
| တရုတ် | တစ်ယွမ် | ၂၀၂.၃၃ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၀.၄၉ |

ခင်ရတနာ-စုစည်းသည်။

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကာဇက်စတန်၊ ဂါနာနှင့် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးတို့ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၃**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ကာဇက်စတန်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ မာရတ်ယက်ဆင်ဘာယပ်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဘင်ဂျမင် ကလီးမန့်(တ်) အက်ဟန်သည် ယနေ့နံနက် ၁၁ နာရီတွင်လည်းကောင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ပေါလ်အာဆီဂါသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် လည်းကောင်း နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် သံတမန်ရေးရာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး မစ္စတာ ပေါလ်အာဆီဂါအား လက်ခံတွေ့ဆုံစဉ်။**
(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အဖွဲ့ ကာဇက်စတန် သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာမာရတ်ယက်ဆင်ဘာယပ်နှင့် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**
(သတင်းစဉ်)

## မြန်မာနိုင်ငံရှိ ရေဘေးသင့်ပြည်သူများအတွက် ရုရှားက လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးမည်

**ဂျေတီ**

ရုရှား အရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနက ယခုနှစ် ဇူလိုင်နှင့် ဩဂုတ်လအတွင်း မြန်မာနိုင်ငံ၌ အကြီးအကျယ်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သည့် ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသော မြန်မာပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးမည်ဟု ရုရှားအရေးပေါ်ကယ်ဆယ်ရေးဝန်ကြီးဌာနကပြောကြောင်း ရုရှားနိုင်ငံပိုင် Sputnik သတင်းအေဂျင်စီက အောက်တိုဘာ ၁၂ ရက်တွင် ဖော်ပြသည်။

ရုရှားအရေးပေါ် ကယ်ဆယ်ရေးဝန်ကြီးဌာနသည် တန်ချိန် ၄၀ ခန့်ရှိ စားသောက်ကုန်များ၊ စောင်များ၊ ရွက်ဖျင်တဲများနှင့် ရေထဲပေါလောပေါ်နိုင်သည့် ကော်လှေများ အစရှိသည့် လူသားချင်းစာနာမှုဆိုင်ရာ ထောက်ပံ့ရေးပစ္စည်းများကို လေယာဉ်ဖြင့် မြန်မာနိုင်ငံ မန္တလေးမြို့သို့ ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ ရေဘေးသင့်ပြည်သူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများပေးပို့ရာတွင် ရုရှားအစိုးရ၏ အစီအစဉ်အတိုင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၂ ရက် ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

မုတ်သုံမိုးကြောင့်ဖြစ်ပေါ်သည့် ရေကြီးရေလျှံမှုများ ဇူလိုင်လက မြန်မာနိုင်ငံ အနောက်မြောက်ဘက်ဒေသများတွင် ဖြစ်ပွားခဲ့ရာ ပြည်သူ ၇၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ပွားသည့်အပြင် စီးပွားရေးအရ ဆုံးရှုံးမှုများစွာနှင့် ရင်ဆိုင်ခဲ့ရကြောင်း၊ အဆိုပါဖြစ်ရပ်များတွင် စစ်ကိုင်းတိုင်းဒေသကြီးရှိ မြို့နယ်ပေါင်း ၁၁ မြို့နယ်မှ ဒေသခံပြည်သူကိုးဦး သေဆုံးခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်က ဆက်လက်ဖော်ပြထားသည်။

## တိုင်းရင်းသားမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၃**

တိုင်းရင်းသားမီဒီယာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားဒေသများတွင် လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုအနုပညာများ မြှင့်တင်နိုင်ရေးအတွက် မူဘောင်တစ်ရပ် ထွက်ပေါ်လာရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်က ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားမီဒီယာများ တွေ့ဆုံပွဲတွင် ပြောကြားသည်။

တွေ့ဆုံပွဲတွင် တက်ရောက်လာကြသော မဇ္ဈိမမီဒီယာ၊ နိုင်ငံတကာမြန်မာ့သတင်း (BNI)၊ တနင်္သာရီအပတ်စဉ်၊ သံလွင်တိုင်းမ်ဂျာနယ်၊ Kantarawaddy Times ၊ မားနင်္ဂါးသတင်းဂျာနယ်၊ ပဲခူးအသံဂျာနယ်၊ ဖွံ့ဖြိုးတိုးတက်ရေးဂျာနယ်နှင့် ကမ္ဘောဇတိုင်းဂျာနယ်တို့မှ အယ်ဒီတာချုပ်များနှင့် တာဝန်ခံအယ်ဒီတာများက မီဒီယာလုပ်ငန်းများဆောင်ရွက်နေမှု၊ မျှော်မှန်းချက်နှင့် စိန်ခေါ်မှုများအပြင် တိုင်းရင်းသားမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဘောင်တစ်ရပ် ထွက်ပေါ်လာရေး အကြံပြုဆွေးနွေးကြသည်။

တိုင်းရင်းသားမီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားဘာသာနှင့် ထုတ်ဝေသည့် သတင်းစာ၊ ဂျာနယ်များဖွံ့ဖြိုးတိုးတက်လာစေရန် ဘဏ္ဍာရေးအရ အကူအညီပေးရေး၊ သတင်းအချက်အလက်ဖလှယ်ရေးတို့ကို ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် အခြေခံမူများ၊ စံနှုန်းများ သတ်မှတ်နိုင်ရန်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# ပါလီမန်အတိုက်အခံခေါင်းဆောင် ဖမ်းဆီးခံရပြီးနောက် ကိုဆိုဗိုတွင် ပဋိပက္ခများမြင့်တက်

**ပရစ်စတီနာ အောက်တိုဘာ ၁၃**

ပါလီမန်အဖွဲ့ဝင် အတိုက်အခံအမတ်တစ်ဦးကို ရဲများကဖမ်းဆီးခဲ့ပြီးနောက် ကိုဆိုဗိုမြို့တော် ပရစ်စတီနာတွင် ဆန္ဒပြသူများနှင့်ရဲများအကြား ပဋိပက္ခများ အောက်တိုဘာ ၁၂ ရက်က ပြန်လည်ဖြစ်ပွားခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြခဲ့သည်။

လွန်ခဲ့သောရက်သတ္တပတ်က ပါလီမန်တွင် အတိုက်အခံများက မျက်ရည်ယိုဓာတ်ငွေ့များကို မျက်နှာစုံညီအစည်းအဝေးကို နှောင့်ယှက်ဟန့်တားရန် အသုံးပြုခဲ့သည့် ဖြစ်ရပ်နှင့်ပတ်သက်ပြီး အင်အားကြီး အတိုက်အခံပါတီ ဗက်တ်ဗန်ဒိုစ်ဂျီပါတီမှ ပါလီမန်အဖွဲ့ဝင် အယ်လ်ဘင်ကာဒ့်တ်တီကို အောက်တိုဘာ ၁၂ ရက် ညနေက ဖမ်းဆီးခဲ့သည်။

ရဲများက မစ္စတာကာ့ဒ်တ်တီကို အောက်တိုဘာ ၁၂ ရက်က ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ရဲစခန်းသို့ စစ်ဆေးမှုများပြုလုပ်ရန် ပို့ဆောင်ပေးခဲ့ကြောင်း ကိုဆိုဗိုရဲဘက်ဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ ဘာကီကလာနီက ပြောခဲ့သည်။

ဆန့်ကျင်ဆန္ဒပြသူများက ရဲစခန်းဌာနချုပ်ကို ကျောက်တုံးများဖြင့် ပစ်ပေါက်ခဲ့ရာ ရဲစခန်းမှာ ထိခိုက်ပျက်စီးသွားကြောင်း၊ ထို့အပြင် ကားနှစ်စီးကိုလည်း မီးရှို့ခဲ့ကြောင်း သိရသည်။

ဆန္ဒပြသူများသည် ပရစ်စတီနာမြို့လယ်တွင်စုဝေးပြီး ဖမ်းဆီးခံထားရသော ကာ့ဒ်စ်တီကို ချက်ချင်းလွှတ်ပေးရန် တောင်းဆိုဆန္ဒပြကြသည်။ ထိုအရေးကိစ္စနှင့်ပတ်သက်ပြီး အတိုက်အခံပါတီသုံးခုဖြစ်သော ဗက်တ်ဗန်ဒိုစ်ဂျီ၊ အေအေကေနှင့် နစ်မာမှခေါင်းဆောင်များ ခေါင်းချင်းတိုက်ဆွေးနွေးတိုင်ပင်လျက်ရှိသည်။

နောက်ဆုံးတွင် ကာ့ဒ်စ်တီကို ရဲများက လွှတ်ပေးခဲ့ရသည်။ ၎င်းက ဆန္ဒပြသူများနှင့်ပေါင်းစည်းခဲ့ကြောင်း သိရသည်။ ရဲအရာရှိခြောက်ဦး အဆိုပါပဋိပက္ခတွင် ဒဏ်ရာရရှိခဲ့ကြပြီး အခြားတပ်ဖွဲ့ဝင်ကိုးဦးမှာလည်း အရေးပေါ်ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

**(ဆင်ဟွာ)**

## ကန်နှင့်ရုရှား ဆီးရီးယားအရေး စစ်အေးတိုက်ပွဲအသွင် ကစားနေကြောင်း

# တရုတ်ထိပ်တန်း သတင်းစာတစ်စောင်ကဖော်ပြ



**ပေကျင်း အောက်တိုဘာ ၁၃**

အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့သည် ဆီးရီးယားတွင် စစ်ဘက်ဆိုင်ရာ ဆောင်ရွက်ချက်များကို လုပ်ဆောင်လာခြင်းအားဖြင့် ၎င်းတို့နှစ်နိုင်ငံသည် ဆီးရီးယားတွင် စစ်အေးတိုက်ပွဲကို ပြန်လည်စတင်ကစားနေခြင်းဖြစ်နိုင်ကြောင်း တရုတ်ထိပ်တန်းသတင်းစာ တစ်စောင်က အောက်တိုဘာ ၁၃ ရက်တွင် သုံးသပ်ဖော်ပြခဲ့သည်။ ထိုသို့စစ်အေးတိုက်ပွဲပုံစံဖြစ်အောင် ဆီးရီးယားမြေပေါ်တွင် ပြုလုပ်နေခြင်းမှာ ခေတ်ရေစီးကြောင်းပြေ လုပ်ဆောင်ချက်မဟုတ်ဘဲ အတိတ်၏ ပုံရိပ်အသွင် ဆောင်နေကြောင်း ၎င်းတို့နှစ်နိုင်ငံသည် ဆီးရီးယားတွင် ထိုသို့ပြုလုပ်ရမည့်အစား ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဖန်တီးဖော်ဆောင်မှုပေးရမည်ဖြစ်ကြောင်း ယင်းသတင်းစာက ဖော်ပြခဲ့သည်။

အဆိုပါသတင်းစာသည် တရုတ်ပြည်သူ့နေ့စဉ်သတင်းစာဖြစ်ပြီး နိုင်ငံပိုင်သတင်းစာဖြစ်ကြောင်း သိရသည်။

စစ်အေးတိုက်ပွဲတွင် အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့သည် သံတမန်ရေး၊ စီးပွားရေး၊ စစ်ရေးစသည့်လုပ်ဆောင်ချက်မျိုးစုံကိုအသုံးပြုခဲ့ပြီး ၎င်းတို့၏ လွှမ်းမိုးမှုများရရှိရေး အပြိုင်ကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ သို့သော် ယခုအခါ အဆိုပါအမြင်မျိုးကို အတိတ်တွင် ချန်ရစ်ထားခဲ့သင့်ကြောင်း တရုတ်ပြည်သူ့ နေ့စဉ်သတင်းစာ၏ သုံးသပ်ချက်တွင် ဖော်ပြရေးသားခဲ့သည်။

ထို့အပြင် ယခု ၂၁ ရာစုခေတ်တွင် လူများက နိုင်ငံရေး စားပွဲဝိုင်းတွင် ပေါင်းစုအဖြေရှာရမည်ဖြစ်ကြောင်း ယင်းသတင်းစာက ထပ်မံဖော်ပြခဲ့သည်။

တရုတ်သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီဝင်ရုရှားကို ဆီးရီးယားအရေး ထောက်ခံမှုပြုခဲ့သော်လည်း ဆီးရီးယား၏ ပြည်တွင်းရေးတွင် ရုရှားက ဝင်ရောက်စွက်ဖက်မည်ကို စိုးရိမ်မကင်းဖြစ်နေကာ နိုင်ငံရေးအရ အဖြေရှာရန် ထပ်ကာထပ်ကာ တိုက်တွန်းခဲ့သည်။

ရုရှားသည် လွန်ခဲ့သောလက ဆီးရီးယားတွင် ထိုးစစ်ဖွင့်လှစ်ရန် စတင်ခဲ့ခြင်းမှာ ရုရှားနိုင်ငံအနေဖြင့် ဆီးရီးယား၏ ပြည်တွင်းစစ်တွင် အင်အားကြီးမားစွာ ပါဝင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့သို့ပြုလုပ်ခြင်းကို အနောက်နိုင်ငံများက ဝေဖန်မှုများရှိကြောင်း၊ အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရန်ရည်ရွယ်ခြင်းထက် ဆီးရီးယားသမ္မတ ဘတ်ရှာ အယ်လ်အာဆတ်ကို အကူအညီပေးနေခြင်းဖြစ်ကြောင်း ဖော်ပြခဲ့သည်။

အမေရိကန်ပြည်ထောင်စုနှင့် ၎င်း၏မဟာမိတ်တပ်များသည် အိုင်အက်စ်စစ်သွေးကြွများကို နှိမ်နင်းရန် ဆီးရီးယားတွင် လေကြောင်းတိုက်ခိုက်မှုများကို ဆောင်ရွက်လျက်ရှိပြီး အာဆတ်ကို တိုက်ခိုက်ရန်အတွက် အတိုက်အခံခေါင်းဆောင်များကို ပံ့ပိုးကူညီပေးလျက်ရှိသည်။

ဆီးရီးယားတွင် စစ်ပွဲဖြစ်ပေါ်အောင် နိုင်ငံရေး၊ စစ်ရေးအားပြိုင်မှုများမလုပ်ဘဲ ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်သင့်ကြောင်း ၎င်းသတင်းစာက သုံးသပ်ဖော်ပြခဲ့သည်။

**(ရိုက်တာ)**




## ဆီးရီးယားသူပုန်များကို ကန် စစ်လက်နက်များ လေထီးဖြင့်ချပေး

**ဝါရှင်တန် အောက်တိုဘာ ၁၃**

အမေရိကန်ဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များသည် ဆီးရီးယားတွင် အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်ရန် လက်နက်ကိုင်တပ်ဖွဲ့များကို လေထီးဖြင့် လက်နက်များချပေးခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အထောက်အပံ့ပစ္စည်းများ လေထီးဖြင့်ချပေးခြင်းကို အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက အောက်တိုဘာ ၁၂ ရက်က အတည်ပြုခဲ့ပြီး ထောက်ပံ့ပစ္စည်းများကို မည်သူမည်ဝါရရှိခဲ့ကြောင်း အတိအကျဖော်ထုတ်ပြောဆိုခြင်းမရှိခဲ့ကြောင်း သိရသည်။

ထောက်ပံ့ပစ္စည်းလက်ခံရရှိသူများမှာ ဆီးရီးယားနိုင်ငံမြောက်ပိုင်းရှိ အိုင်အက်စ်စစ်သွေးကြွများကို တိုက်ခိုက်နေသော ကာ့ဒ်တပ်ဖွဲ့ဝင်များနှင့် မဟာမိတ်ဖြစ်သော သူပုန်တပ်ဖွဲ့များဖြစ်ကြောင်း ရိုက်တာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

အမေရိကန်သည် အိုင်အက်စ်စစ်သွေးကြွများ ထိန်းချုပ်ထားသော ဆီးရီးယားမြို့များတွင် လေကြောင်းတိုက်ခိုက်မှုများကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အမေရိကန်သည် အိုင်အက်စ်တိုက်ခိုက်ရေးအဖွဲ့များကို အစပထမက ဆီးရီးယားနိုင်ငံအနီးရှိ အိမ်နီးချင်းနိုင်ငံများတွင် သင်တန်းပေးရန် ရည်ရွယ်ထားသော်လည်း တပ်သားသစ်စုဆောင်းရန် အခက်အခဲကြောင့် ထိုတာဝန်ကိုအဆုံးသတ်ခဲ့ပြီး ထိုသို့ပြုလုပ်ပေးမည့်အစား လက်နက်များကို လေကြောင်းမှချထားပေးသည့် အစီအစဉ်ကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်သည်။ **(အင်န်အိတ်ချ်ကေ)**

# တူရကီအသေခံဗုံးပေါက်ကွဲမှု၏ အဓိကသံသယရှိသူမှာ အိုင်အက်စ်အကြမ်းဖက်သမားဖြစ်

**အစ္စတန်ဘူလ် အောက်တိုဘာ ၁၃**

အန်ကာရာတွင် လူ ၉၇ ဦး သေဆုံးခဲ့သည့် အသေခံဗုံးပေါက်ကွဲမှုတွင်အဓိက သံသယဖြစ်ဖွယ်တရားခံမှာ အိုင်အက်စ်စစ်သွေးကြွများဖြစ်ကြောင်း တူရကီအစိုးရက အောက်တိုဘာ ၁၂ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဈာပနအခမ်းအနား၊ တက္ကသိုလ်များနှင့် တရားရုံးများ၌ ဆန့်ကျင်ဘက်အဖွဲ့များက သမ္မတ တေရစ်ပ်အာဒိုဂန်ကို အပြစ်တင်လျက်ရှိကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော ကလေးသုံးယောက်အဖေက ရိုက်တာသို့ ၎င်း၏သားတစ်ယောက်က ဗုံးဖောက်ခွဲသမားတစ်ဦးသည် ကျောပေါ်တွင် အိတ်လွယ်ထားပြီး လက်တွင်လည်း အိတ်တစ်လုံးကိုင်ထားကာ ဗုံးမဖောက်ခွဲခင် ရပ်လိုက်ဟု အော်ပြောခဲ့သည်ကို ကြားခဲ့ရကြောင်း ပြောခဲ့သည်။

တူရကီဝန်ကြီးချုပ် အာမက်တ် ဒါဗူတိုဂလူက တူရကီမြေပေါ်တွင် စနေနေ့က ဖြစ်ပွားခဲ့သော ဤကဲ့သို့ ရက်စက်ယုတ်မာသည့် ဗုံးဖောက်ခွဲတိုက်ခိုက်မှုသည် နိုဝင်ဘာရွေးကောက်ပွဲဆန္ဒမဲပေးမှု၏ အကျိုးရလဒ်ကို လွှမ်းမိုးရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပြောခဲ့သည်။ မဲပေးမှုရွှေ့ဆိုင်းခြင်းနှင့်ပတ်သက်ပြီး မေးခွန်းတစ်စုံတစ်ရာ မရှိခဲ့ကြောင်း အရာရှိများက ပြောကြားခဲ့သည်။

ဗုံးခွဲတိုက်ခိုက်မှုများသည် ကာ့ဒ်ထောက်ခံလှုပ်ရှား တက်ကြွသူများနှင့် အရပ်ဘက်အဖွဲ့အစည်းများကို ဦးတည်ပြီး အန်ကာရာ၏ အဓိကဘူတာရုံတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ဤကဲ့သို့ဖြစ်ရပ်များ ဖြစ်ပွားအောင် တိုက်ခိုက်ပုံမျိုးနှင့်ဆိုလျှင် အဓိကအာရုံစိုက်ရမည့်သူများမှာ အိုင်အက်စ်အကြမ်းဖက်သမားများဖြစ်ကြောင်း တူရကီဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

၎င်းတိုက်ခိုက်မှုမှာ အသေခံဗုံးပေါက်ကွဲခြင်းဟု သတ်မှတ်ရမှာဖြစ်ကြောင်း၊ ဒီအင်န်အေစစ်ဆေးမှုများကို ဆက်လက်ဆောင်ရွက်နေကြောင်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။ ထို့ပြင် အကြမ်းဖက်သမားများ ထိုနေရာသို့ မည်သို့ မည်ပုံရောက်ရှိခဲ့လဲဆိုသည်မှာ စဉ်းစားစရာဖြစ်နေကြောင်း၊ အဖွဲ့တစ်ခုခု သို့မဟုတ် ဗုံးဖောက်ခွဲမှုပြုလုပ်ခဲ့သူ၏ အမည်ကို ဖော်ထုတ်ရန်နီးကပ်လာပြီ ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ **(ရိုက်တာ)**



မြန်မာ့အလင်းသတင်းစာဖတ်ပရိသတ်များ မျက်မှောက်နိုင်ငံတကာရေးရာဖြစ်ရပ်များကို ဖတ်ရှုလေ့လာ ဗဟုသုတရရှိစေရန်အတွက် ဘာသာပြန်စာရေးဆရာများက နိုင်ငံတကာသတင်းများမှ ရှာဖွေစုစည်းပြန်ဆိုသော သတင်းဆောင်းပါးများကို အပတ်စဉ်ဖော်ပြပေးလျက်ရှိပါကြောင်း။ (စာတည်းအဖွဲ့)

# ဥရောပတိုက်အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသည့် ဒုက္ခသည်များအရေး

ထွန်းတောက်



ယနေ့အချိန်၌ ကမ္ဘာပေါ်တွင် မျှော်လင့်ချက်အကင်းမဲ့ဆုံးဘဝအခြေအနေသို့ ကျရောက်နေသည့် စစ်ပြေးဒုက္ခသည်ထောင်ပေါင်းများစွာသည် ဥရောပတိုက်တွင် ခိုလှုံရန်သနားစဖွယ် ကြိုးပမ်းအားထုတ်နေကြသည်ကို တွေ့မြင်နေရသည်။

ထိုဒုက္ခသည်များအနက် ရာခိုင်နှုန်းအများဆုံးမှာ ဆီးရီးယားလူမျိုးများဖြစ်ပြီး အာဖဂန်၊ အီရတ်၊ ဆိုမာလီ၊ ဆူဒန်၊ အီရစ်ထရီးယား စသည့်နိုင်ငံများမှ စစ်ပြေးဒုက္ခသည်များလည်းပါဝင်သည်။

ထိုကဲ့သို့ သိန်းနှင့်ချီသော စစ်ပြေးဒုက္ခသည်များ အလွန်များပြားလာမှုအခြေအနေသည် အရှေ့အလယ်ပိုင်း၌ အတင်းမာဆုံးအခြေအနေ(Breaking Point) သို့ ရောက်ရှိနေသည်ကိုဖော်ပြနေပြီး အထူးသဖြင့် ရက်စက်ကြမ်းကြုတ်သော ဆီးရီးယားနှင့်အီရတ် ပြည်တွင်းစစ်ပွဲများကို လျစ်လျူရှုထား၍မဖြစ်နိုင်တော့ကြောင်း ထောက်ပြနေခြင်းဖြစ်သည်။

ကမ္ဘာ့အင်အားကြီးနိုင်ငံများညွန့်ပေါင်းဖွဲ့၍ ဆီးရီးယားနှင့်အီရတ်တွင် လေကြောင်းထောက်ကူမှုဖြင့်မြေပြင်တပ်ဖွဲ့များစေလွှတ်ကာ အစ္စလာမ့်စစ်သွေးကြွများကို ဟန့်တားထိန်းချုပ်နိုင်ခဲ့လျှင် ယခုကဲ့သို့ စစ်ပြေးဒုက္ခသည်များ အလွန်များပြားလာမည်မဟုတ်နိုင်ကြောင်း နိုင်ငံရေးပညာရှင်များက ဝေဖန်ပြောဆိုသည်။

လေးနှစ်ကျော်ကာလတိုင် ဆက်လက်ဖြစ်ပွားနေသည့် ဆီးရီးယားပြည်တွင်းစစ်၌ လူနှစ်သိန်းကျော်သေဆုံးခဲ့ပြီး လေးသန်းကျော်မှာ အိမ်နီးချင်း တူရကီ၊ လက်ဘနွန်၊ ဂျော်ဒန်နိုင်ငံများတွင် စစ်ပြေးဒုက္ခသည်များအဖြစ် ခိုလှုံလျက်ရှိသည်။

ကမ္ဘာ့အလှူရှင်နိုင်ငံများ၏ ကတိမတည်မှုကြောင့် ကုလသမဂ္ဂအဖွဲ့သည် ဒုက္ခသည်များကို အပြည့်အဝမကူညီနိုင်တော့သည့်အတွက် ဒုက္ခသည်အများစုသည် မြေထဲပင်လယ်ကိုဖြတ်သန်းကာ ဥရောပတိုက်ဆီသို့ စွန့်စားထွက်ခွာလာလျက်ရှိကြသည်။

ဥရောပနိုင်ငံများသည် စစ်ပြေးဒုက္ခသည်များနှင့်ပတ်သက်၍ မူဝါဒများချမှတ်ထားမှု မရှိသလောက်ပင်နည်းပါးသည်။ သတင်းမီဒီယာများတွင် ဖော်ပြသည့်သတင်းများကိုကြည့်ကာ ဥရောပခေါင်းဆောင်များသည် မူဝါဒအမျိုးမျိုးချမှတ်လာသည်ဟု နိုင်ငံရေးပညာရှင်တို့က ဝေဖန်သည်။ တူရကီကမ်းခြေတွင် အသက်သုံးနှစ်အရွယ် ဆီးရီးယားဒုက္ခသည်လေး အေလန်ကာဒီ သေဆုံးနေသည့်ပုံကို လူမှုရေးဝက်ဘ်ဆိုက်များပေါ်တွင် တွေ့ရှိရသောအခါ ဥရောပခေါင်းဆောင်များသည် လူသားချင်းစာနာသော အသိစိတ်များနိုးကြားလာကာ၊ ဒုက္ခသည်များကို ရှင်ဂျန် (Schemgem) သဘောတူညီချက်နှင့်အညီ ပြည်ဝင်ခွင့်ဗီဇာပြုလုပ်စရာမလိုဘဲ ၎င်းတို့နိုင်ငံများအတွင်းသို့ ဝင်ရောက်ခွင့်ပြုခဲ့ကြသည်။

ဂျာမနီနှင့်ဩစတြီးယားကဲ့သို့ ချမ်းသာသောနိုင်ငံများက ဒုက္ခသည်ထောင်ပေါင်းများစွာကို ဝင်ရောက်ခွင့်ပေးခဲ့သည်။ ဂျာမနီသည် နာဇီစစ်ဝါဒီတို့၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် ကမ္ဘာ့ပြည်သူတွေ ဒုက္ခပင်လယ်ဝေခဲ့ရမှုကို သမိုင်းသံဝေဂယူကာ နှစ်စဉ်ပင် ဒုက္ခသည် သန်းတစ်ဝက်ကို နိုင်ငံရေးခိုလှုံခွင့်ပေးနေသော နိုင်ငံဖြစ်သည်။ အီးယူအဖွဲ့မှ ပြည်ထဲရေးဝန်ကြီးများသည် ဒုက္ခသည်များ မျှဝေလက်ခံရန်ကိစ္စအတွက် စက်တင်ဘာ ၂၃ ရက်တွင် တွေ့ဆုံဆွေးနွေးခဲ့ပြီး မကြာမီတွင် အီးယူထိပ်သီးအစည်းအဝေးပြုလုပ်မည်ဟု သိရှိရသည်။

**ပါရှန်းပင်လယ်ကွေ့နိုင်ငံများ**

စစ်ပြေးဒုက္ခသည်များအရေးကို လေ့လာနေသူများက ပါရှန်းပင်လယ်ကွေ့အာရပ်နိုင်ငံများ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (GCC )သည် ဆီးရီးယားနှင့်အီရတ်ဒုက္ခသည်များအရေးနှင့်ပတ်သက်၍ ထိထိရောက်ရောက်ကူညီခြင်း၊ နိုင်ငံရေးခိုလှုံခွင့်ပေးခြင်းမရှိဟု ဝေဖန်ပြောဆိုနေကြသည်။

ဆီးရီးယားဒုက္ခသည်များအရေးကိစ္စနှင့် ပတ်သက်လျှင် ပင်လယ်ကွေ့နိုင်ငံများသည် အမေရိကန်ပြည်ထောင်စုထက် ပိုမိုကူညီထောက်ပံ့နေကြသည်ဟု ဝေဖန်သူများလည်းရှိသည်။ ပင်လယ်ကွေ့နိုင်ငံများသည် တူရကီ၊ ဂျော်ဒန်နှင့် လက်ဘနွန်တွင် ခိုလှုံနေကြသော ဆီးရီးယားဒုက္ခသည်များအတွက် ဒေါ်လာသန်းပေါင်းများစွာ ထောက်ပံ့ကူညီပေးသည့်အပြင် ဒုက္ခသည်များကို နိုင်ငံရေးခိုလှုံခွင့်ပေးခဲ့သည်။ လန်ဒန်အခြေစိုက် အာရှတ်အယ်အော်ဆက် သတင်းစာအယ်ဒီတာ အဗ္ဗဒူရာမန်ရာရှတ်က ယူအေအီးနှင့်ကာတာနိုင်ငံတွင် လူဦးရေ၏ ၈၀ ရာခိုင်နှုန်းမှာ ဒုက္ခသည်များဖြစ်သည်။ ဆော်ဒီလူဦးရေ၏ ၄၀ ရာခိုင်နှုန်းနှင့် ဘာရိန်းလူဦးရေ၏ ၃၀ ရာခိုင်နှုန်းမှာလည်း ဆီးရီးယားဒုက္ခသည်များဖြစ်သည်ဟု ပြောဆိုသည်။

ပင်လယ်ကွေ့နိုင်ငံများထက် ဒုက္ခသည်များကို ပိုမိုလက်ခံသော အခြားသောနိုင်ငံမရှိသေးပါဟု သတင်းစာအယ်ဒီတာအယ်အော်ဆက်က သုံးသပ်ပြောဆိုသည်။

ဂျာမနီ၊ ဗြိတိန်နှင့်ဂရိနိုင်ငံတွင် လူဦးရေ၏ ရှစ်ရာခိုင်နှုန်းမျှသာ ဒုက္ခသည်များကို လက်ခံထားသည်ဟု ၎င်းကဝေဖန်ပြောဆိုသည်။

သို့သော် ပင်လယ်ကွေ့နိုင်ငံများသည် စစ်ပြေးဒုက္ခသည်များကို ကူညီစောင့်ရှောက်ရေးသဘောတူညီချက်စာချုပ်တွင် လက်မှတ်ရေးထိုးထားသော နိုင်ငံများမဟုတ်သည့်အတွက် ဒုက္ခသည်များအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုမရှိကြဟု ဝေဖန်မှုများလည်း ထွက်ပေါ်နေသည်။

ဥရောပနိုင်ငံများမှာ စီးပွားရေးကောင်းမွန်သည့်အပြင် စစ်ပြေးဒုက္ခသည်များကို ကူညီစောင့်ရှောက်ရေးသဘောတူညီချက်စာချုပ် အဖွဲ့ဝင်နိုင်ငံများလည်းဖြစ်သည့်အတွက် ဒုက္ခသည်များသည် ဥရောပသို့ ရွှေ့ပြောင်းခိုလှုံလိုကြခြင်းဖြစ်သည်ဟု နိုင်ငံရေးပညာရှင်တို့ကဆိုသည်။

**အမေရိကန်နိုင်ငံနှင့် ဒုက္ခသည်များအရေး**

ရေနစ်သေဆုံးခဲ့သည့် သုံးနှစ်သားအရွယ် ဆီးရီးယားဒုက္ခသည်လေး အေလန်ကာဒီ၏ ရုပ်အလောင်းကို ဝက်ဘ်ဆိုက်ပေါ်တွင် တွေ့ရှိချိန်မှစ၍ ကရုဏာသက်ပြီး စိတ်မကောင်းဖြစ်နေကြသည့် အမေရိကန်လူမှုရေးအသင်းအဖွဲ့များသည် ဆီးရီးယားဒုက္ခသည်များရောက်ရှိလာလျှင် လက်ခံကြိုဆိုနေရာချပေးရန် အသင့်ပြင်ဆင်ထားကြသည်။

အမေရိကန်အလှူရှင်များ အရေးအတွက်လည်း လွန်ခဲ့သည့်သီတင်းပတ်များအတွင်း၌ သိသာစွာမြင့်တက်လာသည်။ အမေရိကန်နိုင်ငံ ကမ္ဘာ့လှူဒါန်းစွန့်ကြဲမှုရန်ပုံငွေအဖွဲ့ (Global Giving)မှ မန်နေဂျာ အယ်လစ်ဆန်ကားမန်းက ၂၀၁၂ ခုနှစ် ဆီးရီးယားအရေးအခင်းစတင်ဖြစ်ပေါ်စဉ်ကပင် ဆီးရီးယားဒုက္ခသည်များကို ၎င်းတို့က စတင်ကူညီနေခဲ့ပြီဖြစ်ကြောင်း ပြောဆိုသည်။

အမေရိကန်ပြည်ထောင်စုသည် ယနေ့အချိန်အထိ ဆီးရီးယားဒုက္ခသည် ၁၅၀၀ ကိုသာ နိုင်ငံရေးခိုလှုံခွင့်ပေးထားပြီး ၂၀၁၆ ခုနှစ် ဘတ်ဂျက်နှစ်တွင် နောက်ထပ်ဒုက္ခသည် ၁၀၀၀၀ ကို ထပ်မံလက်ခံမည်ဟု မကြာမီက သမ္မတအိုဘားမားက ကတိပြုပြောဆိုခဲ့သည်။

နောက်ဆုံးပေါ်ထွက်လာသော ရိုက်တာသတင်းအရ အမေရိကန်အစိုးရသည် ကွန်ဂရက်လွှတ်တော်နှင့်ညှိနှိုင်း၍ ပိုမိုတိုးတက်များပြားလာသော ဒုက္ခသည်များအရေးကိုအဖြေရှာနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ဥရောပတိုက်၌ စစ်ပြေးဒုက္ခသည်များကို အရေအတွက်အများဆုံး ခိုလှုံခွင့်ပေးခဲ့သည့် ဂျာမနီနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး ဖရန့်ဝေါ်တာစတိန်းမီးယားနှင့်အတူ မကြာမီက သတင်းစာရှင်းလင်းပွဲပြုလုပ်၍ နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက နိုင်ငံ၏လုံခြုံရေးကို ထိန်းသိမ်းရမည်ဖြစ်သလို ဒုက္ခသည်များကိုလည်း ပိုမိုလက်ခံနိုင်အောင် နည်းလမ်းရှာမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အမေရိကန်ပြည်ထောင်စုအနေနှင့် ၂၀၁၇ ခုနှစ်တွင် စစ်ပြေးဒုက္ခသည် တစ်သိန်းအထိ တိုးမြှင့်လက်ခံရန် စီစဉ်ထားကြောင်း နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ပြောဆိုသည်။

စက်တင်ဘာ ၂၄ ရက်တွင် ပြုလုပ်မည့် ကုလသမဂ္ဂအထွေထွေညီလာခံ၌ သီးသန့်ဆွေးနွေးပွဲများတွင် ဆီးရီးယားစစ်ပွဲ အဆုံးသတ်ရေးအတွက် နိုင်ငံရေးနည်းလမ်းအရ စေ့စပ်ညှိနှိုင်းအဖြေရှာမှုများကို ပြုလုပ်မည်ဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်၊ အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက်ဂျာဗက်ဇာရစ်တို့နှင့်လည်း ဆွေးနွေးမည်ဖြစ်ကြောင်း ဂျွန်ကယ်ရီက ပြောဆိုသည်။

**အမေရိကန် စစ်တမ်းကောက်ယူချက်**

စက်တင်ဘာ ၁၆ ရက်၌ ရိုက်တာသတင်းဌာန၏ စစ်တမ်းကောက်ယူချက်အရ ဒုက္ခသည်များကို ခိုလှုံခွင့်ပေးလိုသော အမေရိကန်ပြည်သူအရေအတွက်မှာ အလွန်နည်းပါးလှသည်။ သို့သော် ပြည်သူအချို့က ရက်စက်ကြမ်းကြုတ်သော စစ်ပွဲများမှ ထွက်ပြေးလာသူများကို ပိုမိုကူညီသင့်သည်ဟု ဝေဖန်ပြောဆိုသည်။

ယနေ့အချိန်၌ ဥရောပနိုင်ငံများသည် ဆီးရီးယားဒုက္ခသည်များကို မျှဝေလက်ခံရန် ကြိုးပမ်းနေချိန်တွင် အလားတူပင် အမေရိကန်ပြည်ထောင်စုသည် ဒုက္ခသည်များကို အချိုးညီညီမျှဝေလက်ခံသင့်သည်ဟု ဝေဖန်သူများလည်းရှိသည်။

ရိုက်တာသတင်းဌာန၏ စစ်တမ်းကောက်ယူချက်အရ ပြည်သူ ၃၅ ရာခိုင်နှုန်းက ဒုက္ခသည် ၁၀၀၀၀ ကို လက်ခံရန်မှာ အလွန်များပြားသည်၊ ၂၃ ရာခိုင်နှုန်းက ယင်းအရေအတွက်မှာ သင့်တင့်သည်၊ ပြည်သူ ၂၀ ရာခိုင်နှုန်းက ဒုက္ခသည် ၁၀၀၀၀ ထက် ပိုမိုလက်ခံသင့်သည်ဟု အသီးသီးအကြံပြုကြသည်။

ဒုက္ခသည်များအရေး တက်ကြွလှုပ်ရှားသူများက အမေရိကန်သည် စစ်ပွဲများ၏ အကျိုးဆက်လူမှုဒုက္ခများကို ထိရောက်စွာဖြေရှင်းပေးနိုင်ခြင်းမရှိဟု ဝေဖန်သည်။ သဘောထားတင်းမာသော ရီပတ်ဘလစ်ကန်နိုင်ငံရေးသမားများက စစ်ပြေးဒုက္ခသည်များနှင့်အတူ အကြမ်းဖက်သမားများ လျှို့ဝှက်ဝင်ရောက်လာနိုင်မှုကို စိုးရိမ်ကြောက်လန့်နေကြသည်။

အမေရိကန်ပြည်သူ ၅၆ ရာခိုင်နှုန်းသည် ရေနစ်သေဆုံးခဲ့သည့် ဒုက္ခသည်လေး အေလန်ကာဒီ၏ ရုပ်ပုံကိုတွေ့မြင်ပြီးချိန်မှစတင်ကာ ဆီးရီးယားဒုက္ခသည်များကို ကူညီရန်ဆန္ဒပြင်းပြနေကြသည်။

ယနေ့အချိန်၌ ဂျာမနီနှင့် ဩစတြီးယားနိုင်ငံတို့သည် နောက်ထပ်ဝင်ရောက်လာသည့် ဒုက္ခသည်များကို လက်မခံတော့ဘဲ နယ်စပ်ထိန်းချုပ်ပိတ်ဆို့မှုများ ပြန်လည်ပြုလုပ်လာကြသည်။

ပိုလန်၊ ချက်၊ ဆားဗီးယား၊ ခရိုအေးရှား၊ ဒိန်းမတ်၊ ဟန်ဂေရီ စသည့်နိုင်ငံများသည် ဒုက္ခသည်များကို လက်မခံလိုကြပေ။ ဆွီဒင်၊ ဗြိတိန်၊ ပြင်သစ်နိုင်ငံတို့က ဒုက္ခသည်များကို အရေအတွက်ကန့်သတ်ချက်ဖြင့် လက်ခံရန်ဆန္ဒရှိကြသည်။

ယနေ့အချိန်အထိ ဂျာမနီနိုင်ငံက ဒုက္ခသည် တစ်သိန်းကျော်နှင့် ဆွီဒင်နိုင်ငံက ဒုက္ခသည်ငါးသောင်းကျော်ကို အသီးသီးလက်ခံထားသည်။ ဝန်ထုပ်ဝန်ပိုးအလွန်ကြီးမားသည့် ဆီးရီးယားဒုက္ခသည် ၁ ဒသမ ၉ သန်းကျော်ကို တူရကီကလက်ခံထားရပြီး လက်ဘနွန်နှင့် ဂျော်ဒန်နိုင်ငံတို့က ဒုက္ခသည် ၁ ဒသမ ၁ သန်းကျော်စီကို လက်ခံထားရသည်။

အမေရိကန်ပြည်ထောင်စုသည် ၂၀၁၃ ခုနှစ်၌ ကမ္ဘာတစ်ဝန်းမှ ရောက်လာကြသည့် ဒုက္ခသည် ၇၀၀၀၀ ကျော်ကို နိုင်ငံရေးခိုလှုံခွင့်ပေးခဲ့သည်။ စက်တင်ဘာ ၂၃ ရက်တွင် ပြုလုပ်ခဲ့သည့် အီးယူပြည်ထဲရေးဝန်ကြီးများအရေးပေါ်အစည်းအဝေး၌ ဒုက္ခသည် ၁၂၀၀၀၀ ကို မျှဝေလက်ခံရန် ဆုံးဖြတ်ချက်ချခဲ့သည်။

**ဂျာမနီသည် နာဇီစစ်ဝါဒီတို့၏ ရက်စက်ကြမ်းကြုတ်မှုကြောင့် ကမ္ဘာ့ပြည်သူတွေ ဒုက္ခပင်လယ်ဝေခဲ့ရမှုကို သမိုင်းသံဝေဂယူကာ နှစ်စဉ်ပင် ဒုက္ခသည် သန်းတစ်ဝက်ကို နိုင်ငံရေးခိုလှုံခွင့်ပေးနေသော နိုင်ငံဖြစ်သည်**

# ရေရှည်ပြန်လည်ထူထောင်ရေး စီမံကိန်းရေးဆွဲမှုများကို အဟန့်အတားမဖြစ်စေရန် အချိန်နှင့်အမျှကြိုးပမ်းလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**

အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားနှင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC -2) ၌ ကျင်းပရာ အမျိုးသားသဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု ဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း တက်ရောက်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ JICA၊ သဘာဝဘေး လျော့ပါးရေးအဖွဲ့ (DDR)၊ကုလသမဂ္ဂနှင့် ဥရောပသမဂ္ဂ အဖွဲ့အစည်းများ၊ ကမ္ဘာ့ဘဏ်နှင့် နိုင်ငံတကာ အဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ လွန်ခဲ့သော ဇူလိုင်၊ ဩဂုတ်လ ကတည်းက ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများကြောင့် ပျက်စီးဆုံးရှုံးမှုဒဏ်ကိုခံခဲ့ရသော မြန်မာနိုင်ငံ အနှံ့အပြားရှိ ရေဘေးသင့်ဒေသများတွင် ကယ်ဆယ်ရေး အရေးပေါ် ထောက်ပံ့ရေးလုပ်ငန်းများကို နိုင်ငံ့ဝန်ထမ်းများ၊ တပ်မတော်သားများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် လူသားချင်းစာနာပံ့ပိုးသည့် အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းလုပ်ငယ်များက သက်စွန့်ဆံဖျားကြိုးပမ်းဆောင်ရွက်ခဲ့ကြပါကြောင်း။

ယခုလို ပရဟိတစိတ်ဓာတ် အပြည့်အဝနှင့် အနစ်နာခံကြိုးပမ်းခဲ့သူများနှင့် ရေဘေးသင့်ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် အသက်ဆုံးရှုံးမှုများကို နည်းနိုင်သမျှ နည်းစေရန် ကာကွယ်ပေးနိုင်ခဲ့ပြီး စီးပွားရေးထိခိုက်မှု အကျိုးဆက်များကိုလည်း နည်းပါးအောင် ကြိုတင်ပြင်ဆင်ပေးနိုင်ခြင်းဖြင့် ကနဦးစိန်ခေါ်မှုများကို အောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ပါကြောင်း၊ ယခုကဲ့သို့ ရပ်ရွာအများစုတွင် ကိုယ်ထူကိုယ်ထ စွမ်းဆောင်နိုင်မှုများကို ကြည့်ခြင်းအားဖြင့် "ဘေးအန္တရာယ်အသိကြွယ်၊ ဘဝများစွာ ကာကွယ်မယ်" ဟူသည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်လျှော့ချရေးနေ့ ဆောင်ပုဒ်အတိုင်း မိရိုးဖလာတိုင်းရင်းသားဓလေ့ထုံးတမ်းများ၊ ဒေသန္တရအသိအမြင်များဖြင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကို အထောက်အကူပြုနိုင်ခဲ့သည်ဟုဆိုနိုင်ပါကြောင်း၊ တစ်ဆက်တည်းကျင်းပမည့် "ပြန်လည်ထူထောင်ရေး နှီးနှောဖလှယ်ပွဲ"တွင် မြန်မာနိုင်ငံအတွက် လက်တွေ့ကျသော၊ ထိရောက်မှုရှိသော၊ အားလုံးပါဝင်သော၊ ရေရှည်တည်တံ့သော အနာဂတ် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံ တုံ့ပြန်နိုင်စွမ်းရှိသော ပြန်လည်ထူထောင်ရေး မူဘောင်တစ်ရပ်ဖော်ထုတ်ရန် ဖြစ်ပါကြောင်း။




**ဒုတိယသမ္မတ ဦးညဏ်ထွန်း အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနားနှင့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

အဆိုပါ မူဘောင်အတွက် အခြေခံဖြစ်သည့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးနှင့် ရေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို သိရှိနိုင်ရန် "ရေဘေးနှင့် မြေပြိုဘေးကာလလွန် လိုအပ်ချက်များ လေ့လာဆန်းစစ်ခြင်း"လုပ်ငန်းစဉ်ကို ကမ္ဘာ့ဘဏ်၊ ကုလသမဂ္ဂ၊ JICA နှင့်အခြားမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊

ရေဘေးနှင့် မြေပြိုဘေးကာလလွန် လိုအပ်ချက်များ လေ့လာဆန်းစစ်ခြင်း နောက်ဆုံးတွေ့ရှိချက်အရ မကြာသေးခင်က ဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုကြောင့် ဆုံးရှုံးမှုသည် ကနဦး သုံးသပ်တွက်ချက်မှုများထက် ပိုမိုများပြားခဲ့သည်ဟု သိရှိရပါကြောင်း၊ လုပ်ငန်းစဉ်အစမှာကတည်းက မြန်မာအစိုးရအနေနှင့် ဘေးအန္တရာယ်၏ အကျိုးဆက် ပမာဏကြီးမားမှုနှင့် ပြည်သူလူထု၏ အရေးပေါ်လိုအပ်ချက်များကို အသိအမှတ်ပြုပြီး ဖွံ့ဖြိုးမှုမိတ်ဖက် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ချင့်ချိန်ဆုံးဖြတ် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် "မည်သူမျှ မကျန်ခဲ့စေရ" နှင့် "မူလအခြေအနေထက် သာလွန်ကောင်းမွန်အောင် ပြန်လည်ထူထောင်ပေးရမည်"ဟူသည့် မူများကို ကတိကဝတ်ပြုခဲ့ပါကြောင်း၊ အကြံပေးအဖွဲ့၊ ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်ချက်များ ဆန်းစစ်ရေးအဖွဲ့၊ အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့များ၏ ဦးဆောင်မှုနှင့် ပြည်သူလူထု၏ အားတက်သရော ပူပေါင်းပါဝင်မှုတို့ဖြင့် ဤကတိကဝတ်များကို ဖြည့်ဆည်းပေးနိုင်မည်ဟု အခိုင်အမာ ယုံကြည်ပါကြောင်း။

ပြန်လည်ထူထောင်ရေး စီမံကိန်းအတွက် အရေးကြီးသည့် အချက်သုံးချက်ကိုပြောလိုပါကြောင်း၊ ပထမအချက်မှာ မူဝါဒပိုင်းဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေး စီမံကိန်းသည် သမ္မတကြီး ဦးသိန်းစိန် အစိုးရက အစပြုခဲ့သော အကောင်အထည်ဖော်ဆဲ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို အားဖြည့်ပေးရမည့်အပြင် ရေရှည်တည်တံ့ပြီး သဘာဝဘေးအန္တရာယ်များကို ခံနိုင်ရည်ရှိသော စီးပွားရေးတိုးတက်မှု အခြေခံများကို ချမှတ်ပေးမည့် ပြန်လည်ထူထောင်ရေး စီမံကိန်းမျိုး ဖြစ်သင့်ပါကြောင်း၊ သမ္မတကြီး ဦးသိန်းစိန် မကြာခင်က ပြောကြားခဲ့သည့် မိန့်ခွန်းတွင် ရေဘေးသင့်ပြည်သူများကို ငွေကြေးနှင့် လူမှုကာကွယ်မှု အထောက်အပံ့များပေးခြင်းသည် အရေးကြီးသည့် ကယ်ဆယ်ထောက်ပံ့ရေး လုပ်ငန်းများဖြစ်သကဲ့သို့ ကျေးလက်အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆိုးရွားပြင်းထန်သော ရာသီဥတု အခြေအနေအမျိုးမျိုးတွင် ရပ်တည်ရှင်သန် တိုးတက်နိုင်မည့် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ အသေးစား အလတ်စား စီးပွားရေးလုပ်ငန်းမဟာဗျူဟာများကို ပြန်လည်ထူထောင်ရေးစီမံကိန်းတွင် ထည့်သွင်းချမှတ်သွားရန် လမ်းညွှန်ခဲ့ပါကြောင်း၊ ထို့ကြောင့် ဤစီမံကိန်းသည် လက်ရှိလုပ်ဆောင်နေသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများဖြစ်သည့် မြေအသုံးပြုမှုစီမံကိန်း၊ အမျိုးသားပို့ကုန်မဟာဗျူဟာများ၊ သီးနှံအမယ်မျိုးစုံမျိုးကွဲစိုက်ပျိုးရေး၊ တန်ဖိုးကွင်းဆက်များတိုးတက်မှု၊ ပုဂ္ဂလိကကဏ္ဍ တိုးတက်မှုတို့နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်ရန် လိုပါကြောင်း။

ဒုတိယအချက်မှာ ဖွဲ့စည်းမှုအပိုင်းဖြစ်ပါကြောင်း၊ ယခုပြန်လည်ထူထောင်ရေး စီမံကိန်းသည် အရေးပေါ်လုပ်ငန်းများ လုပ်ဆောင်ရေးသာမက ရေရှည်မျှော်မှန်းချက်များကိုပါ ဦးတည်သည့် ဖွဲ့စည်းမှုဆိုင်ရာ မူဘောင်ပေါ်တွင် အလေးထားသင့်ပါကြောင်း၊ ဘေးသင့်ကျရောက်မှုများသည် အစိုးရများ၊ အေဂျင်စီများနှင့် အဖွဲ့အစည်းများ၏ နယ်နိမိတ်ကန့်သတ်မှုများကို ကျော်လွန်ခဲ့ကြောင်း ပြီးခဲ့သည့် ဘေးသင့်ကာလအတွေ့အကြုံများက သက်သေပြခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ကြောင့် ဌာနအချင်းချင်းများကြား ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဆိုင်ရာ အုပ်ချုပ်ဖွဲ့စည်းမှုပုံစံဖြစ်ရန် လိုပါကြောင်း၊ ပါဝင်သင့်သည့် ဖွဲ့စည်းမှုများမှာ ဌာနပေါင်းစုံမှပံ့ပိုးပေးရမည့် ကြိုတင်သတိပေးခြင်းနှင့် သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်များ၊ စစ်ဘက်နှင့် အရပ်ဘက်ပူးပေါင်းဆောင်ရွက်သည့် အရေးပေါ်လုပ်ငန်းယန္တရားစနစ်များ၊ ကဏ္ဍပေါင်းစုံမှနည်းဟောင်းနှင့် နည်းသစ်နှစ်ခုစလုံး အသုံးပြုသည့် အရေးပေါ် ထောက်ပံ့ရေးစနစ်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာအရင်းအမြစ်များကို စည်းရုံးလုပ်ဆောင်နိုင်သည့် ပြန်လည်ထူထောင်ရေး ပူးပေါင်းညှိနှိုင်းမှု ဗျူဟာများနှင့် ဌာနအသီးသီးမှ သီးခြားဆောင်ရွက်နေသည့် လုပ်ငန်းများကို ဗဟိုအစိုးရ၏ ရေ၊ မြေ အရင်းအမြစ်နှင့် အခြေခံအဆောက်အအုံဆိုင်ရာ မဟာဗျူဟာအဖြစ် ပေါင်းစည်းပေးမည့် စီမံခန့်ခွဲမှုမူဘောင်များဖြစ်ပါကြောင်း။

တတိယအချက်မှာ ဘဏ္ဍာရေးပိုင်းဖြစ်ပါကြောင်း၊ ပြန်လည်ထူထောင်ရေး စီမံကိန်းအနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍတို့မှ ရရှိသည့် ပြန်လည်ထူထောင်ရေး ရန်ပုံငွေများကို အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးပြုနိုင်ရေးအတွက် ပွင့်လင်းမြင်သာပြီး တာဝန်ယူမှုရှိသည့် အရင်းအမြစ်များ စည်းရုံးမှု၊ ဦးစားပေးရွေးချယ်မှုနှင့် စောင့်ကြည့်အကဲဖြတ်မှုများ ပြုလုပ်နိုင်သည့် ဗျူဟာများကို သတ်မှတ်သင့်ပါကြောင်း၊ အဆိုပါ မဟာဗျူဟာကို အကောင်အထည် ဖော်ရန်အတွက် အမျိုးသားဘေးအန္တရာယ် ရန်ပုံငွေနှင့် ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီကိုလည်း ဖွဲ့စည်းပြီး ဖြစ်ပါကြောင်း။

မကြာခင်ကာလတွင် ရွေးကောက်ပွဲကြီး ကျင်းပတော့မည်ဖြစ်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကသာ နိုင်ငံနှင့် လူမျိုးအတွက် ငြိမ်းချမ်းခြင်းနှင့် သာယာဝပြောမှုကို ဆောင်ကြဉ်းပေးနိုင်မှာဖြစ်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲသည် စစ်မှန်သည့် ဒီမိုကရေစီရှေ့ခရီးအတွက် ခိုင်မာသည့် အာမခံချက်လည်းဖြစ်ပါကြောင်း၊ ယခုရွေးကောက်ပွဲကြီးသည် နိုင်ငံတော်အတွက် အလွန်အရေးကြီးပါကြောင်း။

ဤသို့အရေးကြီးသည့် သမိုင်းတစ်ကွေ့ကို ဖြတ်သန်းနေရချိန်တွင် ရေရှည်တည်တံ့မည့် ဖွံ့ဖြိုးမှုကို ဦးတည်သည့် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုသည့် ကြီးမားလှသော တာဝန်ကိုလည်း မိမိတို့အားလုံး ထမ်းဆောင်နေရခြင်းဖြစ်ပါကြောင်း၊ များပြားလှသည့် တာဝန်များကြောင့် ကနဦးပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်မှု၊ ရေရှည်ပြန်လည်ထူထောင်ရေး စီမံကိန်းရေးဆွဲမှုများကို အဟန့်အတားမဖြစ်စေရန် အချိန်နှင့်အမျှ ကြိုးပမ်းလျက်ရှိပါကြောင်း၊ သန်းချီသော ပြည်သူလူထုများအတွက် ယင်းတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ အရင်းအမြစ်နှင့် ရန်ပုံငွေကန့်သတ်ချက်များ ရှိနေသော အစိုးရဌာနများအတွက် ဌာနအလိုက် လုပ်ငန်းစဉ် ဦးစားပေးအစီအစဉ်များချမှတ်နိုင်ရန်၊ နိုင်ငံတကာ အလှူရှင်များအတွက်လည်း အကူအညီအထောက်အပံ့များ ကဏ္ဍအလိုက် ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ပြန်လည်ထူထောင်ရေး မူဘောင်နှင့် စီမံချက်ဆောလျင်စွာ ပေါ်ထွက်လာရေး အားလုံးဝိုင်းဝန်း ကြိုးပမ်းပေးသွားကြရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် UNDP ဌာနေကိုယ်စားလှယ် မစ္စတာ တိုွင်လီကာဘာနော့ဗ်က ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်း၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေး အထိမ်းအမှတ် ဗီဒီယိုမှတ်တမ်းကို ပြသသည်။ ယခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးလျော့ပါးရေးနေ့ အခမ်းအနား ဆောင်ပုဒ်မှာ "ဘေးအန္တရာယ် အသိကြွယ်၊ ဘဝများစွာ ကာကွယ်မယ်"ဟူ၍ ဖြစ်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များ၊ တက်ရောက်လာကြသူများသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းအတွင်းရှိ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဖိုရမ်ကို ဆက်လက်ကျင်းပရာ ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါဖိုရမ်တွင် ပြန်လည်ထူထောင်ရေးဖိုရမ်၏ ရှေ့အမြင်နှင့် ရည်ရွယ်ချက်ကို အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာရင်ရင်နွယ်က လည်းကောင်း၊ ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးဆိုင်ရာ လိုအပ်မှု ဆန်းစစ်ချက် အစီရင်ခံတင်ပြခြင်းကို ကမ္ဘာ့ဘဏ်မှ မစ္စတာ ဂရေပန်တင်က လည်းကောင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ မူဘောင်မူကြမ်းကို အကြံပေးအဖွဲ့ အတွင်းရေးမှူး ဒေါက်တာဇော်ဦးက လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြန်လည်ထူထောင်ရေးဆိုင်ရာ မဟာဗျူဟာကို ကဏ္ဍအလိုက် ဆွေးနွေးခြင်း၊ စုစည်းတင်ပြခြင်းနှင့် ပြန်လည်ထူထောင်ရေးမူဘောင်နှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# မဲဆွယ်စည်းရုံးခြင်းနှင့်ပတ်သက်၍ ပါတီများတွေ့ရှိသည့်ပြဿနာများအပေါ် နားလည်မှုရှိစွာ ညှိနှိုင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၃**

ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၂/ ၂၀၁၅) ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီခုနစ်ပါတီမှ တာဝန်ရှိသူများ၊ ကော်မရှင်အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ဇွန် ၂၄ ရက်မှ ၂၈ ရက်အထိ တိုင်းဒေသကြီး သုံးခုနှင့် ပြည်နယ်နှစ်ခုတွင်လည်းကောင်း၊ ဇူလိုင် ၁၆ ရက်မှ စက်တင်ဘာ ၂၇ ရက်အထိ တိုင်းဒေသကြီးခြောက်ခုနှင့် ပြည်နယ်ခြောက်ခုတို့တွင်လည်းကောင်း သဘာဝဘေးအန္တရာယ်များကျရောက်ခဲ့ရာမှာ အိမ်ထောင်စု လေးသိန်း ခြောက်သောင်းကျော်မှ လူဦးရေတစ်သန်းခြောက်သိန်းကျော် ဘေးသင့်ခဲ့ပြီး ၁၃၂ ဦးသေဆုံးခဲ့ပါကြောင်း။

ချင်းပြည်နယ်တွင်လည်း မြေပြိုမှုကြောင့် ဆက်လက်နေထိုင်ရန် မသင့်သဖြင့် မြို့ပေါ် ၆၇၆ အိမ်နှင့်ကျေးလက်တွင် ၁၁၄၉ အိမ် စုစုပေါင်း ၁၈၂၅ အိမ်ကို ရွှေ့ပြောင်းရေးဆောင်ရွက်နေရကြောင်း၊ အောက်တိုဘာ ၈ ရက်နှင့် ၉ ရက်တို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့၌ လူနေအိမ်များရေနစ်မြုပ်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်ခြင်းများရှိနေပြီး ဒေသခံများအား ရေဘေးလွတ်ကင်းရာဒေသများသို့ ပြောင်းရွှေ့နေရပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ရေဝင်ခဲ့သော်လည်း အချိန်မီရွှေ့ပြောင်းနိုင်သဖြင့် ဆုံးရှုံးမှုမရှိသော်လည်း မဲစာရင်းပြင်ဆင်နေမှုအား အချိန်မီပြီးစီးရေးအတွက် ဆက်လက်ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း၊ မဲရုံပစ္စည်းများကို အချိန်မီပေးပို့နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဇူလိုင် ၂၀ ရက် ကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ မြန်မာနိုင်ငံ တောင်သူလယ်သမား ဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် လမ်းပြကြယ်ပါတီတို့မှ အခြေခံမဲစာရင်းများ ထုတ်ပြန်ရာတွင် မှားယွင်းမှုများရှိခဲ့ကြောင်း၊ မဲစာရင်းမှားယွင်းမှုကြောင့် မဲပေးပိုင်ခွင့်ဆုံးရှုံးပြီး လွတ်လပ်မျှတသော ရွေးကောက်ပွဲမဖြစ်နိုင်သဖြင့် မဲစာရင်းများမှန်ကန်စွာ ပြုစုနိုင်ရန် ရွေးကောက်ပွဲအား ရွှေ့ဆိုင်းသင့်ကြောင်းကို တင်ပြမှုရှိခဲ့ကြောင်း၊ စက်တင်ဘာ ၁ ရက် ကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံပွဲတွင် ချင်းတိုးတက်ရေးပါတီမှ ချင်းပြည်နယ်တွင် ရေကြီးမြေပြိုမှုများ ဖြစ်ပွားခဲ့သဖြင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးကို ဆောင်ရွက်နေရကြောင်း၊ ပြည်သူများအနေဖြင့် စိတ်ပိုင်းနှင့်ရုပ်ပိုင်းဆိုင်ရာများ ထိခိုက်နေချိန်တွင် နှစ်သိမ့်အားပေးရမည့်အစား ရွေးကောက်ပွဲအတွက် စည်းရုံးရေးဆောင်ရွက်ရန်မှာ မဖြစ်သင့်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးများပြတ်တောက်နေသဖြင့် နယ်လှည့်စည်းရုံးရန် အခက်အခဲရှိကြောင်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးအား အချိန်အတိုင်းအတာတစ်ခုယူရမည်ဖြစ်၍ ရွေးကောက်ပွဲကို ရွှေ့ဆိုင်းစေချင်ကြောင်းကိုလည်း တင်ပြခဲ့ပါကြောင်း၊ ချင်းပြည်နယ် ဟားခါးမြို့နယ် အီးအက်ဘီစီ အထွေထွေအတွင်းရေးမှူး ဆရာတော်က တနင်္ဂနွေနေ့သည် ခရစ်ယာန်ဘာသာဝင်များ၏ နေ့ထူးနေ့မြတ်ဖြစ်သဖြင့် ရွေးကောက်ပွဲကျင်းပသည့်ရက်အား တနင်္ဂနွေနေ့ကို ရှောင်လွှဲသင့်ကြောင်း အကြံပြုမှုရှိခဲ့ပါကြောင်း။

ရွေးကောက်ပွဲနီးလာချိန်တွင် နယ်မြေတည်ငြိမ်အေးချမ်းရေးကိုလည်း စဉ်းစားသုံးသပ်ရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်နှင့် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအချို့တွင် လုံခြုံရေးအခြေအနေအရ နိုင်ငံရေးပါတီများအနေဖြင့် မဲဆွယ်စည်းရုံးရေးဆောင်ရွက်နိုင်ခြင်းမရှိဘဲ ရပ်တန့်လျက်ရှိကြောင်း၊ ကိုးကိုးကျွန်းမဲဆန္ဒနယ်တွင်လည်း ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးခွင့်မရသေးဟုသိရကြောင်း၊ မဲဆွယ်စည်းရုံးမှုအခြေအနေ၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် နယ်မြေတည်ငြိမ်အေးချမ်းမှုပေါ်မူတည်၍ ရွေးကောက်ပွဲရွှေ့ဆိုင်းသင့်သည်ဟု ယူဆရသဖြင့် တက်ရောက်လာသောနိုင်ငံရေးပါတီများမှ ရွေးကောက်ပွဲကျင်းပမည့်ရက်အား ရွှေ့ဆိုင်းသင့်/ မသင့် သုံးသပ်အကြံပြုစေလိုပါကြောင်း ပြောကြားသည်။

ဎင်းနောက် ကော်မရှင်အဖွဲ့ဝင်ဦးမြင့်နိုင်က ရွေးကောက်ပွဲအငြင်းပွားမှုနှင့်ပတ်သက်၍ တိုင်ကြားခဲ့မှုများနှင့် စေ့စပ်ညှိနှိုင်းရေးကော်မတီနှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့မှ ညှိနှိုင်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်ဦးဝင်းကိုက ရွေးကောက်ပွဲအား တည်ငြိမ်အေးချမ်းစွာ ကျင်းပနိုင်ရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် ရွေးကောက်ပွဲမဲဆွယ်စည်းရုံးမှု ကာလအတွင်း အငြင်းပွားမှုများကို ကြီးမားသောပဋိပက္ခအသွင် မရောက်ရှိရေးနှင့် ဥပဒေအရ အရေးယူရခြင်းမျိုးမရှိအောင် ဆောင်ရွက်လျက်ရှိမှု နိုင်ငံရေးပါတီများအနေဖြင့် ကော်မရှင်မှထုတ်ပြန်ထားသည့် ညွှန်ကြားချက် (၁/ ၂၀၁၄) နှင့် နိုင်ငံရေးပါတီများသဘောတူရေးဆွဲထားသည့် ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုအပ်မှုနှင့် လွတ်လပ်မျှတ၍ တည်ငြိမ်အေးချမ်းသော ရွေးကောက်ပွဲဖြစ်စေရန်အတွက် ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်မှုများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သဘာဝဘေးဖြစ်စဉ်များ ဆက်တိုက်ကျရောက်မှုကြောင့် ပြည်သူလူထုအတွက် အခက်အခဲရှိပါက ရွေးကောက်ပွဲရွှေ့ဆိုင်းရေးကို စဉ်းစားဆောင်ရွက်သင့်ပါကြောင်း၊ ပါတီများအနေဖြင့် ကျင့်ဝတ်များကို လိုက်နာဆောင်ရွက်ပါက ဥပဒေကြောင်းအရ ဖြစ်စရာမရှိသဖြင့် Code of Conduct ကို ပါတီများအားလုံးက လိုက်နာဆောင်ရွက်ကြဖို့လိုကြောင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ နိုင်ငံရေးပါတီများအနေဖြင့်မဲဆွယ်စည်းရုံးရာတွင် သဘာဝဘေးအန္တရာယ်များကြောင့် ကျေးရွာလူထုအထိ စည်းရုံးဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ် အချို့ဒေသများတွင် တိုက်ပွဲများဖြစ်နေ၍ မဲဆွယ်စည်းရုံးမှုများကို ဆောင်ရွက်နိုင်ခြင်းမရှိပါကြောင်း၊ သို့ဖြစ်၍ရွေးကောက်ပွဲရက် ရွှေ့ပြောင်းသင့်ကြောင်းကို သုံးသပ်တင်ပြလိုပါကြောင်းနှင့် ပုဂ္ဂိုလ်ရေးထိခိုက်စေသည့် ဗီဒီယိုထုတ်လွှင့်မှုများကို ပါတီများက ထိန်းကျောင်းပေးစေလိုပါကြောင်း၊ အမျိုးသားဒီမိုကရေစီအင်အားစုပါတီကရွေးကောက်ပွဲရက်ရွှေ့မည့်ကိစ္စနှင့်ပတ်သက်၍ သဘာဝဘေးအန္တရာယ်များကျရောက်နေမှုနှင့် ငြိမ်းချမ်းရေးလက်မှတ်ရေးထိုးမှုအပေါ် အကျိုးအပြစ်သက်ရောက်နိုင်မှု ရှိ/မရှိကို သုံးသပ်ရန်လိုကြောင်း၊ စည်းရုံးရေးကာလအတွင်း ပါတီတစ်ခုနှင့်တစ်ခု နှောင့်ယှက်မှုမရှိအောင် Code of Conduct နှင့် ညွှန်ကြားချက် (၁/ ၂၀၁၄)နှင့်အညီ ဆောင်ရွက်ရေး တိုက်တွန်းပေးစေလိုပါကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ Code of Conduct နှင့်ပတ်သက်၍ ကိုယ်စားလှယ်လောင်းများအား ရှင်းပြဆွေးနွေးခဲ့ပါကြောင်း၊ မဲဆွယ်စည်းရုံးရာတွင်လည်း ပါတီအချင်းချင်း ထိပ်တိုက်တွေ့ဆုံပြဿနာမဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ရွေးကောက်ပွဲရက်ရွှေ့ခြင်းနှင့်စပ်လျဉ်း၍ သဘာဝဘေးကျရောက်မှုမှာ ဒေသဆိုင်ရာဖြစ်သည့် အသေးအဖွဲကိစ္စဖြစ်၍ ရက်ရွှေ့ခြင်းကိုသဘောမတူပါကြောင်း၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီက ရွေးကောက်ပွဲရက်ရွှေ့ခြင်းနှင့်စပ်လျဉ်း၍ ယခင်ကတည်းက တင်ပြခဲ့ပါကြောင်း၊ သို့ဖြစ်၍ ရွှေ့ဆိုင်းမှုကို ထောက်ခံပါကြောင်း၊ ရခိုင်အမျိုးသားပါတီမှ ရခိုင်ပြည်နယ်တွင်လည်း သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့် မငြိမ်းချမ်းမှုများကြောင့် စစ်ဘေးရှောင်ကိစ္စများရှိခဲ့ပါကြောင်း၊ ရွှေ့ဆိုင်းခဲ့ပါက အငြင်းပွားမှုများ၊ ပြဿနာများ ဆွဲဆန့်သကဲ့သို့ဖြစ်မဖြစ်ကို စဉ်းစားသင့်ပါကြောင်း၊ ရွှေ့ဆိုင်းပါက အပိုင်းလိုက်ကျင်းပခြင်းမပြုလုပ်ဘဲ တစ်နိုင်ငံလုံးတစ်ပြေးညီရွှေ့ဆိုင်း စေလိုကြောင်း၊ အမျိုးသားတိုးတက်ရေးပါတီက ရွေးကောက်ပွဲရက်ရွှေ့ဆိုင်းခြင်းနှင့်ပတ်သက်၍ ကော်မရှင်၏အဆုံးအဖြတ်ကို နာယူမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန် အချိန်ကြာလာသည်နှင့်အမျှ ဖြစ်လာမည့်အကျိုးဆက်များကို စဉ်းစားဆောင်ရွက်စေလိုကြောင်း တင်ပြဆွေးနွေးကြသည်။

ဎင်းနောက်တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ရှိသူများက ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဆွေးနွေးကြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်ပြောကြားရာတွင် မဲဆွယ်စည်းရုံးခြင်းနှင့်ပတ်သက်၍ ပါတီများတွေ့ရှိသည့်ပြဿနာများအပေါ် အချင်းချင်းနားလည်မှုရှိစွာဖြင့် ညှိနှိုင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ရွေးကောက်ပွဲတည်ငြိမ်အေးချမ်းရေးအတွက် နိုင်ငံရေးပါတီများအနေဖြင့် Code of Conduct ကို လိုက်နာဆောင်ရွက်ဖို့လိုကြောင်း၊ Code of Conduct စောင့်ကြည့်ရေးကော်မတီ (MCOM) အနေဖြင့် စောင့်ကြည့်ပြီး ထိန်းကျောင်းပေးဖို့လိုကြောင်း၊ မရပါက စေ့စပ်ညှိနှိုင်းရေးကော်မတီအနေဖြင့် ညှိနှိုင်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စေ့စပ်ညှိနှိုင်း၍မရမှသာ ဥပဒေနှင့်အညီ ထိရောက်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် မဲစာရင်းသည် အရေးကြီးပါကြောင်း၊ ကော်မရှင်က မဲစာရင်းပြုစုပြီး မဲဆန္ဒရှင်ပြည်သူမှ လာရောက်ကြည့်ရှု၍ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းဆောင်ရွက်မှ မှန်ကန်သောမဲစာရင်းရမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များ ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ မဲစာရင်းမှန်ကန်မှုအပေါ် အာမခံပြောကြားရန် မဖြစ်နိုင်ပါကြောင်း၊ ကော်မရှင်က ရာနှုန်းပြည့်အာမခံနိုင်သည်မှာ မဲစာရင်းတွင်အမည်ပါက မဲပေးခွင့်ရမည်ဟု အာမခံပါကြောင်း၊ ထို့ကြောင့် မဲစာရင်းတွင်အမည်ပါရေးပါတီများအနေဖြင့် ပူးပေါင်းဆောင်ရွက်ရန်တိုက်တွန်းပါကြောင်း၊ ရွေးကောက်ပွဲရွှေ့ရန် မရွှေ့ရန်နှင့်ပတ်သက်၍ ယနေ့တက်ရောက်လာသည့် နိုင်ငံရေးပါတီများ၏ ဆွေးနွေးချက်များအပေါ် ကော်မရှင်အနေဖြင့် စဉ်းစားဆုံးဖြတ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကာလအတွင်း တည်ငြိမ်အေးချမ်းစွာ အောင်မြင်ပြီးစီးစေရေးအတွက် ပါတီများအနေဖြင့် ထိန်းသိမ်းပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားခဲ့သည်။ **(သတင်းစဉ်)**



## ရွေးကောက်ပွဲရက်ရွှေ့ဆိုင်းခြင်းမပြုဘဲ မူလသတ်မှတ်ထားသည့် နိုဝင်ဘာလ ၈ ရက်နေ့တွင်ပင် အထွေထွေရွေးကောက်ပွဲများ ကျင်းပမည်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ရွေးကောက်ပွဲဆိုင်ရာစေ့စပ်ညှိနှိုင်းရေးဗဟိုကော်မတီ**
**အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၅) သတင်းထုတ်ပြန်ချက်**

**နေပြည်တော် အောက်တိုဘာ ၁၃**

ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ဗဟိုကော်မတီအစည်းအဝေး(၂/ ၂၀၁၅)ကို ယနေ့နံနက် ၁၀ နာရီအချိန်တွင် ကျင်းပပြုလုပ်ခဲ့ရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဗဟိုကော်မတီဝင် နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပါသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ ဖြစ်ပွားနေသော ရေကြီးနစ်မြုပ်မှု သဘာဝဘေးအန္တရာယ်များ၊ နယ်မြေအေးချမ်းမှုအပေါ် မူတည်၍ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးမှုအခြေအနေ၊ မဲဆန္ဒရှင်များအဆင်ပြေစွာမဲပေးနိုင်မှုအခြေအနေများအပေါ် သုံးသပ်၍ ရွေးကောက်ပွဲကျင်းပမည့်ရက်ကို ရက်အနည်းငယ်ရွှေ့ဆိုင်းရန် သင့်/မသင့် ကော်မတီအဖွဲ့ဝင်များ၏ သဘောထားကိုတင်ပြကြရန် ဆွေးနွေးခဲ့ပါသည်။

ကော်မတီအဖွဲ့ဝင်များ၏ တင်ပြချက်များအရ ရွေးကောက်ပွဲရက် ရွှေ့ဆိုင်းလိုက်ပါက ဖြစ်ပေါ်လာနိုင်သည့် အကျိုးအပြစ်များကို လေ့လာသုံးသပ်၍ ရက်ရွှေ့ဆိုင်းခြင်းမပြုတော့ဘဲ မူလသတ်မှတ်ထားသည့် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ပင် အထွေထွေရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကော်မရှင်၏ဆုံးဖြတ်ချက်အား အတည်ပြုထုတ်ပြန် အသိပေးအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကယားပြည်နယ်ဝန်ကြီးချုပ် မော်ချီးဒေသသို့ သွားရောက်ပြီး ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**လွိုင်ကော် အောက်တိုဘာ ၁၃**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးသည် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ဖားဆောင်းမြို့နယ် မော်ချီးဒေသ သဘာဝဘေးအန္တရာယ် ကျရောက်ရာနေရာသို့ သွားရောက်ပြီး ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်းရန် သွားရောက်ခဲ့သည်။

ထို့နောက် ဖားဆောင်းမြို့နယ် မော်ချီးဒေသအဝင် အမှတ်(၂)တံတား တောင်ကျချောင်းရေကြောင့် တံတားရေကျော်မှုဖြစ်ပေါ်နေပြီး တံတားတွင် ခံနေသော ကျောက်တုံးကျောက်ခဲများ စက်ယန္တရားဖြင့်ဖယ်ရှားနေမှုကို ကြည့်ရှုပြီး ကူးသန်းသွားလာရေးအဆင်ပြေချောမွေ့စေရေးအတွက် ယာယီတံတား တစ်စင်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန် တာဝန်ရှိသူများအားမှာကြား၍ အမှတ်(၂)တံတားအနီး၌ လာရောက်စောင့်ဆိုင်းနေသော မော်ချီးဒေသရှိ ခဲတွင်းများတွင် လာရောက်လုပ်ကိုင်နေသော လုပ်သားများနှင့် မိသားစုဝင်များ နေရပ်ပြန်နိုင်ရေး မော်တော်ယာဉ်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်သည် မော်ချီးဒေသအတွက် ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဆန်၊ အဝတ်အထည်၊ စောင်၊ သောက်ရေသန့်၊ စားသောက်ဖွယ်ရာများကို ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ကြီးကြပ် ဆောင်ရွက်နေသည့် ပြည်နယ်ဝန်ကြီးများထံ ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ဖားဆောင်းမြို့နယ်ဆေးရုံ၌ မော်ချီးဒေသမှ သဘာဝဘေးအန္တရာယ်ကြောင့် ဆေးရုံတက်ကုသနေသည့် လူနာများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့သည်။ **(ယာပုံ)**





မော်ချီးဒေသအဝင် အမှတ်(၂)တံတား တောင်ကျချောင်းရေကြောင့် တံတားရေကျော်နေသဖြင့် ဒေသခံများ ခက်ခက်ခဲခဲ ချောင်းဖြတ်ကူးနေမှုကိုတွေ့ရစဉ်။

မော်ချီးဒေသ တောင်ပေါ်(၁၅)ရပ်ကွက်တွင် အိမ်ခြေ ၂၉ လုံး၊ ဇီးပင်ကွေ့ (၁၆)ကုန်းတွင် အိမ်ခြေ ၁၃ လုံး၊ ယူကောကော်တွင် အိမ်ခြေ ကိုးလုံး၊ စုစုပေါင်း ၅၁ လုံး ပြိုကျပျက်စီးခဲ့ပြီး အိမ်ထောင်စု ၉၈ စု၊ လူဦးရေ ၃၆၉ ဦးအား အထက(မော်ချီး)နှင့် လိုခါးလိုတိုက်နယ်ဆေးရုံများ၌ ပြောင်းရွှေ့ကာ ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိသည်။

မြေပြိုမှုကြောင့် အမျိုးသား ကိုးဦး၊ အမျိုးသမီး ရှစ်ဦး သေဆုံးကာ ပျောက်ဆုံးသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖားဆောင်းမြို့နယ်ဆေးရုံ၌ မော်ချီးဒေသ သဘာဝဘေးအန္တရာယ် ကျရောက်မှုကြောင့် တောင်ပြိုမှုများဖြစ်ပေါ်ပြီး ထိခိုက်ဒဏ်ရာရရှိသူ ခြောက်ဦး ဆေးရုံတက်ကုသနေကာ မိသားစု သုံးဦးပါအဖွဲ့သည် လွိုင်ကော်ဆေးရုံကြီးသို့ လွှဲပြောင်းကုသခံယူ၍ ဖားဆောင်းမြို့နယ်ဆေးရုံတွင် ထိခိုက်ဒဏ်ရာရရှိသူ သုံးဦး ကုသမှုခံယူနေပြီး အသက်အန္တရာယ် စိုးရိမ်စရာမရှိကြောင်း သိရသည်။

သဘာဝဘေးအန္တရာယ်ကြောင့် အခက်အခဲဖြစ်လျက်ရှိသည့် တိုင်းရင်းသားပြည်သူများအတွက် လိုအပ်လျက်ရှိသော စားသုံးကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ အဝတ်အထည်များနှင့်ဆေးဝါးများကို နေ့စဉ် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးသွားရန် စီစဉ်ဆောင်ရွက်မည်ဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။ ထို့အတူ ကယ်ဆယ်ရေးပစ္စည်းများနှင့် သောက်ရေသန့်အပါအဝင် မော်ချီးဒေသတိုင်းရင်းသားပြည်သူများအတွက် လိုအပ်လျက်ရှိသော ပစ္စည်းမျိုးစုံကို ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ တပ်မတော်သားများ၊ အဖွဲ့အစည်းများမှ အလှူရှင်များက ဆက်လက်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မန္တလေးမြို့တွင် မြေနိမ့်ပိုင်းလမ်းများ ရေလျှံ

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးမြို့တွင် စက်တင်ဘာ ၁၂ ရက်မှ ၁၃ ရက်အထိ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းလမ်းအချို့နှင့် လူနေရပ်ကွက်အချို့တွင် ရေလျှံမှုများဖြစ်ပေါ်ကာ သစ်ပင်အချို့ ပြိုလဲပြီး ဓာတ်ကြိုးများပေါ်ကျကာ ဓာတ်တိုင်အချို့ လဲခဲ့ကြောင်း သိရသည်။

မန္တလေးမြို့၌ မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် လူအများသွားလာရာလမ်းများဖြစ်သည့် ၇၈ လမ်း အရှေ့ဘက်ရှိ ၃၅ လမ်း၊ လမ်း ၃၀ တို့တွင် လမ်းအနိမ့်ပိုင်းများတွင် ရေလျှံမှုများဖြစ်ပေါ်ခြင်း၊ ၆၂ လမ်း (၃၀× ၃၅ )ကားလမ်းအနိမ့်ပိုင်းနေရာများ၊ လမ်းသွယ်အချို့တွင် ရေလျှံမှုများ ဖြစ်ပေါ်ကာ ဆိုင်ကယ်စီးသူများနှင့် ကားအချို့ လမ်းပေါ်ရေလျှံနေချိန်တွင် သွားလာရေး ခက်ခဲလျက်ရှိသည်။

မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် အောင်မြေသာစံမြို့နယ် ၂၂ လမ်း ယောမင်းကြီးဈေးအနီးရှိ ဓာတ်ကြိုးများပေါ်သို့ သစ်ပင်လဲကျမှုကြောင့် ဓာတ်တိုင်အချို့ ပြိုလဲခဲ့ရပြီး လျှပ်စစ်ဓာတ်အားများ ပြတ်တောက်ခြင်း၊ သစ်ပင်ပြိုလဲမှုကြောင့် ဈေးအတွင်းရှိ ဆိုင်ခန်းအချို့ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ပြီး ဈေးဖွင့်ချိန်မဟုတ်သော နံနက်အစောပိုင်း ဖြစ်ပေါ်ခဲ့ခြင်းကြောင့် လူထိခိုက်ဒဏ်ရာ ရရှိမှုမရှိကြောင်း သိရသည်။ ထို့အပြင် မန္တလေးမြို့ရှိ မြေနိမ့်ပိုင်း လူနေဝိုင်းအချို့တွင်လည်း မိုးရေများ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

မိုးရေကြောင့် ပြိုလဲခဲ့သည့် သစ်ပင် ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဓာတ်တိုင် ပြန်လည်ထူထောင်ခြင်း၊ ဓာတ်ကြိုးများ ပြန်လည်သွယ်တန်းခြင်းတို့ကို တာဝန်ရှိသူများက ချက်ချင်း ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မန္တလေးမြို့၌ အောက်တိုဘာ ၁၂ ရက်က မိုးရေချိန် ၀ ဒသမ ၃၁ လက်မ ရွာသွန်းခဲ့သော်လည်း ၁၃ ရက်တွင် မန္တလေးမြို့၌ ၃ ဒသမ ၈၂ လက်မအထိ ရွာသွန်းခဲ့ပြီး အမရပူရ၌ ၂ ဒသမ ၁၆ လက်မ၊ ပုသိမ်ကြီး၌ ၂ ဒသမ ၉၃ လက်မ၊ ပြင်ဦးလွင်မြို့၌ ၃ ဒသမ ၆၂ လက်မ၊ ကျောက်ဆည်၌ ၂ ဒသမ ၂၄ လက်မ၊ ညောင်ဦး၌ ၂ ဒသမ ၅၂ လက်မ၊ မိုးကုတ်၌ ၀ ဒသမ ၈၃ လက်မ၊ မြင်းခြံ၌ ၁ ဒသမ ၆၁ လက်မ၊ မိတ္ထီလာမြို့၌ ၀ ဒသမ ၇၁ လက်မ၊ ရမည်းသင်း၌ ၀ ဒသမ ၂၈ လက်မ၊ ပျဉ်းမနား၌ ၀ ဒသမ ၁၂ လက်မ ရွာသွန်းခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းနိုင်**



မိုးရွာသွန်းမှုကြောင့် မန္တလေးမြို့တွင်လမ်းပေါ် ရေလျှံနေမှုကို တွေ့ရစဉ်။



# အင်္ဂပူမြို့နယ် အကျကွင်းကျေးရွာတွင် သဲဖြူချောင်းရေလျှံ၍ နေအိမ်ငါးလုံး မျောပါပျက်စီး

**အင်္ဂပူ အောက်တိုဘာ ၁၃**

အင်္ဂပူမြို့နယ် ကျောင်းကွင်းကျေးရွာအုပ်စု အကျကွင်းကျေးရွာ(အေးသာယာသစ်ဆိပ်)တွင် အောက်တိုဘာ ၁၂ ရက် နံနက်ပိုင်းက သဲဖြူချောင်းရေလျှံ၍ ချောင်းအနီးပတ်ဝန်းကျင်ရှိ လူနေအိမ် ၇၂ လုံး ရေဝင်နစ်မြုပ်ခဲ့ပြီး **(အပေါ်ပုံ)** မျောတိုင်၊ သွပ်မိုး၊ ထရံကာလူနေအိမ်နှစ်လုံး၊ မျောတိုင်၊ ဓနိမိုး၊ ထရံကာ လူနေအိမ် သုံးလုံး စုစုပေါင်း ငါးလုံး မျောပါပျက်စီးခဲ့သည်။

အဆိုပါသဲဖြူချောင်း ရေလျှံမှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမ်းမိုးဟန် ဦးဆောင်သောအဖွဲ့များက သွားရောက်၍ ရေဝင်နစ်မြုပ် အိမ်ထောင်စုဝင်များအား ရေလွတ်ရာ ပုသိမ်-မုံရွာကားလမ်းမဘေး ယာယီကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာချထားပေးခဲ့ပြီး အိမ်ထောင်စုဝင်များအား ဆန်၊ ကုလားပဲ၊ သောက်ရေသန့်၊ ငါးသေတ္တာစသော ကယ်ဆယ်ရေးပစ္စည်းများပေးအပ်ခဲ့ပြီး စေတနာရှင်များကလည်း ထမင်းထုပ်များ၊ မိုးကာဖျင်များပေး အပ်လှူဒါန်းခဲ့ကြောင်းနှင့် ချောင်းရေလျှံမှုကြောင့် လူနှင့်တိရစ္ဆာန်များ သေဆုံးမှုမရှိကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

# ယင်းချောင်းတံတား ချဉ်းကပ်လမ်း၏ မြေထိန်းနံရံရေတိုက်စား

**မြို့သစ် အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် တပ်ကုန်းကျေးရွာအနီး နေပြည်တော်-မြို့သစ်-ကံပြားကားလမ်းမိုင်တိုင်(၅၁/၆)ရှိ ယင်းချောင်းတံတား၏ အနောက်ဘက်ခြမ်း ချဉ်းကပ်လမ်းကို ကာရံထားသည့် မြေထိန်းနံရံကို အောက်တိုဘာ ၁၃ ရက် နံနက် ၁၀ နာရီက မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေတိုက်စားမှုကြောင့် အဆိုပါကားလမ်း၏ လမ်းပခုံးသားမှာ အလျားပေ ၂၀၊ အကျယ် လေးပေ၊ အမြင့် ခြောက်ပေခန့်ရှိမြေများ ပြိုကျပျက်စီးသွားကြောင်း သိရသည်။ **(ယာပုံ)**



အဆိုပါမြေပြိုကျသည့်နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဗိုလ်အောင်မောင်မောင်၊ မြို့နယ်လမ်းဦးစီးဌာနမှူး ဒေါ်ပြုံးကြည်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ မွန်းလွဲ ၁၂ နာရီခွဲတွင် လမ်းလုပ်သား ၂၀ တို့ဖြင့် မြေဖို့ခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ အဆိုပါချဉ်းကပ်လမ်း မြေပြိုကျခဲ့သော်လည်း ယာဉ်ကြီး၊ ယာဉ်ငယ်များ ဖြတ်သန်းသွားလာနိုင်သဖြင့် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်မှုမရှိကြောင်း သိရသည်။ **(၀၂၁)**

# မူးမြစ်စီးရိမ်ရေမှတ်ကျော်လွန် မြစ်ကမ်းဘေးကျေးရွာအချို့ ရေများထပ်မံဝင်ရောက်




**စစ်ကိုင်း အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံအထက်ပိုင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အချို့သောနေရာများ၌ နေရာကွက်၍ မိုးရွာသွန်းမှုများခြင်းကြောင့် သဖန်းဆိပ်ဆည်မှ သတ်မှတ်ရေပြည့်မှတ် ၅၄၅ ပေအထက် ၃ ဒသမ ၁ ပေကျော်လွန်နေသောရေများကို ရေပိုလွှဲများမှ ထုတ်လွှတ်ထားသည်။

သို့ဖြစ်၍ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့အကြား ညောင်ပင်ဝန်းကျေးရွာအနီး၌ ဖြတ်သန်းစီးဆင်းလျက်ရှိသည့် မူးမြစ်သည် အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက စီးရိမ်ရေမှတ်အထက် ရှစ်လက်မခန့်ကျော်လွန်ကာ ၂၇ ဒသမ ၂ ပေ သို့ ရောက်ရှိနေပြီး စစ်ကိုင်းမြို့နယ်အတွင်း မြစ်ဘေးတစ်လျှောက်ကျေးရွာအချို့ မူးမြစ်ရေများ ထပ်မံဝင်ရောက်လျက်ရှိသည်။ စစ်ကိုင်း-မုံရွာသွားကားလမ်း ညောင်ပင်ဝန်းကျေးရွာအဝင်မှ ညောင်ပင်ဝန်းတံတားအတွင်း မော်တော်ကားလမ်းပိုင်းအချို့ ရေကျော်နေပြီး မိုင်တိုင်အမှတ် (၃၇/၆)နှင့် (၃၇/၇)တို့အကြားတွင် ရေသုံးလက်မခန့်ကျော်နေသော်လည်း ယာဉ်များပုံမှန်သွားလာလျက်ရှိသည်ကို သိရသည်။

အဆိုပါကျေးရွာနှင့် မော်တော်ကားလမ်းရေကျော်သည့်နေရာများသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရွှေတောင် ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီမှ လမ်းလုပ်သားများက လမ်းဘေးသဲအိတ်ချခြင်း၊ ယာဉ်များသွားလာနေသည့်အတွက် အန္တရာယ်မဖြစ်စေရန် လမ်းဘေးတစ်လျှောက် သတ်မှတ်နေရာများတွင် ဝါးတိုင်များစိုက်၍ အချက်ပြကြိုးများသွယ်တန်းပေးထားပြီး ကျေးရွာပြည်သူနှင့် တိရစ္ဆာန်များကိုအန္တရာယ်ကင်းရှင်းသည့်နေရာများသို့ ရွှေ့ပြောင်းနေထိုင်ရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**မျိုးဝင်း(စစ်ကိုင်း)**

## တိုင်းဒေသကြီး/ပြည်နယ်အလိုက် မိုးရွာသွန်းမည့်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၃**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၁၄ ရက်တွင် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲမိုးရွာသွန်းနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**(မြန်မာ့အလင်း)**

## မြေပြိုဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနထောက်ပံ့

**ဖားဆောင်း အောက်တိုဘာ ၁၃**

အောက်တိုဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ် မော်ချီးကျေးရွာအုပ်စုရှိ တောင်ပေါ်ရွာ၊ (၁၆)ကုန်းရွာ၊ (၁၃)ကုန်းရွာ၊ လိုခါးလိုရွာနှင့် ဇီးပင်ကွေ့ကျေးရွာတို့၌ မြေပြိုမှုဖြစ်ပွားခဲ့ရာ နေအိမ် ၆၀ နှင့် ဘုရားကျောင်းတစ်ကျောင်း ပြိုကျပျက်စီးခဲ့၍ လူဦးရေစုစုပေါင်း ၃၆၉ ဦး ဘေးဒုက္ခကြုံတွေ့ခဲ့ကြောင်းနှင့် လူ ၁၆ ဦးသေဆုံးပြီး ခြောက်ဦးပျောက်ဆုံးခဲ့ကြောင်း ကနဦးသတင်းရရှိခဲ့သည်။ အဆိုပါဘေးသင့်ပြည်သူများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆန်ရိက္ခာဖိုးငွေကျပ် ၆၁၉၅၀၀၊ သေဆုံး/ပျောက်ဆုံး ထောက်ပံ့ငွေ ၂၂၀၀၀၀၀ နှင့် တန်ဖိုးငွေကျပ် ၂၂၀၆၆၀၀ ရှိ ကယ်ဆယ်ရေးပစ္စည်းများ၊ စုစုပေါင်းငွေသားနှင့် ပစ္စည်းထောက်ပံ့မှု ငွေကျပ် ၅၀၂၆၁၀၀ ကို ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ထောက်ပံ့ခဲ့ပြီး လိုအပ်သည်များ ဆက်လက်ထောက်ပံ့နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

## ရထားလမ်း ရေကြီးနစ်မြုပ်မှုများကြောင့် လမ်းများပိတ်ထား

**နေပြည်တော် အောက်တိုဘာ ၁၃**

မြန်မာ့မီးရထား တိုင်း(၉) နယ်မြေ သရက်-မင်းဘူးလမ်းပိုင်း လက်ပံ-ကြာကန်ကြား ကညင်တံတား၌ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေ ကြမ်းတမ်းစွာစီးဆင်းသဖြင့် အောက်တိုဘာ ၁၂ ရက်နံနက် ၈ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ မင်းလှ-မလွန်ကြား ပန်းတော်ပြင်တံတား ချဉ်းကပ်လမ်း ပေ (၁၅ × ၁၀ × ၃၀) တာပေါင်ပြိုကျနေသဖြင့် နံနက် ၇ နာရီ မိနစ် ၅၀ တွင်လည်းကောင်း လမ်းပိတ်ထားခဲ့ရသည်။

တောင်တွင်းကြီး-မကွေးလမ်းပိုင်း ယင်းသာစည်-ထန်းပင်စမ်းကြား တံတားအမှတ် (၆၂)၏ ထန်းပင်စမ်းဘက် တာပေါင် ပေ(၁၀ × ၆ × ၃) ရေတိုက်စားနေပြီး ရထားဖြတ်သန်းရန် မဖြစ်သဖြင့် အောက်တိုဘာ ၁၂ ရက် နံနက် ၅ နာရီက လမ်းပိတ်ထားခဲ့ရသည်။

ထိုနည်းတူစွာ မင်းလှ-တောင်တွင်းကြီးလမ်းပိုင်း၊ မလွန်လမ်းပေါင်း-မိချောင်းရဲကြား လမ်းပိုင်းအတွင်း ပေ(၆၀၀ × ၈ × ၁)ခန့် သဲမြေများ ဖုံးလွှမ်းနေသဖြင့် ညနေ ၃ နာရီ မိနစ် ၄၀ တွင် လမ်းပိုင်းပိတ်ထားခဲ့ရသည်။

သရက်-ဘုရားပေါ် လမ်းပိုင်း ကံမ-ညောင်ကိုင်းကြား မိုင် ၂၄၃/၁၁-၁၂ ၌ ပေ(၁၀၀× ၅ × ၄) နှင့် မိုင်၂၄၃/၅-၆ ၌ ပေ (၁၀၀× ၅×၃)ခန့် တောင်ပြိုမြေများ ဖုံးလွှမ်းနေသဖြင့် အောက်တိုဘာ ၁၂ ရက် နံနက် ၁၁ နာရီ ၃၇ မိနစ်က ပိတ်ထားခဲ့ပြီး အင်ဂျင်နီယာ(ကံမ) လုပ်သားများအဖွဲ့က ဖယ်ရှားရှင်းလင်းခဲ့ပြီး အဆိုပါလမ်းပိုင်းကို ညနေ ၄ နာရီ ၂၅ မိနစ်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရေတိုက်စားမှုကြောင့် ကားလမ်းပျက်စီး

**တံတားဦး အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ်သည် အောက်တိုဘာ ၁၀ ရက်ကစ၍ မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ယနေ့နံနက် ၈ နာရီတွင် ခရိုင်ချင်းဆက် မြို့တက်လမ်းဖြစ်သော တံတားဦးမြို့နယ် ချောင်းခွကျေးရွာ၏မြောက်ဘက် ခရိုင်ချင်းဆက်လမ်း မိုင်တိုင်အမှတ်(၃၉၃/၅) နှင့် (၃၉၃/၆) ကြား သစ်သားတံတား၏ တောင်နှင့်မြောက်ဆက်သွယ်ထားသော သစ်သားတံတားအောက်ခြေကပ်လျက်တွင် ရေတိုက်စားခဲ့ရာ လမ်းဘေးတစ်ဖက် တစ်ချက် သုံးပေခန့်စီပျက်စီးသွားပြီး ကားလမ်းမှာ အကျယ်လေးပေခန့်သာကျန်ရှိကြောင်း သိရသည်။

အဆိုပါကားလမ်းမိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားသဖြင့် ကားများမောင်းနှင်၍ မရတော့ဘဲ ဆိုင်ကယ်များသာမောင်းနှင်သွားလာလျက်ရှိပြီး ပျက်စီးသွားသော ကားလမ်းကိုပြုပြင်နိုင်ရေးအတွက် ချောင်းခွကျေးရွာအုပ်ချုပ်ရေးမှူးက တံတားဦးမြို့နယ် ဆောက်လုပ်ရေး(လမ်း/တံတား)ဌာနသို့ ဆက်လက်အကြောင်းကြားထားကြောင်း သိရသည်။

**ရဲတင့်(ပြန်/ဆက်)**

# ရေလှောင်တမံကြီးများနှင့် ရေလှောင်တမံများ ကျိုးပေါက်မှုမရှိ၊ ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၃

**မြန်မာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဆည်တာတမံများ ကျိုးပေါက်မှုမရှိစေရေး ရေကင်းများချထားပြီး စောင့်ကြပ်ကြည့်ရှုဆောင်ရွက်လျက်ရှိရာ ယနေ့ညနေ ၆ နာရီ တိုင်းထွာချက်အရ ရေလှောင်တမံကြီး ၅၅ ခုတွင် သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိပြီး တာတမံများ ကျိုးပေါက်မှုမရှိကြောင်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။**

**သတ်မှတ်ရေလှောင်ပမာဏပြည့်မီသဖြင့် ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ရေလှောင်တမံကြီးများ**

| စဉ် | ဆည်အမည် | ကန်ရေပြည့်ရေလှောင် ပမာဏ(ဧကပေ) | ရေပိုလွှဲမှ ရေကျော်ကျမှု (ပေ) |
|---|---|---|---|
| ၁။ | သဖန်းဆိပ်ရေလှောင်တမံ | ၂၈၈၀၀၀၀ | ၁. ၅၅' |
| ၂။ | မုန်းချောင်းရေလှောင်တမံ | ၆၇၄၄၀၇ | ၅. ၆၀' |
| ၃။ | ကြီးအုံကြီးဝရေလှောင်တမံ | ၃၁၉၇၀၀ | ၇. ၅၀' |
| ၄။ | ပေါင်းလောင်းရေလှောင်တမံ | ၅၄၉၄၂၀ | ၀. ၁၉' |
| ၅။ | ရေဘုတ်ရေလှောင်တမံ | ၂၈၄၇၄ | ၀. ၈၅' |
| ၆။ | လိုင်ဗားရေလှောင်တမံ | ၁၉၅၄ | ၀. ၈၀' |
| ၇။ | ကိုးပင်ကန် | ၉၇၆၄ | ၁. ၁၀' |
| ၈။ | ရာဇဗြိုဟ်ရေလှောင်တမံ | ၅၂၀၀၀ | ၂. ၇၀' |
| ၉။ | သိန်ရင်ရေလှောင်တမံ | ၂၅၂၆၀ | ၁. ၀၅' |
| ၁၀။ | ကင်းတပ်ရေလှောင်တမံ | ၃၈၂၉၅ | ၅. ၁၀' |
| ၁၁။ | ကျေးပင်အက်ရေလှောင်တမံ | ၄၄၀၀၀ | ၀. ၂၀' |
| ၁၂။ | လင်ပန်းရေလှောင်တမံ | ၁၀၁၈၀ | ၀. ၆၀' |
| ၁၃။ | မြောက်ယမားရေလှောင်တမံ | ၁၄၀၅၇ | ၂. ၄၀' |
| ၁၄။ | မြောက်ယမားရေကူရေလှောင်တမံ | ၁၂၂၉၀၀ | ၂. ၈၀' |
| ၁၅။ | ကန့်ထောင့်ရေလှောင်တမံ | ၇၁၉ | ၁. ၁၀' |
| ၁၆။ | ဆွာချောင်း ရေလှောင်တမံ | ၂၁၆၃၅၀ | ၁. ၄၀' |
| ၁၇။ | ပသိရေထိန်းတမံ | ၃၀၅၀၀ | ၀. ၇၀' |
| ၁၈။ | ပျဉ်ပုံကြီးရေလှောင်တမံ | ၁၁၁၃၀ | ၂. ၆၀' |
| ၁၉။ | ငမြွေရေလှောင်တမံ | ၂၃၈၀ | ၀. ၄၀' |
| ၂၀။ | ဘောနီရေလှောင်တမံ | ၃၅၂၀၀ | ၁. ၃၀' |
| ၂၁။ | မဇင်းရေလှောင်တမံ | ၂၆၁၈၆ | ၁. ၀၀' |
| ၂၂။ | ရွှေပြည်(၃)ရေလှောင်တမံ | ၃၇၀၀ | ၀. ၉၀' |
| ၂၃။ | အလိုင်နီရေလှောင်တမံ | ၃၉၀၀၀ | ၁. ၅၅' |
| ၂၄။ | ဇလက်ထော်ရေလှောင်တမံ | ၁၈၉၁၂ | ၀. ၉၀' |
| ၂၅။ | တောင်နဝင်းရေထိန်းတမံ | ၂၁၁၉၆ | ၁. ၆၄' |
| ၂၆။ | သဲကောရေလှောင်တမံ | ၅၂၅၀၀ | ၁. ၀၀' |
| ၂၇။ | တောင်ညိုရေလှောင်တမံ | ၂၁၀၀၀၀ | ၁. ၁၅' |
| ၂၈။ | ရွှေတောင်ဆည် | ၅၃၆၀ | ၀. ၆၀' |
| ၂၉။ | ဝဲကြီးရေလှောင်တမံ | ၂၅၂၀၀၀ | ၀. ၇၀' |
| ၃၀။ | စဥ့်ကူးချောင်းဂေါင်းရေလှောင်တမံ | ၂၂၂၉ | ၀. ၃၀' |
| ၃၁။ | ခဝါရေလှောင်တမံ | ၁၂၅၅၀ | ၂. ၄၅' |
| ၃၂။ | ညောင်ကိုင်းရေလှောင်တမံ | ၁၇၅၉၄ | ၂. ၀၀' |
| ၃၃။ | တောင်ယမားရေလှောင်တမံ | ၁၇၀၄၀ | ၀. ၇၀' |
| ၃၄။ | ဝန်ချောင်းရေလှောင်တမံ | ၁၆၆၇ | ၀. ၅၀' |
| ၃၅။ | စလင်းရေလှောင်တမံ | ၁၃၃၀၀၀ | ၀. ၅၀' |
| ၃၆။ | ဆဒ္ဒန်ရေလှောင်တမံ | ၂၅၀၀၀ | ၀. ၄၀' |
| ၃၇။ | စွန်ချောင်းရေလှောင်တမံ | ၃၀၇၂၀ | ၀. ၅၀' |
| ၃၈။ | ဘုတ်ချောင်းရေလှောင်တမံ | ၁၂၅၀ | ၀. ၅၀' |
| ၃၉။ | မန်းရေလှောင်တမံ | ၁၂၀၀၀၀ | ၁. ၅၀' |
| ၄၀။ | မဒေးရေလှောင်တမံ | ၅၃၉၀၈ | ၂. ၁၀' |
| ၄၁။ | ရင်းရှည်ရေလှောင်တမံ | ၂၆၀၀ | ၁. ၀၀' |
| ၄၂။ | ဘွက်ကြီးရေလှောင်တမံ | ၇၃၁၉၂ | ၀. ၅၀' |
| ၄၃။ | မာလဲနတ်တောင်ရေလှောင်တမံ | ၅၀၉၇၀ | ၁. ၄၀' |
| ၄၄။ | ညောင်ကုန်းရေလှောင်တမံ | ၂၉၂၃ | ၀. ၆၀' |
| ၄၅။ | လက်ခုပ်ပင်ရေလှောင်တမံ | ၉၅၀ | ၀. ၇၀' |
| ၄၆။ | ရှောက်ချောင်းရေလှောင်တမံ | ၁၁၄၀ | ၀. ၃၀' |
| ၄၇။ | ရဟိုင်းကွင်းရေလှောင်တမံ | ၆၂၅ | ၀. ၁၀' |
| ၄၈။ | လဂွမ်းပြင်ရေလှောင်တမံ | ၁၄၈၈၀၀ | ၀. ၈၀' |
| ၄၉။ | မဟူရာ(ငမိုးရိပ်)ရေကူ ရေလှောင်တမံ | ၅၃၉၉၂ | ၁. ၁၀' |
| ၅၀။ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ၁၇၃၅ | ၀. ၆၀' |
| ၅၁။ | ဇာမဏီအင်းရေလှောင်တမံ | ၅၃၆၄ | ၀. ၇၅' |
| ၅၂။ | ကွန်ချောင်းရေလှောင်တမံ | ၉၈၄၀၀ | ၁. ၉၀' |
| ၅၃။ | မမြရေလှောင်တမံ | ၇၁၄၀၀ | ၄. ၀၀' |
| ၅၄။ | နန်ကသူရေလှောင်တမံ | ၄၀၄၈၇ | ၃. ၇၀' |
| ၅၅။ | ကညင်ရေလှောင်တမံ | ၁၄၅၀၀၀ | ၄. ၈၀' |

**(သတင်းစဉ်)**

# ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှုနှင့်အတူ ဧရာဝတီလင်းပိုင်အခြေပြုခရီးသွားကဏ္ဍဖွံ့ဖြိုးရန်လည်း ဆောင်ရွက်သွားမည်

**“ကျွန်တော်တို့ ဧရာဝတီလင်းပိုင် ထိန်းသိမ်းကာကွယ်ရေးဇုန်အတွင်းမှာ အရင်လက လေ့လာတွေ့ရှိရတာ ၂၄ ကောင်ရှိပါတယ်။ အရင်က ဒီဇုန်ထဲမှာ ၁၇ ကောင်ပဲ တွေ့ရှိရတယ်။ ထိန်းသိမ်းကာကွယ်ရေးဇုန်ထဲမှာ ကောင်ရေ တိုးလာတယ်လို့ ပြောလို့ရပါတယ်။**



ရေလုပ်သားလှေအနီးမှ ဧရာဝတီလင်းပိုင်တစ်ကောင်။

“ဧရာဝတီလင်းပိုင်တွေကို တမင်ရည်ရွယ်သတ်တာမျိုး မရှိပေမယ့် ရေယာဉ်မော်တော်တွေ တိုးပွားလာပြီး မော်တော်ပန်ကာတွေနဲ့ ထိခိုက်မိတာမျိုး၊ ငါးဖမ်းပိုက်တွေမှာ ငြိတွယ်ပြီး သေဆုံးတာမျိုး၊ ဘက်ထရီလျှော့တိုက်ငါးဖမ်းလို့ ဧရာဝတီလင်းပိုင်အကောင်ကြီးတွေက မထိခိုက်နိုင်ပေမယ့် အကောင်ငယ်လေးတွေကတော့ ထိခိုက်သေဆုံးနိုင်ပါတယ်။ အဓိကကတော့ ဘက်ထရီလျှော့တိုက်ငါးဖမ်းလို့ ထိခိုက်သေဆုံးတာများပါတယ်၊ ပြီးတော့ သုတေသနလုပ်တဲ့အခါမှာလည်း ကျောက်မြောင်းနဲ့ ဗန်းမော်ကြားက သေစာရင်းကို တိတိကျကျမရနိုင်တဲ့ အခက်အခဲရှိပါတယ်”ဟု သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society-WCS) မှ ဦးကျော်လှသိန်းက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့ ရေတော်ဘုရားရှေ့ (အနောက်ဘက်ကမ်း၊ အရှေ့ဘက်ကမ်း)မှ စစ်ကိုင်းတိုင်းဒေသကြီးမင်းကွန်းတောင်ရိုး၊ ဗောဓိတစ်ထောင် ဘုရားအရှေ့ကမ်း (အနောက်ဘက်ကမ်း)၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ နန်းတော်ကျွန်းရွာ (အရှေ့ဘက်ကမ်း) အထိ ဧရာဝတီမြစ်ပိုင်းဧရိယာကို ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးဧရိယာအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ဧရာဝတီလင်းပိုင်အရေအတွက် စာရင်းကောက်ယူခြင်းလုပ်ငန်းများ၊ သုတေသနလုပ်ငန်းများ၊ ဧရာဝတီလင်းပိုင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့တို့ ပူးပေါင်းကာ ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးဧရိယာ (Protected Area) သတ်မှတ်၍ တစ်လလျှင် နှစ်ကြိမ်နှင့် ဧရာဝတီလင်းပိုင်များ နေထိုင်ကျက်စားရာ မန္တလေးမြို့မှ ဗန်းမော်မြို့အကြား ဧရာဝတီမြစ်ပိုင်းတွင် တစ်နှစ်လျှင် တစ်ကြိမ် ကွင်းဆင်းလေ့လာသုတေသနပြု ဆောင်ရွက်လျက်ရှိသည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့တို့၏ တစ်လလျှင် နှစ်ကြိမ်နှုန်းဖြင့် ဆောင်ရွက်သည့် ဧရာဝတီလင်းပိုင် ထိန်းသိမ်းစောင့်ရှောက်ရေးဧရိယာ လေ့လာသုတေသနပြု ခရီးစဉ်အတွင်း လင်းပိုင် ၂၄ ကောင်သည် ထိန်းသိမ်းစောင့်ရှောက်ရေးဧရိယာအတွင်း နေထိုင်ကျက်စားနေသည်ကို တွေ့ရှိခဲ့ရပြီး သုတေသနပြုခရီးစဉ်ကို ပြီးခဲ့သည့် စက်တင်ဘာ ၁၄ ရက်မှ ၁၈ ရက်အထိ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ငါးလုပ်ငန်းဦးစီးဌာနသည် ဧရာဝတီလင်းပိုင်များ နေထိုင်ကျက်စားရာ မန္တလေးမြို့မှ ဗန်းမော်မြို့အကြား ဧရာဝတီမြစ်ပိုင်း လေ့လာသုတေသနပြုမှုများကို တစ်နှစ်လျှင် တစ်ကြိမ် ဆောင်ရွက်လျက်ရှိရာမှ ယခုအခါ တစ်နှစ်လျှင် နှစ်ကြိမ် ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယခုအခါ ဧရာဝတီလင်းပိုင် ထိခိုက်သေဆုံးမှုများသည် သဘာဝကြောင့် သေဆုံးမှုထက် လူ့ပယောဂကြောင့် သေဆုံးမှုမှာ ပိုမိုများပြားပြီး ဗန်းမော်မြို့နှင့် ကသာမြို့ ဧရာဝတီမြစ်ရေပြင်ရှိ ဧရာဝတီလင်းပိုင်များမှာ သေဆုံးမှုရာခိုင်နှုန်း ပိုများကြောင်း သိရသည်။



ဧရာဝတီမြစ်အတွင်းမှ လင်းပိုင်နှစ်ကောင်။


“ဧရာဝတီလင်းပိုင်တွေ ထိန်းသိမ်း စောင့်ရှောက်ကာကွယ်နိုင်ဖို့နဲ့ ဘက်ထရီလျှော့တိုက် ငါးဖမ်းခြင်းကြောင့် သေဆုံးမှုတွေ လျော့နည်းစေဖို့အတွက် ကျွန်တော်တို့ WCS အဖွဲ့ရယ်၊ ငါး လုပ်ငန်းဦးစီးဌာနရယ်၊ ရဲတပ်ဖွဲ့ဝင်တွေရယ်၊ အထွေထွေအုပ်ချုပ်ရေးရယ်၊ ဟိုတယ်နဲ့ ခရီးရယ် ပူးပေါင်းပြီး workshop တစ်ခု ပြီးခဲ့တဲ့လက မန္တလေးမှာ လုပ်ပါတယ်။ ပြီးတော့ အားလုံးပူးပေါင်းပြီးတော့ ကင်းလှည့်ပြီး စောင့်ကြည့်တာမျိုး လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒါမျိုးတွေ လျော့နည်းသွားရင် ဧရာဝတီလင်းပိုင်အရေအတွက်ဟာလည်း တိုးတက်လာမှာပါ” ဟု ဦးကျော်လှသိန်းက ပြောသည်။

မန္တလေးမြို့မှ ဗန်းမော်မြို့အကြား ဧရာဝတီမြစ်ပိုင်းတွင် ဧရာဝတီလင်းပိုင် ၅၈ ကောင် တွေ့ရှိရကြောင်း ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society-WCS) တို့၏ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ပူးပေါင်းလေ့လာမှုများအရ သိရသည်။

ဧရာဝတီလင်းပိုင်နှင့် လက်ပစ်ကွန်ရေလုပ်သား အကျိုးတူပူးပေါင်း ငါးရှာဖွေဖမ်းဆီးသည့် ရိုးရာဓလေ့သည် နိုင်ငံခြားခရီးသွားများကို အထူးဆွဲဆောင်နိုင်ပြီး အဆိုပါရိုးရာဓလေ့ကို ဂျာမနီနိုင်ငံနှင့် ဂျပန်နိုင်ငံတို့က မှတ်တမ်းရုပ်ရှင် ရိုက်ကူးပြသခဲ့ကြောင်း သိရှိရသည်။

ထို့ကြောင့် ဧရာဝတီလင်းပိုင်အခြေပြုခရီးသွားကဏ္ဍ ဖွံ့ဖြိုးစေရန်အတွက် ဆောင်ရွက်သွားမည်ဟုလည်း သိရှိရပြီး ထိုသို့ ဆောင်ရွက်သွားမည့် အခြေအနေများအပေါ် “နိုင်ငံခြားသားတွေက ဧရာဝတီလင်းပိုင်တွေနဲ့ လက်ပစ်ကွန်ရေလုပ်သားတွေ ပူးပေါင်းငါးဖမ်းတာကို အလွန်သဘောကျတယ်။ လာရောက်ပြီးတော့လည်း လေ့လာကြည့်ရှုကြတယ်။

ဒီလို ဧရာဝတီလင်းပိုင်းကို လာကြည့်ရင်းနဲ့ ကျေးရွာတွေမှာ လုပ်ကိုင်နေတဲ့ လက်မှုလုပ်ငန်းတွေဖြစ်တဲ့ ခမောက်လုပ်ငန်းတွေ၊ အိုးလုပ်ငန်းတွေ စတဲ့ လုပ်ငန်းတွေကိုလည်း ဆက်စပ်လေ့လာကြပြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးလာစေဖို့နဲ့ ဒေသခံတွေ ဝင်ငွေပိုပြီးရရှိစေရေးအတွက် ဆောင်ရွက်သွားဖို့တွေရှိပါတယ်”ဟု ဦးကျော်လှသိန်းက ပြောကြားခဲ့သည်။ **ဟန်နီဝင်း(သတင်းစဉ်)**




ဧရာဝတီလင်းပိုင် ထိန်းသိမ်းရေးနယ်မြေပုံ။

**═ ဧရာဝတီလင်းပိုင်နှင့် လက်ပစ်ကွန် ရေလုပ်သား အကျိုးတူပူးပေါင်း ငါးရှာဖွေ ဖမ်းဆီးသည့် ရိုးရာဓလေ့သည် နိုင်ငံခြားခရီးသွားများကို အထူး ဆွဲဆောင်နိုင်ပြီး အဆိုပါရိုးရာဓလေ့ကို ဂျာမနီနိုင်ငံ နှင့် ဂျပန်နိုင်ငံတို့က မှတ်တမ်းရုပ်ရှင် ရိုက်ကူး ပြသခဲ့ ═**

❍ **ရှေ့ဖုံးမှ**

မတရားအသင်းအဖြစ် ကြေညာထားခဲ့သော ကရင်အမျိုးသားအစည်းအရုံး(KNU)၊ မြန်မာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (ABSDF)နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (RCSS/SSA-S)အဖွဲ့(၃)ဖွဲ့ကို ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာ အမှတ်(၂/၂၀၁၅)ဖြင့် လည်းကောင်း၊ အကြမ်းဖက်သူများအဖြစ် ကြေညာထားခဲ့သော မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF)နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည် တပ်မတော်(တောင်ပိုင်း)(RCSS/SSA-S)အဖွဲ့တို့အား ပြည်ထဲရေးဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်(၃/၂၀၁၅)ဖြင့် လည်းကောင်း ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ(၁၂)ရက်နေ့တွင် ပယ်ဖျက်ကြောင်း ကြေညာခဲ့ပါသည်။

၅။ သို့ဖြစ်၍ ကရင်အမျိုးသားအစည်းအရုံး (KNU)၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) နှင့် ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည်တပ်မတော်(တောင်ပိုင်း) (RCSS/SSA-S) အဖွဲ့များ၏ လက်အောက်ခံအဖွဲ့အစည်းများသည်လည်း မတရားအသင်းအဖြစ်မှ ပယ်ဖျက်ပြီး ဖြစ်ပါသည်။

၆။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် (NCA) တွင် လက်မှတ်ရေးထိုးမည့် ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၅)ဖွဲ့ဖြစ်သော (၁)ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသား လွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA-PC)၊ (၂)ချင်းအမျိုးသားတပ်ဦး (CNF)၊ (၃)ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)၊ (၄)ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ (၅) ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) တို့သည်လည်း မတရားအသင်းအဖြစ်မှ လည်းကောင်း၊ အကြမ်းဖက်သူများအဖြစ်မှ လည်းကောင်း အကျုံးဝင်မှုမရှိတော့ပါကြောင်း အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၃**

နေပြည်တော်၌ အောက်တိုဘာ ၁၅ ရက်တွင် ကျင်းပမည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်လက်မှတ်ရေးထိုးရန် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသား တပ်မတော်(DKBA)မှ ဦးစောလားဘွယ်ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲ ၁ နာရီ ၂၅ မိနစ်တွင် နေပြည်တော်ရှိ ဟော်ရီဇုန်လိတ်ခ်ဗျူးဟိုတယ်သို့ လည်းကောင်း **(ယာပုံ)**၊ ချင်းအမျိုးသားတပ်ဦး(CNF) ဥက္ကဋ္ဌ ဦးပူးနန်လျန်ထန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၄ နာရီ မိနစ် ၂၀ တွင် ဂရင်းအမရဟိုတယ်သို့ လည်းကောင်း **(အောက်ပုံ)**၊ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ/ရှမ်းပြည် တပ်မတော်(တောင်ပိုင်း) (RCSS/ SSA-S) ဥက္ကဋ္ဌ ဦးရွက်ဆစ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ညနေ ၆ နာရီခွဲတွင် ရွှေစံအိမ်ဟိုတယ်သို့ လည်းကောင်း **(အောက်ယာပုံ)**အသီးသီးရောက်ရှိကြသည်။

**(သတင်းစဉ်)**







## လူ့အခွင့်အရေးဆိုင်ရာ အသိပညာပြန့်ပွားရေးဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၃**

လူ့အခွင့်အရေးဆိုင်ရာ အသိပညာပြန့်ပွားရေးဆွေးနွေးပွဲကို အောက်တိုဘာ ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲက ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်နှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၂၅၀ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြကလူ့အခွင့်အရေး သမိုင်းကြောင်းနှင့် အနှစ်သာရများကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်က ကော်မရှင်၏လုပ်ငန်းတာဝန်နှင့် ဆောင်ရွက်ချက်များ၊ ဥပဒေနှင့် တိုင်တန်းချက် လုပ်ထုံးလုပ်နည်းများအကြောင်းကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည့် မေးမြန်းချက်များကို မေးမြန်းကြရာ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## အနောက်တောင် မုတ်သုံလေဆုတ်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၃**

မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ အောက်တိုဘာ ၁၄ ရက်တွင် မကွေးတိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ ဆုတ်ခွာခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(မိုး/ဇလ)**

## ကံမမြို့နယ်တွင် ချောင်းရေမြင့်တက်မှုကြောင့် ကျေးရွာချင်းဆက် ကြိုးတံတားနှစ်စင်းပျက်စီး

**ကံမ အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် အောက်တိုဘာ ၁၃ ရက် နံနက်က ငွေလေးကျေးရွာနှင့် အလယ်ကျေးရွာတို့ကို ဆက်သွယ်ထားသည့် သံကြိုး၊ သံပြားများဖြင့်ပြုလုပ်ထားသော အရှည် ပေ ၁၄၀၊ အနံ ၆ ပေရှိ စတီးကြိုးတံတားနှင့် ဇီးတောကျေးရွာနှင့် ကိုင်းဒေါင့်ကျေးရွာတို့ကို ဆက်သွယ်သည့် အရှည် ၂၀၈ ပေ၊ အနံ ၆ ပေရှိ စတီးကြိုးတံတား**(အောက်ပုံ)**တို့မှာ မိုးအဆက်မပြတ်ရွာသွန်းပြီး မဒေးချောင်းရေမြင့်တက်စီးဆင်းမှုကြောင့် အမှိုက်များ၊ ဒိုက်များ ကပ်ငြိ၍ စတီးကြိုးများ ဆိုင်းထားသည့် ဒေါက်တိုင်များ ပြိုလဲပျက်စီးခဲ့သည်။

အဆိုပါတံတားများ၏ ပစ္စည်းများ ဆုံးရှုံးမှုမရှိစေရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကျော်ဇေယျဝင်း(ကံမ)**



## သာယာဝတီမြို့နယ်၌ မြေငှားဂရန်ပေးအပ်

**သာယာဝတီ အောက်တိုဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် သင်တောရိုးကျေးရွာအုပ်စု ငွေးချောင်းကျေးရွာ၌ ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲကို အောက်တိုဘာ ၁၂ ရက်မွန်းလွဲ ၂ နာရီက ငွေးချောင်းကျေးရွာ အောင်မင်္ဂလာဆန်စက်ဝင်းအတွင်း၌ကျင်းပရာ သာယာဝတီခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထောက်အကူပြုအဖွဲ့၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့် ကျေးရွာမြေငှားဂရန် ရရှိကြသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုအောင်က အမှာစကားပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးတို့က ကျေးရွာပြည်သူ ၁၄၁ ဦး၏ကိုယ်စား ရပ်မိရပ်ဖသုံးဦးကို မြေငှားဂရန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**




မြန်မာ့ရုပ်ရှင်နေ့နှင့် (၅၂) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနား ဖွင့်လှစ်စဉ်။

❖ *ကျောဖုံးမှ*

ရုပ်ရှင်လောက၏ အကယ်ဒမီများရှင် ဗိုလ်ကလေးတင့်အောင်သည် အနုပညာလောက၏ ဝါရင့်အနုပညာရှင်ကြီးဖြစ်သလို အသက်အားဖြင့်လည်း ယနေ့ဆိုလျှင် ၉၄ နှစ်အတွင်းသို့ ရောက်ရှိနေပြီဖြစ်သည်။ ယနေ့အထိပင် မျိုးဆက်သစ်တပည့်တစ်ပန်း ရုပ်ရှင်လောကသားများကို ကောင်းစေချင်သည်။ ကောင်းအောင်လုပ်စေ၊ နေစေချင်သည်။ ရုပ်ရှင်အလုပ်ကို ကြိုးကြိုးစားစားလုပ်စေချင်သည်။ အာရုံစိုက်စေချင်



ဗိုလ်ကလေးတင့်အောင်



လူမင်း

သည်။ သူပြောဆိုသွားသည့်အထဲတွင် "ဘဘတို့က အနုပညာရှင်တွေပါ။ အနုပညာကိုပဲ ဒီလောကသားတွေ အာရုံစိုက်စေချင်တယ်" ဟု ပြောကြားခဲ့သည်။

**လူမင်း(ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ)**

"မြန်မာ့ရုပ်ရှင် ၉၅ နှစ်ပြည့်မှာ မြန်မာ့ရုပ်ရှင် သက်ကြီးပူဇော်ပွဲနေ့ကို အစဉ်အဆက်ကျင်းပလာခဲ့တာ ဒီနေ့နဲ့ဆို (၅၂) ကြိမ်မြောက်ရှိပါပြီ။ ကျွန်တော်တို့ လောကသားတွေအတွက်ကတော့ ဒီနေ့ဟာ နေ့ထူးနေ့မြတ်ရယ်လို့ ပြောလို့ရပါတယ်။ သက်ကြီးဘိုးဘွား ပညာရှင်ကြီးတွေကို ရိုးရာမပျက် အခုလိုစောင့်ရှောက်ကူညီမှုဟာ လူသားတိုင်းရဲ့တာဝန်ပါ။ တာဝန်သိမှု၊ တာဝန်ရှိမှုဆိုတာ လူတိုင်းမှာလိုအပ်ပါတယ်။ အခုဆိုရင် ကျွန်တော်တို့ တစ်နှစ်ထက်တစ်နှစ် သက်ကြီးဘိုးဘွား ပညာရှင်တွေကို ပိုပြီးတော့ လှူဒါန်းနိုင်ခဲ့ပါပြီ။"

မြန်မာ့ရုပ်ရှင်အစည်းအရုံးသည် ယခင်နှစ် (၅၁)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကထက် အလှူငွေတစ်သိန်းပိုလှူဒါန်းနိုင်ခဲ့သည့်အပြင် လှူဖွယ်ဝတ္ထုစုံနှင့် ဆေးပစ္စည်းများကိုလည်း ယခင်နှစ်ထက် ပိုမိုလှူဒါန်းနိုင်ခဲ့ပြီဖြစ်သည်။ ထို့အပြင် မြန်မာ့ရုပ်ရှင်အစည်းအရုံးက ဦးဆောင်ကာ အနုပညာဆည်းဆာရိပ်သာတစ်ခုအသွင်ဖော်ဆောင်ပေးမည့် သက်ကြီးဘိုးဘွားရိပ်သာကိုလည်း အကောင်အထည်ဖော် တည်ဆောက်ပေးနေပြီဖြစ်သည်။

**အကယ်ဒမီများရှင် လွင်မိုး**

"ကျွန်တော် ဒီရုပ်ရှင်သက်ကြီးပူဇော်ပွဲကို မတက်ဖြစ်တာလေးနှစ်ရှိပါပြီ။ ဒီနှစ်တော့ ဖုန်းဆက်တာနဲ့ တက်လည်းတက်မယ်၊ အလှူငွေလည်း လှူမယ်ဆိုပြီးတော့ ရောက်လာတာပါ။ အခုလို သက်ကြီးပညာရှင်တွေကို လာရောက်တွေ့ဆုံ ကန်တော့ရတာ အလွန်မွန်မြတ်တဲ့အလုပ်ပါ။ ဘာလို့လဲဆိုတော့ ဒီထဲမှာသရုပ်ဆောင်မှုအရ ပြစ်မှားခဲ့မိတာတွေရှိသလို သက်ကြီးဘိုးဘွားတွေကို ကန်တော့သင့် ကန်တော့ထိုက်တာကလည်း မင်္ဂလာတစ်ပါးပါပဲ။ နောင်နှစ်နောင်နှစ်တွေမှာလည်း ကြုံရင်ကြုံသလို လာရောက်ဂါရဝပြုဖို့ ရှိပါတယ်။"

ယနေ့ (၅၂) ကြိမ်မြောက် ရုပ်ရှင်သက်ကြီးပူဇော်ပွဲတွင် သရုပ်ဆောင်မြောက်မြားစွာ တက်ရောက်ဂါရဝပြုသည်ကိုမတွေ့ရဘဲ တက်သစ်စအနုပညာရှင် မော်ဒယ်အချို့နှင့် ကိုလွင်မိုးကိုသာတွေ့ရပြီး ကိုလွင်မိုးသည်လည်း အဆိုပါသက်ကြီးပူဇော်ပွဲသို့ အလှူငွေကျပ်သိန်း ၂၀ လာရောက်လှူဒါန်းရင်း ရောက်လာခြင်းဖြစ်ကြောင်း သိရသည်။

**ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ခင်ဝင့်ဝါ**

"အရင်က သရုပ်ဆောင်ကြီးတွေ၊ အတွေ့အကြုံရင့် မင်းသားမင်းသမီးကြီးတွေကို လာရောက်ဂါရဝပြုရတဲ့



လွင်မိုး

အတွက် အလွန်ပဲဝမ်းသာပီတိ ဖြစ်မိပါတယ်။ အနုပညာလောကထဲဝင်ရောက်ပြီး ဒုတိယအကြိမ်မြောက် တက်ရောက်တာပါ။ နောင်နှစ်တွေလည်း ဆက်ဆက်လာဖြစ်အောင် လာမှာပါ။ တကယ်လို့ အနုပညာလုပ်နေရင်တောင် ခဏနားပြီး လာရောက်



စိုးနန္ဒာကျော်

ကန်တော့ဖို့အထိ ဆုံးဖြတ်ထားပါတယ်။ မလာတဲ့အနုပညာရှင် သူငယ်ချင်းတွေကတော့ သူတို့အကြောင်းအမျိုးမျိုးရှိလို့နေမှာပါ။ ကျွန်မကတော့ နောင်နှစ်တွေလည်း အတတ်နိုင်ဆုံးလာနိုင်အောင် ကြိုးစားသွားမှာပါ။"

**မေမြတ်နိုး (မော်ဒယ်၊ သရုပ်ဆောင်)**

"ကျွန်မက မနှစ်ကလည်း တက်ဖြစ်ပါတယ်။ နောင်နှစ်တွေမှာလည်း အဘိုး၊ အဘွားတွေကို ဆက်ဆက်လာရောက်ဂါရဝပြု ဖြစ်မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီနေ့ဟာ ကျွန်မမွေးနေ့နဲ့ တိုက်ဆိုင်လို့ပါ။ အရင်နှစ်ကလည်း သက်ကြီးတွေကို ကန်တော့သလို၊ စတုဒိသာလည်း ကျွေးဖြစ်ပါတယ်။ ဒီနှစ်လည်း ဒီလိုပါပဲ။ နောင်နှစ်တွေမှာလည်း မပျက်မကွက် လာရောက်ဂါရဝပြု ကန်တော့နိုင်ဖို့ အတတ်နိုင်ဆုံး ကြိုးစားသွားမှာပါ။"

**မော်ဒယ်၊ သရုပ်ဆောင် စိုးနန္ဒာကျော်**

"ကျွန်မအနေနဲ့ ဒီဘိုးဘွားတွေကို လာရောက်ကန်တော့ဖြစ်တာ ၂၀၁၃ ခုနှစ်ကနဲ့ဆိုရင် သုံးနှစ်ရှိပါပြီ။ အခုလို လာရောက်ကန်တော့ရတာ ဝမ်းသာပီတိဖြစ်မိတယ်။ သမီးတို့အနေနဲ့ဆို အခုလို အစုံကန်တော့လိုက်နိုင်မှာမဟုတ်ဘူး။ အားလုံးကို အိမ်တိုင်ရာရောက်ကန်တော့ဖြစ်ဖို့လည်း မလွယ်ဘူး။ နောင်နှစ်တွေမှာလည်း အခုလိုပဲ လာရောက်ဂါရဝပြုဖြစ်မှာပါ။ သီတင်းလည်းကျွတ်တော့မှာမို့ အခုလိုအချိန်မှာ သက်ကြီးဘိုးဘွားပညာရှင်တွေကို ပြုစုစောင့်ရှောက်ကန်တော့မှုဟာ အလွန်ပဲမင်္ဂလာရှိပါတယ်လို့ ပြောချင်ပါတယ်။"

ယနေ့ကျင်းပသည့် အဆိုပါအခမ်းအနားသည် (၅၂) ကြိမ်မြောက်ဖြစ်ကာ ရုပ်ရှင်သက်ကြီးဘိုးဘွား ၁၄၄ ဦး တက်ရောက်ဂါရဝပြုခံယူခဲ့ပြီး မြန်မာ့ရုပ်ရှင်အစည်းအရုံးအနေဖြင့် အလှူငွေကျပ် နှစ်သိန်းနှင့် ဆေးဝါးပစ္စည်းများဖြင့် ကူညီထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

❒ *ကျောဖုံးမှ*

ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ဝဝန်မြစ်တစ်လျှောက်ရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုထားကြောင်း သိရသည်။ **(မိုး/ဇလ)**

## ကျေးရွာပြည်သူများ လက်ဝယ်အရောက် မြေငှားဂရန်များပေးအပ်

**တပ်ကုန်း အောက်တိုဘာ ၁၃**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာအုပ်စု ကြို့ပင်သာကျေးရွာ၏ ကျေးရွာမြေငှားဂရန်များပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာလ ပထမပတ်က မကျီးပင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြေငှားဂရန်ထုတ်ပေးရေး နေပြည်တော်ကောင်စီဝင် တပ်ကုန်းမြို့နယ် တာဝန်ခံ ဦးမြင့်ရွှေ၊ ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ (ကိုယ်စား) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးနေမျိုးထွန်းတို့က မြေငှားဂရန် ရရှိပိုင်ဆိုင်ထားသည့်အတွက် ရရှိလာမည့်အခွင့်အရေးနှင့် အကျိုးကျေးဇူးများကို ကျေးရွာပြည်သူများအား ရှင်းလင်းပြောကြားခဲ့ပြီး ကြို့ပင်သာကျေးရွာ အိမ်ထောင်စု ၃၈ စုအတွက် မြေငှားဂရန်များကို ကျေးရွာနေပြည်သူများလက်ဝယ်သို့ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင် (ပြန်/ဆက်)**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွင်း ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၁/၂)၊ အမှတ်(၂)လမ်းမကြီးနှင့် မဟာဗန္ဓုလလမ်းထောင့်ရှိ အစိုးရမြေဧရိယာ ၁၂ ဒသမ ၅၃၄ ဧကတွင် အငှားအိမ်ရာတည်ဆောက်ရန်အတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါတင်သွင်းရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သတ်မှတ်ပေးသော ခြောက်ခန်းတွဲလေးထပ် အဆောက်အအုံပုံစံကို မိမိတို့တည်ဆောက်နိုင်သည့် PAE နှုန်းထားတင်ပြ ဆောင်ရွက်ရန် ဖြစ်ပါသည်။

၃။ အငှားအိမ်ရာဆောက်လုပ်ရေးနှင့် စပ်လျဉ်း၍ နည်းပညာ၊ စံချိန်စံညွှန်း အဆိုပြုလွှာ၊ (Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ(Finanicial Proposal)တို့အား သီးခြားစီချိပ်ပိတ်လျက် ၃၀-၁၀-၂၀၁၅ရက် (သောကြာနေ့) ၁၆း၃၀ နာရီ နောက်ဆုံးထားပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးရှိ တင်ဒါပုံးများ အတွင်းသို့ တာဝန်ရှိသူ ကိုယ်တိုင်မှတ်ပုံတင်စာရင်းရေးသွင်း၍ တင်သွင်းရမည်။

၄။ သတ်မှတ်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ၂၃-၁၀-၂၀၁၅ ရက် နောက်ဆုံးထားပြီး(ရုံးချိန်အတွင်း) ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဝယ်ယူနိုင်ပါသည်။

၅။ တင်ဒါအဆိုပြုလွှာများအား အများရှေ့မှောက်၌ ဖွင့်လှစ်မှတ်တမ်းတင်၍ သတ်မှတ်ထားသော နည်းပညာ၊ စံချိန်စံညွှန်း၊ ဈေးနှုန်းတို့နှင့်ကိုက်ညီသည့် ကုမ္ပဏီကို ကျွမ်းကျင်ပညာရှင်အဖွဲ့ဖြင့် စိစစ်ရွေးချယ်ပါမည်။

၆။ တင်ဒါဖွင့်ဖောက်ရက်အား ဆက်သွယ်အကြောင်းကြားပါမည်။ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် (ရုံးချိန်အတွင်း) လူကိုယ်တိုင်ဖြစ်စေ၊ www.eyangon.gov.mm/news တွင်ဖြစ်စေ စုံစမ်းကြည့်ရှုနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းအဖွဲ့**

**နန်းဦးလွင် အင်းလေးဖောင်တော်ဦးဘုရားပွဲ**

Oct 23,26,27,30

01-391577
09-5122961
09-254340569
09-254821597

## ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အလက(၁) သတ္တမတန်း(င) မှ မပြည့်ပြည့်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းထွန်းဖြစ်ပါသည်။

**ဦးမင်းမင်းထွန်း**
**၇/ပမန(နိုင်)၁၃၃၂၉၆**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မင်းမျိုးမင်း ၁၀/ကမရ(နိုင်) ၀၉၇၅၉၀ ၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် မောင်နေလင်းအောင် ၁၀/သဖရ(နိုင်)၁၁၃၂၈၉ ၏ Passport (No. မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**




## ဖခင်အမည်မှန်

မြင်းခြံမြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်း ကျောင်းသူ မခင်သူဇာ၏ ဖခင်အမည်မှန်မှာ ဦးဒေးဗစ်ညဏ်လင်း(ခ) ဦးညဏ်လင်းဖြစ်ပါကြောင်း။

**ဦးဒေးဗစ်ညဏ်လင်း ၈/မကန(နိုင်)၀၀၀၄၆၉**
**အမှတ်(၉)ရပ်ကွက်၊ မြင်းခြံမြို့**

## ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ ကျောက္ကာ အထက တက္ကသိုလ်ဝင်တန်း(B)မှ မသဲသဲ၏ ဖခင်အမည်မှန်မှာ ဦးဇော်လေး ၅/မရန(နိုင်)၁၅၅၇၇၁ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ရေဦးမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်းမှ မနီလာဝင်း၏ ဖခင်အမည်မှန်မှာ ဦးမျိုးအောင် ၅/ရဥန(နိုင်)၀၂၆၂၃၆ ဖြစ်ပါကြောင်း။

# အရှိန်မထိန်းနိုင်၍ ဆီဘောက်ဆာယာဉ်ချောက်ထဲကျ

**တာချီလိတ် အောက်တိုဘာ ၁၃**

တာချီလိတ်-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ် ကျိုင်းတုံနှင့် မိုင်းဖြတ်မြို့အကြား အောက်တိုဘာ ၁၂ ရက်က ဆီဘောက်ဆာယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးချောက်အတွင်းထိုးကျခဲ့မှုတစ်ရပ်ဖြစ်ပွားခဲ့ကြောင်း သိရသည်။

"ကားက မိုင်းပျဉ်းကနေ တာချီလိတ်ကို ထွက်ခွာလာခဲ့တဲ့ ဆီဘောက်ဆာယာဉ်ပါ။ ကားကွေ့လိုက်တဲ့အချိန်မှာ အရှိန်လွန်ပြီး လမ်းဘေးကိုဆွဲချသွားတာပါ။ ဘောက်ဆာထဲမှာ ဆီမပါတာရယ်၊ ချောက်ကမ်းနဖူးမှာ သစ်ငုတ်တိုတစ်ခု ရှိနေပြီး ကားရဲ့နောက်ဘီးကို သစ်ငုတ်ခံသွားတာကြောင့် ကားကချောက်နဖူးတင်ရပ်သွားပြီး ကားပေါ်ပါလာသူတွေ အသက်ဘေးက လွတ်သွားကြတာပါ။ အောက်ဘက်မှာတော့ ပေ ၁၅၀ လောက်နက်တဲ့ ချောက်ကမ်းပါးကြီးရှိပြီး ချောက်ရဲ့အောက်ခြေမှာ ရေစီးအားပြင်းတဲ့ နမ့်လင်းချောင်းရှိနေပါတယ်၊ သစ်ငုတ်တိုလေးကြောင့်သာ အသက်ဘေးက လွတ်သွားကြရတာပါ"ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

အဆိုပါနေရာတွင် ယခင်က ကုန်ကားတစ်စီး၊ ခွေးဘီလူးကားတစ်စီးအပါအဝင် ယာဉ်မတော်တဆမှု သုံးကြိမ်ခန့် ဖြစ်ပွားခဲ့ဖူးသဖြင့် သတိပေးဆိုင်းဘုတ်များ တပ်ဆင်သတိပေးခြင်း၊ အကာအရံများတပ်ဆင်ခြင်းများအပါအဝင် ဘေးအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများဆောင်ရွက်သင့်ကြောင်း ဒေသခံများက အကြံပြုသည်။

**မောင်ယဉ်ကျေး**





**အောက်တိုဘာ ၁၂ ရက်ညက ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်တွင် ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် မိုင်တိုင် (၃၄၆/၅)နှင့် (၃၄၆/၆) အကြား၌ ယာဉ်မောင်း စိုးမင်းထွန်း မောင်းနှင်လာသော 6 F ---Higer အမျိုးအစား JJ ခရီးသည်တင်ယာဉ် အရှိန်လွန်ပြီး တိမ်းမှောက်နေသည်ကို တွေ့ရစဉ်။** (အဆိုပါ ဖြစ်စဉ်တွင် ယာဉ်ပေါ်ပါ ခရီးသည်များအနက် ခုနစ်ဦးဒဏ်ရာရရှိခဲ့၍ တံတားဦး မြို့နယ် ပြည်သူ့ဆေးရုံမှတစ်ဆင့် မန္တလေးဆေးရုံသို့ လွှဲပြောင်းပေးပို့ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။)

(သတင်းဖော်ပြပြီး)
ရဲတင့်(ပြန်/ဆက်)

# ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၃**

မူးယစ်တပ်ဖွဲ့စု (၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၈ ရက်က ကလောမြို့နယ် အထွက် ၇ မိုင်ခန့်အကွာ ကားလမ်းမပေါ်တွင် ကလောဘက်မှ သာစည်ဘက်သို့ အောင်မိုးဇော် မောင်းနှင်လာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၈၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အောက်တိုဘာ ၉ ရက်က လားရှိုးမှ ရန်ကုန်သို့ ထွက်ခွာမည့် ရာဇာထွန်းခရီးသည်တင် မော်တော်ယာဉ်ကိုရှာဖွေရာ ကျော်ကျော်(ခ)ကျော်ဝင်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၅၀ ကိုလည်းကောင်း၊ အောက်တိုဘာ ၁၀ ရက်က ဖားကန့်မြို့နယ် မော်တောင်ရပ်ကွက်နေ မိုးဆန်း၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၃၂၀ ပြား၊ ဘိန်းဖြူ မှုန့်အလေးချိန် ၁ ဒသမ ၄၀၃ ကီလိုနှင့် မြန်မာငွေကျပ် ၂၉ သိန်းတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဇနီးမောင်နှံနှစ်ဦး ဈေးဝယ်သွားစဉ် ရွှေထည်ပစ္စည်းတန်ဖိုး ၁၂၄ သိန်းကျော်ဖိုး လုယက်ခံရ

**စဥ့်ကူး အောက်တိုဘာ ၁၃**

ကံတောင်ကျေးရွာမှ ကျည်တောက်ပေါက်ကျေးရွာသို့ အောက်တိုဘာ ၁၂ ရက်က ဈေးဝယ်ရန် လမ်းလျှောက်သွားစဉ် ဇနီးမောင်နှံနှစ်ဦးထံမှ ငွေကျပ် ၁၂၄ သိန်းကျော်တန်ဖိုးရှိသော လက်ဝတ်ရတနာပစ္စည်းများကို အကြမ်းဖက်လုယက်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စဥ့်ကူးမြို့နယ် ရှောက်ပင်ရိုးကျေးရွာအုပ်စု ကံတောင်ကျေးရွာ ထက်ရည်လင်းကုမ္ပဏီဝင်းနေ ဦးတင်သန်း (၆၄နှစ်) ကုမ္ပဏီစားဖိုမှူးသည် ဇနီးဖြစ်သူ မငြိမ်းချမ်းသူ (၃၄ နှစ်)နှင့်အတူ ထက်ရည်လင်းကုမ္ပဏီမှ ကျည်တောက်ပေါက်ရွာသို့ ဈေးဝယ်ယူရန် လမ်းလျှောက်လာစဉ် ဝါးရုံတောအတွင်းမှ ရုတ်တရက် လူသုံးဦး မျက်နှာအဝတ်စည်းများပိတ်ပြီး အရှည်တစ်တောင်ကျော်ခန့်ရှိ ဓားရှည်များကိုင်ဆောင်ကာ ဦးတင်သန်းနှင့်ဇနီးတို့ကို ဓားရှည်များဖြင့် ချိန်ရွယ်၍ ရွှေဆွဲကြိုးနှင့် လက်ကောက်နှစ်ကွင်းတို့ကို ဆွဲဖြုတ်လုယက်ခဲ့ကြောင်း၊ မငြိမ်းချမ်းသူက ပြန်လည်ခုခံသဖြင့် ၎င်းလူနှစ်ဦးက ဓားနှင့်ခုတ်ရာ ဒဏ်ရာများရရှိပြီး ၎င်းထံမှ ရွှေထည်ပစ္စည်းများ လုယူထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ ပြစ်မှုကျူးလွန်သူ သုံးဦးအနက် လေရှူး(ခ) ညီမင်းဦး (၁၉နှစ်)၊ အေးချမ်းသာရပ်ကွက်နေသူကို ၎င်း၏ နေအိမ်အတွင်း ဖမ်းဆီးရမိခဲ့ပြီး အမှုမှ သက်သေဖြစ်သော AALT တံဆိပ်ပါ အရှည် ၂၂ လက်မရှိ မီးလင်းဆွဲကြိုးတစ်ကုံးနှင့် ဆွဲသီးတစ်လုံးတို့ကို သက်သေများနှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

ညီမင်းဦးအား ဆက်လက်စစ်ဆေးရာ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်သူ ဝင်းမင်းကို(၁၇နှစ်)၊ နွယ်ရုံကျေးရွာနှင့် ဖြိုးမောင်(ခ)ငဖြိုး(၁၈နှစ်) စဥ့်ကူးမြို့နယ် နေသူကို ဖမ်းဆီးရမိပြီး ကျန်ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိရေးနှင့် သက်သေခံပစ္စည်းများကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရ သည်။

**ဝင်းမောင်**




**ဆောက်လုပ်ရေးဝန်ကြီးဌာန**
**လမ်းဦးစီးဌာန**
**ရန်ကုန်-မန္တလေးအမြန်လမ်းရှိယာယီသန့်စင်ခန်းများအား**
**မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်စဉ်**
**ခေတ္တပိတ်ထားမည့်အကြောင်းကြေညာခြင်း**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့မှ တင်ဒါစနစ်ဖြင့်ပေးအပ်ထားသော ရန်ကုန်-မန္တလေးအမြန်လမ်းမှ ယာယီသန့်စင်ခန်း (၁၀)ခန်းအား ၁၃-၁၀-၂၀၁၅ရက်မှစ၍ အောက်ပါမိုင်တိုင်များအတိုင်း အစဉ်လိုက်သန့်ရှင်းသပ်ရပ်မှုရှိစေရေးအတွက် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းအား ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ခေတ္တပိတ်ထားမည်ဖြစ်၍ နီးစပ်ရာယာဉ်ရပ်နားစခန်းအသီးသီးတွင် ရပ်နားသွားနိုင်ရန် အသိပေးကြော်ငြာ အပ်ပါသည်-

| | | |
|---|---|---|
| (က) မိုင်တိုင်အမှတ် | (၇၆/၀)ယာယီသန့်စင်ခန်း | (၂)ခု |
| (ခ) မိုင်တိုင်အမှတ် | (၁၅၈/၄)ယာယီသန့်စင်ခန်း | (၂)ခု |
| (ဂ) မိုင်တိုင်အမှတ် | (၄၀/၁)ယာယီသန့်စင်ခန်း | (၁)ခု |
| (ဃ) မိုင်တိုင်အမှတ် | (၂၄၃/၀)ယာယီသန့်စင်ခန်း | (၂)ခု |
| (င) မိုင်တိုင်အမှတ် | (၃၁၇/၂)ယာယီသန့်စင်ခန်း | (၂)ခု |
| (စ) မိုင်တိုင်အမှတ် | (၃၅၂/၂)ယာယီသန့်စင်ခန်း | (၁)ခု |

**အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့**
**ဖုန်း-၀၆၇-၈၁၀၀၁၄၆**

**အခ္ဓမအကြိမ်**
**သံဃာ့မဟာပဝါရဏာပြုပွဲ သိမ်ဆင်းလောင်းလှူရန် နှိုးဆော်လွှာ**

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ပိုင်းခရိုင်၊ မြောက်ဥက္ကလာပမြို့နယ်၊ ၈၂-ရပ်ကွက်၊ ဇမ္ဗူအေးကျောင်းတိုက်တွင် ဝါဆိုသည့် ရဟန်းတော်များ အပါး(၅၀၀)နှင့် သိက္ခာတော် (၅၅)ဝါနှင့်အထက် သက်တော် ရှည် မဟာထေရ်(၁၀)ပါးအား ၁၃၇၇-ခုနှစ်၊ သီတင်းကျွတ်လပြည့် (၂၈. ၁၀. ၂၀၁၅)ဗုဒ္ဓဟူးနေ့ နေ့လည် (၁:၀၀)နာရီအချိန်တွင် ဇမ္ဗူအေးကျောင်းတိုက်၊ သီလဝိသောဓနီ သိမ်တော်ကြီး၌ ပူဇော်ပွဲ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

ပါရမီရှင် သူတော်စင်တို့အနေဖြင့် ဘုရားရှင်အဆူဆူတို့ ချီးမွမ်းတော်မူကြသည့် ကုသိုလ်ထူးကြီးကို စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် ကုသိုလ်တော်ပါဝင်နိုင်ကြပါစေရန် နိဗ္ဗာန်အကျိုး မျှော်၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ဆက်သွယ်လှူဒါန်းလိုပါက -**
ဘဒ္ဒန္တပညာသာမိ (စ. ဓ. ဗ. ဓ)ကျောင်း(ဥက္ကဋ္ဌ)။ ဖုန်း-၀၉-၂၅၄၉၅၀၆၉၉
ဦးမျိုးမြင့် (ဥက္ကဋ္ဌ)၊ ၈၂/၄၁၁၊ ဝေဘာဂီလမ်းမကြီး၊ ဖုန်း-၀၉-၄၂၁၁၇၃၀၄၂

**Gallivant Travel Service**
ပုဂံညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ - Oct 30
၃ စတားဟိုတယ် / Scania (2+1) ဖြင့် စီစဉ်ပါသည်။
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော - Nov 20
ကျိုက်ထီးရိုးနေ့.ချင်းပြန် - Nov 14
ဆက်သွယ်ရန် - ၀၁ ၈၆၁၀၄၃၂ ၊ ၀၉ ၂၅၃၈၁၁၉၀၃

**မြန်မာဗုဒ္ဓဘာသာမိန်းမများအထူးထိမ်းမြားခြင်း**
**ဆိုင်ရာဥပဒေအကြောင်းသိကောင်းစရာ**
**ဦးကျော်ဝေယျ**
**ဝယ်ယူဖတ်ရှုနိုင်ပါပြီ။ ဖုန်း ၀၉၇၃၀၄၅၀၃၅**

**ဖခင်အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ် အိပ်လဟာကျေးရွာအုပ်စု၊ မင်းကြီးကုန်းကျေးရွာ အလက(ခွဲ)တက္ကသိုလ်ဝင်တန်းမှ မောင်သုခ ၇/သဝတ(နိုင်)၁၃၅၉၇၄ ၏ ဖခင်အမည်မှန်မှာ စောဝေစေး TRY-၀၃၉၀၆၉ ဖြစ်ပါကြောင်း။
**စောဝေစေး TRY-၀၃၉၀၆၉**

**အမည်မှန်**
ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီမြို့နယ်၊ ကြောင်ညှာကုန်းကျေးရွာအုပ်စု၊ တောင်စလဲကျေးရွာနေ ဦးသန်းဝင်း ၇/သဝတ(နိုင်)၀၆၈၇၆၆၏သား မောင်နေမင်းထက် ၇/သဝတ(နိုင်)၀၇၃၇၈၁ ၏ အမည်မှန်မှာ မောင်သူရိန်နေမင်းထက် ဖြစ်ပါကြောင်း။
**သူရိန်နေမင်းထက် ၇/သဝတ(နိုင်)၀၇၃၇၈၁**

**ဖခင်အမည်မှန်**
မော်လမြိုင်မြို့၊ အထက(၆)၊ အဌမတန်း (F)မှ မိစောပိုင်ချမ်း၏ ဖခင်အမည်မှန်မှာ ဦးစိုးသိန်း ၁၀/ကမရ(နိုင်)၀၆၃၁၇၅ ဖြစ်ပါကြောင်း။
**ဦးစိုးသိန်း**

**အမည်ပြောင်း**
ဦးမြတ်သူ၏သမီး နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အထက(၇) အဌမတန်း(အေ)မှ မနဒီစုဝေအား မှတ်ပုံတင်နှင့်အိမ်ထောင်စုဇယားအရ မနဒီဆုဝေဟုပြောင်းလဲခေါ်ပါရန်။
**မနဒီဆုဝေ**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**
ယာဉ်အမှတ် ၆ဂ/၉၆၆၀ Toyota Aristo, S/L(4× 2)R ယာဉ်လက်ဝယ်ရှိသူ ဦးကောင်းလတ်ဟန်စော ၁၂/အလန(နိုင်)၀၄၂၂၈၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

**သင့်လျော်သည့်လျော်ကြေးခံစားခွင့်ပြုမည်ဖြစ်ပါသဖြင့်**
**ခံစားခွင့်ရရှိသူများစာရင်းအား အသိပေးကြေညာခြင်းနှင့်**
**ကန့်ကွက်ရန်ရှိပါက ကန့်ကွက်နိုင်ပါကြောင်း**

မိုလ်တထောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၉ကေ၊ ၉ အယ်လ်၊ ၉ အယ်လ် ၁) (ယခင်-စီအိုဒီ) ဝင်းအတွင်းမှ Botataung Time Square အိမ်ရာစီမံကိန်းနှင့် ပတ်သက်၍ တင်ပြလျှောက်ထားလာသော ပိုင်ဆိုင်မှုအထောက်အထားတင်ပြနိုင်သည့် မြေကွက်များအား သင့်လျော်သည့်လျော်ကြေးခံစားခွင့်ပြုရန်အတွက် ခံစားခွင့်ရရှိသည့် မြေကွက်ပေါင်း ၂၇၇ကွက်ကို စိစစ်ဆောင်ရွက်ပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက် ၂၇၇ကွက်၏ စာရင်းအား မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဗိုလ်တထောင်မြို့နယ်၊ ကြော်ငြာသင်ပုန်းတို့တွင် ကပ်၍ဖော်ပြထားပါသည်။ အတည်ပြုစာရင်းအား သိရှိလိုပါက ကြော်ငြာသင်ပုန်းရှိရာနေရာများသို့ ၁၄-၁၀-၂၀၁၅ရက်မှစ၍ ၁၄-၁၁-၂၀၁၅ရက်အထိ လာရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**စိစစ်ရေးအဖွဲ့**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

# ဌာနဆိုင်ရာများနှင့်သတင်းမီဒီယာများ တစ်ဦးနှင့်တစ်ဦး ရင်းနှီးစွာဆက်ဆံခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မီဒီယာလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမည်

ရန်ကုန် အောက်တိုဘာ ၁၃

**ဌာနဆိုင်ရာများမှ သတင်းမီဒီယာဥပဒေပါ ဆောင်ရွက်ပေးရမည့် အချက်များနှင့် သတင်းမီဒီယာသမားများက လိုက်နာရမည့် တာဝန်နှင့်ကျင့်ဝတ်များ သိရှိစေရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် တိုင်းဒေသကြီးအဆင့် အစိုးရအဖွဲ့ဌာနဆိုင်ရာများနှင့် သတင်းမီဒီယာသမားများ၏ မီဒီယာလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၈ နာရီခွဲတွင် ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေးက ယနေ့ အလုပ်ရုံဆွေးနွေးပွဲသည် ဌာနဆိုင်ရာများနှင့် သတင်းမီဒီယာသမားများ တစ်ဦးနှင့်တစ်ဦး ပွင့်လင်းမြင်သာစွာဖြင့် မီဒီယာလုပ်ငန်းများ ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြမည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ကြောင်း၊ တစ်ဦးနှင့်တစ်ဦး ရင်းရင်းနှီးနှီး ထိတွေ့ဆက်ဆံခြင်းဖြင့် ရင်းနှီးမှုရရှိပြီး တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မီဒီယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်ကြောင်း၊ စားပွဲဝိုင်းဆွေးနွေးခြင်းက ရင်းနှီးမှုများရရှိလာပြီး စိန်ခေါ်မှုများနှင့် အခက်အခဲပြဿနာများကို ပွင့်လင်းမြင်သာစွာ အဖြေရှာခြင်းဖြင့် အောင်မြင်မှုများ ရရှိလာမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်တွင် ပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရန် မှန်ကန်သည့် သတင်းအချက်အလက်များရရှိရန် လိုအပ်ကြောင်း၊ မီဒီယာသမားများအနေဖြင့်လည်း တစ်ဖက်နှင့်တစ်ဖက် ဥပဒေနှင့်အညီဖြစ်ရန် နည်းလမ်းများပေးစေချင်ကြောင်း၊ အစိုးရဌာနဆိုင်ရာများအနေဖြင့်လည်း မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက် အက်ဥပဒေ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၏ ကန့်သတ်ချက်များ၊ ညွှန်ကြားချက်များမှအပ မီဒီယာများ သိရှိလိုသည်များကို တတ်အားသရွေ့ ပေါင်းစပ်ပေးမည် ဖြစ်ပါကြောင်း၊ သတင်းမီဒီယာသမားများကလည်း ရင်းရင်းနှီးနှီးဆက်ဆံပြီး ပြည်သူများ သိသင့်သိထိုက်သည်များကို မီဒီယာများမှတစ်ဆင့် အသိပေးစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်က သတင်းမီဒီယာဥပဒေများအကြောင်း ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ) ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း နာယက ဦးခင်မောင်လေး (ခ)ဖိုးသောကြာက မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ ပေါ်ပေါက်လာပုံနှင့် ဖွဲ့စည်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲတွင် သတင်းရယူမှု အခက်အခဲ၊ သတင်းရေးသားမှုအပေါ် နောက်ဆက်တွဲဖြေရှင်းမှုပြဿနာ၊ သတင်းသမားများ၏ သတင်းထုတ်ပြန်ပေးမှုအခြေအနေ အခန်းကဏ္ဍ၊ သတင်းသမားများ၏ လုံခြုံမှု၊ လွှတ်တော်အတွင်း သတင်းရယူရာတွင် ခွဲခြားဆက်ဆံမှုမရှိစေရေး၊ ရွေးကောက်ပွဲတွင် လွတ်လပ်စွာ သတင်းရယူခွင့်ပြုရန် စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် နှစ်ဖက်ဆွေးနွေးချက်များအပေါ် သဘောတူညီချက်များ ထုတ်ပြန်ပြီး မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ(ယာယီ)မှ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း နာယက ဦးခင်မောင်လေး (ခ)ဖိုးသောကြာက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)၊ မြန်မာနိုင်ငံ သတင်းစာဆရာများအသင်း၊ မြန်မာဂျာနယ်လစ်ကွန်ရက်တို့မှ တာဝန်ရှိသူများ၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သတင်းမီဒီယာသမားများနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။

ယနေ့ ကျင်းပသည့် ပဲခူးတိုင်းဒေသကြီး တိုင်းအဆင့် ဌာနဆိုင်ရာများနှင့် သတင်းမီဒီယာသမားများ၏ မီဒီယာလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီးအတွင်း ပထမဆုံးအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဟံသာဝတီတိုင်းဂျာနယ်၊ ပဲခူးသတင်းစဉ်ဂျာနယ်နှင့် ပဲခူးကဝိဂျာနယ်တို့ ထုတ်ဝေလျက်ရှိပြီး အွန်လိုင်းမီဒီယာတစ်ခုလည်း မကြာခင် ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသစ်**

◆ *ကျောဖုံးမှ*

အပြောင်းအလဲပြုလုပ်ခဲ့ပြီး ကျော်ဇင်ဖြိုး(ဂိုး)၊ ကျော်ဇင်လွင်၊ အောင်ဇော်၊ ဇော်မင်းထွန်း၊ ခင်မောင်လွင်၊ ရန်အောင်ကျော်၊ ရဲကိုဦး၊ လှိုင်းဘိုဘို၊ အောင်သူ၊ ကျော်ကိုကို၊ ဆောင်လမန်တို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစတစ်မိနစ်မှာပင် မြန်မာအသင်းမထင်မှတ်ဘဲ ဂိုးပေးခဲ့ရပြီး ဆာရာမူသီက လာအိုအတွက် ဂိုးစတင်သွင်းယူပေးခဲ့သည်။ ဂိုးပေးလိုက်ရ၍ မြန်မာအသင်းချေပဂိုးရရှိရန် တရစပ်ကြိုးပမ်းလာခဲ့ပြီး ၁၃ မိနစ်တွင် ဂိုးပြန်ရခဲ့သည်။ အဆိုပါချေပဂိုးကို ယခုပွဲ၌ တိုက်စစ်မှူးအဖြစ် ကစားခဲ့သည့် ဆောင်လမန်က သွင်းယူခဲ့သည်။ ချေပဂိုးရပြီးနောက်ပိုင်းတွင် မြန်မာအသင်း၏ပွဲဖြစ်သွားခဲ့ပြီး စိတ်ကြိုက် ဖိကစားနိုင်ခဲ့သည်။

၃၁ မိနစ်တွင် မြန်မာအသင်းဒုတိယဂိုးရခဲ့ပြီး တောင်ပံကစားသမား ကျော်ကိုကိုက သွင်းယူခဲ့ကာ ပထမပိုင်းအပြီးတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေသည်။ ဒုတိယပိုင်းအစတွင်လည်း မြန်မာအသင်းကသာ ဆက်လက်ဖိကစားနိုင်ခဲ့ပြီး ရန်အောင်ကျော်၏ ကန်ချက် တိုင်ထိထွက်ခဲ့သော်လည်း မိနစ် ၅၀ တွင် တတိယဂိုးရခဲ့သည်။ ယင်းဂိုးကို မြန်မာအသင်းအတွက် ခြေစွမ်းပြကစားနေသည့် အောင်သူက သွင်းယူပေးခဲ့သည်။ ယင်းနောက်ပိုင်းတွင် မြန်မာအသင်းက ပွဲကိုထိန်းကစားသွားခဲ့ပြီး လာအိုအသင်းအခွင့်အရေးပြန်လည်ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

ယခုပွဲအပြီးတွင် မြန်မာအသင်းက ငါးပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ သုံးပွဲရှုံး လေးမှတ်ဖြင့် အဆင့်လေးနေရာတွင် ရပ်တည်နေသည်။




အင်္ဂလန်တိုက်စစ်မှူး ဟယ်ရီကိန်း လစ်သူယေးနီးယားဘက်သို့ ဘောလုံးကန်သွင်းစဉ်။

# ယူရို ၂၀၁၆ ခြေစစ်ပွဲအုပ်စုပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင် အင်္ဂလန်အသင်း အုပ်စုပွဲစဉ်အားလုံး အနိုင်ရ

ယူရို ၂၀၁၆ ခြေစစ်ပွဲအုပ်စုပွဲစဉ်များကို အောက်တိုဘာ ၁၃ ရက် နံနက်ပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(E)မှ လစ်သူယေးနီးယားနှင့် အင်္ဂလန်တို့ပွဲတွင် အင်္ဂလန်အသင်းအဝေးကွင်းတွင် သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရခဲ့သည်။

ရွိုင်းဟော့ဆင်၏ အင်္ဂလန်အသင်းသည် ၄-၄-၂ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ဟယ်ရီကိန်းနှင့် ဂျမီးဗာဒီတို့ကို တိုက်စစ်တွဲအဖြစ်ထုတ်သုံးခဲ့သည်။ ပထမပိုင်းပွဲချိန် ၂၉ မိနစ်တွင် ဘာကလေက အင်္ဂလန်အတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၃၅ မိနစ်တွင် ဟယ်ရီကိန်း ကန်သွင်းရာမှ ဂိုးတိုင်မှန်ပြီး လစ်သူယေးနီးယားဂိုးသမားနှင့်ထိပြီး ဂိုးဝင်ခဲ့၍ အင်္ဂလန်အသင်း ဒုတိယဂိုးရရှိခဲ့သည်။ ဒုတိယပိုင်း ၆၂ မိနစ်တွင် ချမ်ဘာလိန်းက အင်္ဂလန်အတွက် တတိယဂိုးသွင်းယူပေးခဲ့သည်။ ယူရို ၂၀၁၆ ခြေစစ်ပွဲအုပ်စုကိုးအုပ်စုရှိသည့်အနက် ၁၀ ပွဲကစားအပြီး ၁၀ ပွဲစလုံးအနိုင်ရသည့်အသင်းမှာ အင်္ဂလန်တစ်သင်းတည်းသာရှိခဲ့သည်။ အင်္ဂလန်သည် သွင်းဂိုး ၃၁၊ ပေးဂိုး သုံးဂိုးသာရှိခဲ့သည်။

အုပ်စု(E)မှ တခြားပွဲစဉ်များအဖြစ် ဆွစ်ဇာလန်က အက်စ်တိုးနီးယားကို တစ်ဂိုး-ဂိုးမရှိဖြင့်အနိုင်ရခဲ့သည်။ ဆန်မာရီနိုက နှစ်ဂိုး-ဂိုးမရှိဖြင့် ဆလိုဗေနီးယားကို ရှုံးနိမ့်ခဲ့သည်။ အင်္ဂလန်ကရမှတ် ၃၀ ရရှိပြီး ဆွစ်ဇာလန်က ရမှတ် ၁၉ မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

အုပ်စု(C)တွင် ဘယ်လာရုစ်နှင့် မက်ဆီဒိုးနီးယားတို့ ဂိုးမရှိသရေကျခဲ့ပြီး လူဇင်ဘတ်က လေးဂိုး-နှစ်ဂိုးဖြင့် ဆလိုဗက်ကီးယားကို ရှုံးနိမ့်ခဲ့သည်။ စပိန်အသင်းသည် အဝေးကွင်း၌ ယူကရိန်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ စပိန်အသင်းသည် ရမှတ် ၂၇ မှတ်ရရှိပြီး ဆလိုဗက်ကီးယားက ရမှတ် ၂၂ မှတ်ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

အုပ်စု(G)တွင် ဩစတြီးယားက သုံးဂိုး-ဂိုးမရှိဖြင့် လက်ချင်စတိန်းကို အနိုင်ရပြီး ရုရှားက မွန်တီနီဂရိုးကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ဆွီဒင်အသင်းသည် အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိဖြင့် မော်လ်ဒိုမာကိုအနိုင်ရခဲ့သည်။ ဩစတြီးယားက ရမှတ် ၂၈ မှတ်ရရှိပြီး ရုရှားက ရမှတ် ၂၀ ရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့ကြသည်။

**သီဟ-ရေးသည်**






# အသိတရားဖြင့် သတိထားစရာ

ရတနာသိရီ

လောကမှာ ရန်သူမျိုးငါးပါးရှိတယ်ဆိုတာ လူသိများပါတယ်။ ရန်သူမျိုးငါးပါးထဲမှာ အစဉ်အတိုင်း ရေတွက်ပုံအရ ရေဟာအဆိုးဆုံးလို့ သိလို့ရပါတယ်။ အချို့ကတော့ မီးဟာအဆိုးဆုံးလို့ ယူဆကြပါတယ်။ ဦးထွန်းရွှေသီဆိုထားတဲ့ မီးသတိပြု သီချင်းမှာ ရန်သူငါးပါးထဲမှာ သူခိုးဓားပြထက်ဆိုးတဲ့ ရန်သူဟာ စတဲ့သီချင်းကို လူတိုင်းနားစွဲနေပါတယ်။ မီးဟာ သူခိုး၊ ဓားပြထက်ဆိုးတယ်လို့ဆိုလိုပါတယ်။ ရေထက်ဆိုးတယ်လို့ မဆိုပါဘူး။ ဒါကြောင့် ရေဟာ အဆိုးဆုံးလို့ ဆိုချင်ပါတယ်။ ဘာကြောင့်လဲဆိုရင် မီးဟာ တားဆီးလို့ ဝိုင်းပြီးငြိမ်းသတ်လို့ရပါတယ်။ အိမ်တစ်အိမ်မီးလောင်တယ်ဆိုရင် မီးသတ်ရဲဘော်များနှင့် ရပ်ကွက်နှင့်ရှင်လူ ပြည်သူအများက ဝိုင်းပြီးငြိမ်းသတ်လိုက်ရင် တစ်အိမ် (သို့မဟုတ်) နှစ်အိမ်၊ တစ်ရပ်ကွက်လောက်ပဲ ဆုံးရှုံးနိုင်ပါတယ်။

အနီးကပ်ဆုံးဥပမာပြရရင် ကလေးမြို့နယ် ကျေးရွာတွေမှာ မြစ်သာ၊ နေရဥ္စရာ၊ ဇီးချောင်းစတဲ့ ချောင်းတွေက ရေလျှံလာလို့ လူတွေရုတ်ရုတ်သဲသဲနဲ့ အိုးအိမ်ပစ်ပြီး ရေလွတ်ရာကို ပြေးနေရတဲ့ကြားက ရေရောက်တော့မည့်ဆဲဆဲ လေယာဉ်ကွင်းထိပ်က လောင်စာဆီရောင်းတဲ့ဆိုင်ကစပြီး မီးထလောင်လိုက်သေးတယ်။ စာရေးသူတို့လည်း သီဟစိုးဆေးဆိုင်ရှေ့ လှေပေါ်အရောက် ဆီပီပါတွေ ထပေါက်ကွဲတော့ တာပါပဲ၊ အဲဒီမှာမီးတောက်မီးလျှံက ပိုပြီးများလာလေ လူတွေလည်း တွေ့တဲ့လှေပေါ်စုပြီး တက်ကြလို့၊ မီးကြောက်လို့ လှေပေါ်ရောက်၊ လှေမှောက်မှာကြောက်ရသေး။

ဘာပဲဖြစ်ဖြစ် အဲဒီနေ့က မီးသတ်ရဲဘော်တွေရဲ့ လုံ့လစွမ်းအား၊ ပြည်သူလူထုရဲ့ လုံ့လစွမ်းအားနဲ့ ဝိုင်းဝန်းငြိမ်းသတ်လိုက်လို့ အနီးကဆိုင်ခန်းနှစ်ခန်း၊ သုံးခန်းပဲမီးလောင်ကျွမ်းပါတယ်၊ ဆိုချင်တာက မီးကို တားလို့ ဝိုင်းပြီးငြိမ်းသတ်လို့ရတယ်ဆိုတာ ပြောချင်တာပါ။

ရေကိုတော့ ဘယ်သူမှတားဆီးလို့ကာကွယ်လို့ မရနိုင်ပါဘူး။ ရေကိုဖြစ်စေတဲ့ မိုးရွာသွန်းခြင်းကို ဘယ်သူမှမိုးမရွာပါစေနဲ့လို့ တားလို့မရပါဘူး။ အခု ၂၀၁၅ ဇူလိုင်လ၊ ဩဂုတ်လမှာ ရွာတဲ့မိုးကြောင့် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုအနက် ၁၂ ခု ရေကြီးရေလျှံဖြစ်နေတာ၊ ဧရာဝတီတိုင်းမှာ၊ ရခိုင်မှာ ရေကြီးရေလျှံနေလို့ စစ်ကိုင်း၊ မကွေးစတဲ့ အခြားတိုင်းနှင့်ပြည်နယ်က လူတွေတို့တိုင်း၊ တို့ပြည်နယ်မရောက်အောင်၊ မိုးများများ မရွာအောင်၊ ရေမလာအောင်ဘယ်သူမှ မတားနိုင်ကြပါဘူး။ ဘယ်သူမှ မတားနိုင်လို့လည်း ချောင်းရေလျှံ၊ မြစ်ရေလျှံ၊ တောင်တွေပြိုဖြစ်ရတယ်၊ သဘာဝပါ။

စာရေးသူတို့ ကလေးမြို့နယ် ချင်းပြည်နယ် မြောက်ပိုင်းမှာ မိုးအဆက်မပြတ်ရွာသွန်းနေလို့ မြစ်ရေကြီး၊ ချောင်းရေတွေလျှံတာကြောင့် ရေဘေးသင့်ရတဲ့အကြောင်း သိစေချင်လို့ ဒီဆောင်းပါးကို ရေးဖြစ်တာပါ။ အချို့က ရာဇဂြိုဟ်ဆည်ကြောင့်လို့ပြောကြပါတယ်။ စာရေးသူကတော့ အဲဒီလိုမမြင်ပါဘူး၊ ကလေးမြို့နယ်ကိုရေစုစေတဲ့ မြစ်သာမြစ်အထက်ပိုင်း၊ မကွေးတိုင်းအထက်ပိုင်း ထီးလင်း၊ ဂန့်ဂေါမှာ မိုးအဆက်မပြတ်ရွာနေတယ်။ အနောက်ဘက် ချင်းတောင်တန်းမှာ မိုးအဆက်မပြတ်ရွာနေတယ်၊ မြောက်ဘက်က နေရဥ္စရာမြစ်ကို စီးဝင်တဲ့အထက်ပိုင်းဒေသတွေမှာ မိုးအဆက်မပြတ်ရွာနေတယ်။ အားလုံးစုပြီးချင်းတွင်းမြစ်ထဲစီးဝင်ပါတယ်။ ချင်းတွင်းကလည်း မြစ်သာကလာတဲ့ရေ၊ ချင်းတောင်ပေါ်ကလာတဲ့ရေ၊ နေရဥ္စရာကလာတဲ့ရေတွေကို လက်ခံလို့မရအောင် စိုးရိမ်အမှတ်ရောက်အောင် ရေတွေပြည့်လျှံနေတယ်။ ဒါကြောင့် ရေတွေဟာ ကုန်းပေါ်ရောက်အောင် မြင့်တက်လာပါတယ်။ မြင့်တက်လာတဲ့ရေကလည်း နည်းနည်းနောနောမဟုတ်၊ မြစ်သာကမ်းနဖူးက တောင်ဦးရွာနဲ့ ပြင်သာရွာနှစ်ရွာဟာ လူနေအိမ်တွေနဲ့ ဘုန်းကြီးကျောင်းတွေပါ ခေါင်းမိုးမြုပ်လို့ ရေအောက်ရောက်သွားကြပါတယ်။ ကျောက္ကာရွာဆိုရင် အိမ်တွေအတော်များများ ရေထဲပါသွားပါတယ်။

နတ်နန်း၊ နတ်ကြီးကုန်း၊ ကျီကုန်းရွာတွေလည်း တော်တော်ဆိုးပါတယ်။ နေရဥ္စရာဘေးကနန်းစောင်းပုရွာ၊ မော်လိုက်တောင် ရွာ၊ မြောက်ရွာတို့လည်း ရွာပျက်စီးအောင်အထိ ချောင်းရေတွေတိုက်စားခံရပါတယ်။ ကလေးမြို့ရဲ့အနောက်မြောက်ဘက်ခြမ်းက သဲကုန်းတန်းရွာဟာ ဆိုရင် နာမည်နဲ့လိုက်အောင် သဲကုန်းတန်းဖြစ်သွားပါတယ်၊ အိမ်တွေကို သဲဖုံးသွားပါတယ်။

ချင်းတောင်ကစီးကျလာတဲ့ ဇီးချောင်းရေကြောင့်၊ ကလေးမြို့ တောင်ဘက်ပိုင်းက ဇင်းကလင်းရွာက ဖြတ်စီးတဲ့ချောင်းရေ တိုက်စားမှုကြောင့် ရေမြှာသုံးမြှာကွဲပြီး ချောင်းသုံးချောင်းဖြစ်သွားသလိုအချို့အိမ်တွေအောက်ထပ် သဲဖုံးကုန်ပါတယ်။ ဒီချောင်းရေကြောင့်ပဲ ရေလဲဦး၊ ပေါက်ခုံနှစ်ရွာ ချောင်းပေါက်လို့ရွာလမ်းပျောက်ခဲ့ရပါတယ်။ ရေအကျမှာတော့ သဲသောင်ပြင် ဖွေးဖွေးနဲ့ တုံးတွေ၊ တိုင်တွေနဲ့ ဒိုက်တွေကျန်ရစ်ပါတယ်။ မြစ်ဘေးကရွာတွေနဲ့ ကလေးမြို့ရေဝင်အခြမ်းမှာတော့ ဒူးခေါင်းအထိ ကျွံတဲ့ နွံမည်းမည်းတွေ ကျန်ရစ်ပါတယ်။

ကလေးမြို့မြောက်ပိုင်း ရာဇဂြိုဟ်ဆည်နဲ့အထက်ပိုင်း ချောင်းဖျားအနီးမှာနေကြတဲ့ရွာတွေလည်း ချောင်းရေအကျများတာကြောင့် သဲဖုံးလို့အိမ်တွေပျက်ခဲ့ရပါတယ်။

ချင်းတောင်၊ ဟားခါးမြို့မှာ မိုးအဆက်မပြတ်ရွာလို့ တောင်တွေပြို၊ အိမ်တွေရေစီးထဲပါသွားရပါတယ်။

ကလေးနယ်မှာရေကြီးရေလျှံဖြစ်ရတဲ့အကြောင်းကို ခြုံငုံကြည့်ရင် ရာဇဂြိုဟ်ဆည်ကြောင့် မဟုတ်နိုင်ဘူးဆိုတာ သိသာပါတယ်။ ဆည်ရဲ့အထက်ပိုင်းက ကျေးရွာတွေလည်း ရေထဲပါ၊ သဲဖုံး၊ နွံဖုံးဖြစ်ကုန်ပါတယ်။ ချင်းပြည်နယ် မြောက်ပိုင်းနဲ့ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့မှာ နှစ်ပတ်လောက် အဆက်မပြတ်ရွာသွန်းခဲ့တဲ့ မိုးကြောင့် ရေကြီးရေလျှံဖြစ်ရတယ်လို့ ယူဆပါတယ်။ ဆည်ကြောင့်ဆိုရင် ဆည်အောက်ကရွာတွေ လောက်ပဲ ဆိုးဆိုးရွားရွားခံရမှာပါ၊ ခုဟာကဆည်အထက်ကရွာတွေ၊ ဆည်နဲ့ဝေးတဲ့ရွာတွေပါ ရေနစ်ပါတယ်၊ သဲဖုံးပါတယ်။

မလိုတဲ့တစ်ဦးတစ်ယောက်၊ တစ်သင်းတစ်ဖွဲ့ရဲ့စွပ်စွဲ ပြောဆိုတဲ့ စကားနောက်လိုက်ပြီး လူထုထဲမှာ စကားတွေ နှံ့ပြီးဆည် ကြောင့်ရေကြီးရတယ်၊ ရေနစ်ရတယ်၊ ဆည်ဖွင့်လို့တဲ့ ဆိုတဲ့သူများ စကားသံနောက်လိုက်ပြီး၊ ကောလာဟလစကားတွေရဲ့ နောက်လိုက်ပြီး အပြစ်တင်ကြတယ်။ အခြားကိစ္စတွေမှာလည်း ဒီလိုပါပဲ အကြောင်းအကျိုး၊ အကောင်းအဆိုး၊ အမှားအမှန်ခွဲခြား ဝေဖန်မှုမပြုသူများ နိုင်တဲ့မြစ်၊ ချောင်းမှာရေပြည့်နေသလား၊ လျှံနေပြီလား၊ မြစ်နားချောင်းနားနေတဲ့ အချို့ပုဂ္ဂိုလ်များကလည်း မြစ်ထဲ လှမ်းကြည့်ရင်ကမ်းပါးရဲ့အောက်ရေတွေ ရောက်နေတာတွေ့နိုင်ပါလျက် ကောလာဟလနောက် လိုက်ပြီး ပြေးကြတာကိုလည်း တွေ့ရပါတယ်။

လွန်ခဲ့တဲ့ လေးငါးဆယ်နှစ်ခန့်က ဘယ်လိုလူက ဘယ်လို နောက်ပြီး ပြောလိုက်တာလဲမသိဘူး။ တောင်ဦးဘုန်းကြီးကျောင်းအနီး မြစ်သာမြစ်ထဲမှာ ရေသူမပေါ်နေသတဲ့လို့ ကောလာဟလစကားနဲ့မြို့ထဲက လူတွေ၊ ကလေးရော၊ လူကြီးရောပါ ဘုန်းကြီးကျောင်းရှေ့ စက်ဘီး၊ ဆိုင်ကယ်ရှုပ်နေတာပဲ။ စာရေးသူက ဘာဖြစ်ကြတာလဲ မေးတော့ရေသူမပေါ်တယ်ဆိုလို့ လာကြည့်ကြတာတဲ့ဗျာ၊ ဒါနဲ့ကျောင်းရှေ့မှာသင်ပုန်းထောင်ပြီး ရေးထားရတယ်။ “မိမိကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားချင့်ချိန်ယုံပါ”။

အချုပ်အားဖြင့်ဆိုရသော် ရေ၊ မီး၊ မင်း၊ သူခိုး၊ အမွေခံဆိုးဆိုတဲ့ ရန်သူမျိုးငါးပါးထဲမှာ ရေဟာတားလို့ဆီးလို့မရနိုင်သဖြင့် သတိ၊ ဝီရိယစိုက်ပြီး လူနဲ့ ပစ္စည်းမဆုံးရှုံးရလေအောင် ကြိုတင်ပြင်ဆင်ထားဖို့ လိုအပ်ပါတယ်။ ဖြစ်လာတဲ့ကိစ္စကိုဘယ်သူ့ကိုမှ အပြစ်မတင်ဘဲ အကြောင်းအကျိုး၊ အကောင်းအဆိုး မှန်မမှန် လေ့လာဝေဖန်၍ ကောလာဟလစကား

**ရေနစ်ခံရဖူးလို့ ရေကိုကြောက်တာ အပြစ်မတင်ပါဘူး။ သို့သော်လည်း သူများစကားနောက်လိုက်ပြီး ဇွတ်ယုံကြတာကိုတော့ မကောင်းဘူးလို့ ထင်ပါတယ်။ ကိုယ်တိုင်လေ့လာပါဦး၊ စဉ်းစားဆင်ခြင်ပါဦး၊**

စကားသံနောက်လိုက်ပြီး ယုံကြည်ကြတယ်။

ရေကြီးရေလျှံလို့ ရေပြန်အကျမှာ အချို့က ကိုယ့်အိမ်ပြန်ပြီး ရေဆေးကြ၊ အမှိုက်သိမ်းကြလုပ်နေရတဲ့ အချိန်အချို့ ကယ်ဆယ်ရေးစခန်းကတောင် မပြန်နိုင်သေးတဲ့အချိန် ဩဂုတ် ၂၈ ရက်က ရာဇဂြိုဟ်ဆည်ကျိုးလို့တဲ့၊ ဖောက်ချလို့တဲ့၊ ရေတွေပြန်တက်လာပြီတဲ့၊ ရေတွေ ဘယ်နားရောက်နေပြီတဲ့ စတဲ့ကောလာဟလသတင်းကြောင့် မြို့ထဲကလူတွေ ရုတ်ရုတ်သဲသဲနဲ့ ရတဲ့သုံးဘီး၊ ငှားပြီးရေလွတ်ရာပြေးကြတာကိုလည်း တွေ့ရပါတယ်။

ရေနစ်ခံရဖူးလို့ ရေကိုကြောက်တာ အပြစ်မတင်ပါဘူး။ သို့သော်လည်း သူများစကားနောက်လိုက်ပြီး ဇွတ်ယုံကြတာကိုတော့ မကောင်းဘူးလို့ထင်ပါတယ်။ ကိုယ်တိုင်လေ့လာပါဦး၊ စဉ်းစားဆင်ခြင်ပါဦး၊ ရေလာတွေနောက် မလိုက်မိစေဘဲ ကိုယ်ပိုင်အသိဉာဏ်ဖြင့် ဆုံးဖြတ်ဖို့လိုအပ်ပါတယ်။

အချို့ကအဆိုးမြင်ဝါဒနဲ့ ဆည်ကိုပဲအပြစ်ပုံချ၊ နိုင်ငံတော်လူကြီးတွေကိုပဲ အပြစ်မြင်၊ ကိုယ့်အထင်နဲ့ စွပ်စွဲ၊ သူများစကားနဲ့ အဟုတ်ထင်၊ အမြင်ရှင်းအောင် မကြည့်တတ်တော့ အခွင့်အရေးသမားများရဲ့ အသုံးချမှုကို ခံနေရတယ်။

ဖြစ်ချိန်တန်လို့ဖြစ်ခဲ့ရပြီး၊ ပျက်ချိန်တန်လို့ပျက်ရတယ်လို့ သံဝေဂယူပြီး ဘယ်သူ့ကိုမှအပြစ်မတင်ဘဲ မိုးအဆက်မပြတ်ရွာရင် မြစ်ရေ၊ ချောင်းရေတက်နိုင်တယ်၊ တက်လာရင် ဘယ်လိုရေလွတ်အောင် လုပ်ကြမလဲဆိုတာ ကြိုတင်ပြင်ဆင်နိုင်ဖို့ပဲ စဉ်းစားကြပါ။ အသိတရားဖြင့်သတိထားဖို့လိုအပ်ပါတယ်။



# တရုတ်-မြန်မာသတင်းမီဒီယာများတွေ့ဆုံ

**မူဆယ် အောက်တိုဘာ ၁၃**

တရုတ်-မြန်မာသတင်းမီဒီယာများ တွေ့ဆုံနှီးနှောဖလှယ်ပွဲကို အောက်တိုဘာလပထမပတ်က တရုတ်နိုင်ငံ ရွှေလီမြို့၌ကျင်းပရာ မြန်မာသတင်းမီဒီယာအဖွဲ့မှ မူဆယ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဦးအယ်လ်စိုးထန်တူးအပါအဝင် ၁၄ ဦးတို့ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲတွင် သတင်းမီဒီယာအဖွဲ့ခေါင်းဆောင် ဦးအယ်လ်စိုးထန်တူးက မြန်မာသတင်းမီဒီယာနှင့် စပ်လျဉ်း၍ သတင်းသမားများစောင့်စည်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နှစ်ဖက်သိရှိလိုသည်များကို မေးမြန်းခဲ့ပြီး နှစ်ဖက်အပြန်အလှန် ဆွေးနွေးဖလှယ်ခဲ့ကြသည်။ ထို့နောက် တရုတ်ပြည် ရွှေလီမြို့၌ နှစ်စဉ်ကျင်းပလေ့ရှိသည့် (၁၅)ကြိမ်မြောက် တရုတ်-မြန်မာဆွေမျိုးပေါက်ဖော်ပွဲသို့ သွားရောက်လေ့လာခဲ့ကြသည်။

ထို့နောက် တရုတ်-မြန်မာဆွေမျိုးပေါက်ဖော်ပွဲ ချစ်ကြည်ရေးအဖြစ် ပိုက်ကျော်ခြင်းပြိုင်ပွဲများ ကျင်းပရာ မြန်မာဘက်မှ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်လေးသင်းနှင့် တရုတ်ဘက်မှ ရွှေလီ၊ ကျယ်ဂေါင်သုံး သင်းဖြင့် စုစုပေါင်းခုနစ်သင်းတို့ ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်(၁၀၅) မိုင်**

## ကျေးလက်နေပြည်သူများအား မြေငှားဂရန်ထုတ်ပေး

**ပြည်**

တစ်မြို့နယ်တွင် ကျေးရွာတစ်ရွာနှုန်း မြေငှားဂရန်များ ထုတ်ပေးရေးအစီအစဉ်ဖြင့် ပြည်မြို့နယ် တွင်းမြည်းကျေးရွာအုပ်စု ကြို့ရသာကျေးရွာ၌ မြေငှားဂရန်များ ထုတ်ပေးခြင်းအခမ်းအနားကို အောက်တိုဘာ ၁၁ ရက်က အဆိုပါ ကျေးရွာ ဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်းက အမှာစကားပြောကြား၍ ပြည်ခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနဦးစီးမှူး ဦးသိန်းစိုးမင်းက မြေငှားဂရန် ထုတ်ပေးခြင်းကိစ္စနှင့်ပတ်သက်ပြီး သိရှိဖွယ်ရာများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကြို့ရသာကျေးရွာရှိ မြေပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းသော အိမ်ထောင်စု ၈၆ စုအနက် ၆၆ ဦးကို ၁၀ နှစ်သက်တမ်းရှိ မြေငှားဂရန်များကိုခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာတွင်းရှိ မြေပိုင်ရှင်တစ်ဦးချင်းထံသို့ လွှဲပြောင်းထုတ်ပေးခဲ့ကြောင်း သိရသည်။

**အောင်(ဓာတုဗေဒ)**

**မြဝတီ**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ မဲကနယ်ကျေးရွာအုပ်စု မဲကနယ်လမ်း ကျေးရွာ မြေငှားဂရန်ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက်က အဆိုပါ ကျေးရွာရွာဦးဘုန်းကြီးကျောင်းအတွင်း ကျင်းပသည်။ ရှေးဦးစွာ မြဝတီခရိုင် မြေငှားဂရန်ချထားပေးရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးလွင်ကိုဦးက မြေငှားဂရန်ထုတ်ပေးမှုနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ ( မြို့ပြ) ဦးခွန်ထွန်းသက်အောင်က ကျေးရွာမြေငှားဂရန်ထုတ်ပေးရာတွင် လမ်းနယ်နိမိတ်နှင့် မလွတ်ကင်းသည့် အခြေ အနေများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး တာဝန်ရှိသူများက အိမ်ခြံ မြေပိုင်ရှင် ၁၅၀ ကို မြေငှားဂရန်များပေးအပ်ခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## မိဘနှင့် ကျောင်းသား ကျောင်းသူများအား ပညာပေး ဟောပြော

**ရန်ကုန် အောက်တိုဘာ ၁၃** တာမွေမြို့နယ် ပညာရေးဌာနကကြီးမှူး၍ မိဘနှင့် ကျောင်းသား ကျောင်းသူများ အသိပညာပေးဟောပြောပွဲကို အထက (၁) ကျောင်းခန်းမ၌ အောက်တိုဘာ ပထမပတ်က ကျင်းပခဲ့သည်။ ရှေးဦးစွာ မြို့နယ်ပညာရေးမှူး ဦးဉာဏ်ထွန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှမြို့နယ်ဦးစီးမှူး ဒေါ်လှလှမြင့်က မိဘနှင့်သားသမီးကြားတွင်စနစ်တကျ စောင့်ရှောက်ပြုစုပျိုးထောင်ပေးရန်လိုအပ်သည့် လုပ်ငန်းစဉ်များ၊ မြို့နယ်ရဲမှူးဦးခင်မောင်မြက လူကုန်ကူးခြင်းဖြစ်စဉ်များနှင့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး အကြောင်းအရာများကို ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**လှလှ**



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေစီးပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစု ကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါ ကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး) က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ ဒုတိယတွဲအဖြစ် "၄၅ တာ၊ ၁၄ခန်း ဇရပ်နှင့် ၇ သံချီညချမ်း" အမည်နှင့် ရတနာပုံစာအုပ်တိုက်က ၂၀၀၂ခုနှစ်တွင် ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# အရှေ့ ၄၅ တာ၊ သိင်္ဂါရ ရသ စိတ္တဇအလွမ်း

**ဆူးငှက်**

***ယခင်အပတ်မှအဆက်***

၄၅ တာကွင်းမှာ ခြေစွမ်းခြေစရှိသောကလေးသည် တစ်နှစ်၊ နှစ်နှစ်အတွင်း ဒုတိယတန်း၊ ပထမတန်းကလပ် အသင်းများဆီရောက်ကြ၏။ ၄၅ တာကွင်းမှာ ဘောလုံး သင်းပေါင်း နှစ်ဆယ်အစိတ်အထိ ပြိုင်ပွဲဝင်ကြ၍ တစ်သင်းလျှင် ခြေစွမ်းခြေစရှိသူ ပျမ်းမျှတစ်ယောက်ပဲ ထား။ ထိုလူအစိတ်က မန္တလေးကလပ်အသင်းများ အတွက် အမာခံများဖြစ်သွားသည်။ ထို့နောက် မန္တလေး တိုင်းအတွက် အမာခံများဖြစ်ရန်သေချာ၏။ ဗထူးကွင်း ကိုကြီးကြပ်သော တိုင်းလက်ရွေးစင်အဖြစ် ရွေးချယ် သော လူကြီးများက မြို့မိမြို့ဖများချည်းမို့ ဘက်မလိုက် ရဲ. . ။ လာဘ်မစားရဲ. . .၊ အာဏာမသုံးရဲ. . .၊ ပရိသတ် ဆန္ဒနှင့်တစ်ထပ်တည်း. . .။ ထို့ကြောင့် ထင်ပေါ်လျှင် စင်တော်ကကောက်ခံရဖို့က မြေကြီးလက်ခတ်မလွဲ. . .။

ဤသို့ဖြင့် ၄၅ တာဘောလုံးကွင်းသည် ဘောလုံး မျိုးဆက်သစ်လေးတွေကို နှစ်စဉ်မပျက် မွေးထုတ်ပေး နေ၏။ အဖိုးတန်မည့်ကျောက်ရိုင်းကလေးများကို အများ ထဲမှ ဇာဂနာနှင့်ကောက်ကာ ကနဦးရွေးချယ်ပေးလိုက် သည်က အရှေ့ ၄၅ တာ ဘောလုံးကွင်းပဲဖြစ်ပါ သည်။

ထို့နောက် မလွန်ကွင်းနှင့်ဗထူးကွင်းတွင် ပညာရှင် များက အကွက်အကွင်းလှအောင် သွေးပေးလိုက်သော အခါ တိုင်းပြည်ရတနာများဖြစ်လာတော့သည်။ အရှေ့ ၄၅ တာမှာ ဘောလုံးပွဲတွေကောင်းနေသည့်နှစ်များ ကား မန္တလေးတိုင်းက ပြည်နယ်နှင့်တိုင်းဘောလုံးပွဲတွင် နှစ်နှစ်ဆက်တိုက်၊ နှစ်နှစ်ဆက်တိုက် မကြာခဏဗိုလ်စွဲ သည့်နှစ်များ။ ထို့အပြင် မြန်မာ့လက်ရွေးစင်ဘောလုံး အသင်းက အာရှချန်ပီယံအကြိမ်ကြိမ်ဖြစ်ပြီး အိုလံပစ် မှာ မျက်နှာပန်းလှခဲ့သည့်နှစ်များ. . .။

လွန်ခဲ့သည့် ဆယ်နှစ်ကျော်လောက်ကတည်းက အရှေ့ ၄၅တာမှာ ဘောလုံးပြိုင်ပွဲတွေမရှိတော့။ သို့သော် ဘောလုံးကွင်းနှင့် အဝင်လမ်းကြားမှာတော့ ခြင်းလုံးရုံ တစ်ရုံရှိပြီး ဝါဆိုလရောက်လျှင် ဝါဆိုခြင်းပွဲကို လချီ ကျင်းပခဲ့သည်။ ခြင်းအသင်းပေါင်း ရာချီဝင်ကြ၏။ အခုလည်း ဝါဆိုခြင်းပွဲကို ဆက်လက်ကျင်းပနေဆဲဖြစ် ၏။ ခြင်းရုံကတော့ မြောက်စောင်းတန်းအနောက်နား ရောက်သွားပြီ။

ဘုရားကြီးအရှေ့ ၄၅ တာထဲက လိပ်ကန်ကို အသစ်ပြန်ဆယ်ကာ ပြုပြင်ခြင်းနှင့်အတူ လိပ်ကန် အရှေ့ဘက်ရှိဆိုင်စုများအား ဖျက်သိမ်းကာ ဗိုလ်ဗထူး လမ်းဘေးတွင် အိုးစည်တန်းအဖြစ် ဆိုင်ခန်းအသစ်များ တည်ဆောက်ပြီး ပြောင်းရွှေ့နေရာချခဲ့သည်။ လိပ်ကန် ပတ်ဝန်းကျင်ကိုလည်း အပန်းဖြေပန်းခြံကြီးအသွင် ပြောင်းကာ အလှစိုက်ပန်းပင်၊ သစ်ပင်မီးပဒေသာ၊ လျှောက်လမ်းများဖြင့် လိပ်ကန်ကလည်း သစ်လွင်လှပ လာ၏။ ထို့နောက် လိပ်ကန်၏အနောက်မြောက်ထောင့် မှာ မြဂုဏ်ရောင်အထည်ဆိုင်မိသားစုကောင်းမှု နာရီ စင်ကြီးကိုလည်း အသစ်တည်ဆောက်ထားသည်။

ထို့ပြင် ဘုရားကြီးတံတိုင်းအတွင်း အရှေ့ မြောက်ထောင့်တွင်လည်း ပန်းခြံကြီးနှင့်အတူ ဗုဒ္ဓဝင် ပြတိုက်ကြီးကို တည်ဆောက်ထားပါသည်။ ယခင်က တံခွန်တိုင်ကြီးအောက် လူသူကင်းဝေးတိတ်ဆိတ်ကာ အမှတ်(၆)ဘတ်စ်ကားကြီးတွေ ငိုက်မြည်းနေသည့် လမ်းကလေးက အခုတော့ နိုင်လွန်ကတ္တရာလမ်းမ ကြီးဖြစ်ကာ အရှေ့ဘက်တစ်တန်းလုံး ဆိုင်ခန်းတွေ ချည်းမို့ ကက်ဆက်သံ၊ မော်တော်ကားဟွန်းသံ၊ ရွှေကြို ခေါ်သံ ဆူညံလို့နေတော့သည်။ တံခွန်တိုင်ကြီး၏ မြောက်နား တံတိုင်းဘေးမှာက ဆိုင်ခန်းများနှင့်အတူ မော်တော်ကား၊ စက်ဘီးအပ်နှံရာနေရာကလည်း ဘုရားဖူး ကားများ၊ စက်ဘီး၊ ဆိုင်ကယ်များ ဝင်ထွက်မပြတ် စည်စည်ကားကား။

အရှေ့ဘက်ဆိုင်ခန်းများမှာက အစားအသောက်ဆိုင် များရှိသည်။ နိဗ္ဗာန်ကုန်ဆိုင်ရှိသည်။ ဘုရားပန်း၊ စက္ကူထီး၊ တံခွန်၊ ကုက္ကားဆိုင်များရှိသည်။ ဘုရားဆင်းတု၊ နတ်ရုပ် စသည့်ပန်းပုဆိုင်များရှိသည်။ ထိုဆိုင်ခန်းတန်းတွင် တော့ဘဲ တီးလုံးကိုတိပ်ခွေတွင်သွင်းကာ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ် အသံချဲ့စက်ဖြင့်ဖွင့်ခဲ့သည်။ ပြာသာဒ် တော်ကြီးအထက်ငှက်ပျောဖူးဆီမှ လေးမျက်နှာသို့အသံ ချဲ့စက်လေးလုံးဆင်ထားသဖြင့် မနက် ၄ နာရီဘုရားကြီး က ရေခင်းဖွင့်သံကို ငယ်စဉ်ကနေခဲ့ရသော ဈေးချိုအနီး ဒေါင်းရိုးရပ်နေအိမ်ဆီမှ ခပ်သဲ့သဲ့ကြားရဖူးသည်။

ဤကဲ့သို့အသံချဲ့စက်ဖြင့် ရေခင်းသံကို နှစ်များ ကြာရှည်စွာတိပ်ခွေဖြင့် ဖွင့်နေခဲ့ရာမှ ၁၉၉၀ ပြည့်လွန် လေးတွေ ဘာသာရေး၊ လူမှုရေးအတွက် စိတ်ဝင်တစား၊ တလေးတစား ပါဝင်လာခြင်းဖြစ်၏။

သို့သော် မဟာမုနိက ဗုံတောင်ဝိုင်းကိုတော့ တသသ မက်မောအလွမ်းဖြေစရာ ရှေးဟောင်းပစ္စည်းတစ်ခု အနေနှင့် တန်ဖိုးထားချင်သောကြောင့် ရှေးကပုံစံ အတိုင်းပဲ အခုလိုမပြောင်းလဲစေချင်တာဖြစ်၏။

ဘုရားကြီးဘက်သို့ မရောက်ဖြစ်တာကဖြင့် ကြာပါ ပြီကော. . . .။ ရောက်ဖြစ်ပြန်တော့ အသစ်အဆန်း ကြီး ဖြစ်နေတော့၏။ ပြတိုက်ကြီးထဲမှာ ငယ်ငယ်က တကူးတကကြည့်ခဲ့ရသည့် မင်းတုန်းမင်း၊ သီပေါမင်း၊ စုဖုရားလတ်နှင့် ဝန်ကြီးအမတ်ကြီးရုပ်တုတွေ၊ မြနန်း စံကျော်ရွှေနန်းတော်ကြီးရှိ ပြတိုက်မှာရောက်သွားသည်။ မဟာမုနိရုပ်ပွားတော်ကြီးရှေ့တော်မှာလည်း ကော်ဇော ခင်းရွှေကြိုးသတ်ကာ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ မီးပူဇော် ခုံတွေဆင်ထား၏။

အရှေ့စောင်းတန်း ဗောဓိပင်ဘက်မှာလည်း အောင်ခြင်း ရှစ်ပါး ရုပ်လုံးကြွပြခန်းကြီးတွေရှိသည်။ ပြတိုက်နှင့် မြောက်စောင်းတန်းကြားမှာ ဥယျာဉ်ပန်းခြံ. . .၊ လိပ်ကန် ကြီးဘေးမှာ ဥယျာဉ်ပန်းခြံ. . .၊ ယခင်က လူသူ



နာမည်ကြီးမုန့်ဟင်းခါးဆိုင်လည်းရှိ၏။ မြင်ရရုံဖြင့် စားချင့် စဖွယ်သွားရည်ယိုလောက်သော သီးစုံအချဉ်ပေါင်းဆိုင် ရှိ၏။

ကျွန်တော်တို့သည် မင်းသားစုထဲရှိ ကမ္ဘာအေးဆေး တိုက်နေအိမ်တွင် ရွှေဝတ်ရည်မဂ္ဂဇင်းကိုထုတ်ဝေစဉ်က ညနေ ၄ နာရီ ဘုရားကြီးပြာသာဒ်တော်ကြီးဆီမှ ရေခင်း သံ တီးလုံးကြားလျှင် အယ်ဒီတာစားပွဲမှသည် ၈၄ လမ်းမ ကြီးကိုကျော်၊ မြင်းဝန်တိုက်ကိုဖြတ်၊ ဘုရားကြီးဈေး ကိုဝင်ကာ ၄၅ တာမုခ်ကြီးအရှေ့ဘက်ရှိ မုန့်ဟင်းခါး ဆိုင်မှာ မုန့်ဟင်းခါးစားသောက်ကြသည်။ ထိုသို့သော ညနေမျိုး နှစ်နှစ်သုံးနှစ်နီးပါးကြာခဲ့သည်။

မုန့်ဟင်းခါးဆိုင်က လူစည်လွန်းတော့ ကိုယ့်လက်ထဲ မုန့်ဟင်းခါးပန်းကန်ရောက်ဖို့ အတော်စောင့်ရ၏။ စိတ်မရှည်သောနေ့မျိုးတွင် မုန့်ဟင်းခါးအိုးဘေးရပ်ကာ ပန်းကန်ကို အလုအယက်ဆွဲငင်ယူမိသည်။ မုန့်ဟင်းခါး အကြောင်းစပ်ရင်း ညနေ ၄ နာရီ နရည်းဗုံတောင်ရေခင်းသံ ကိုပြောမိတော့ သတိရပြန်သည်။

ရှေးရှေးက မဟာမုနိကိုယ်တော်ကြီးရှေ့တော်တွင် နရည်းဗုံးတောင်အဖွဲ့က နံနက်အရုဏ်တက် ၄ နာရီတွင် တစ်ကြိမ်၊ ညနေ ၄ နာရီတွင် တစ်ကြိမ်တီးမှုတ်ကာ ဝတ်ဖြည့်ခဲ့၏။ ထို့နောက် လူကိုယ်တိုင်မတီးခတ်နိုင်ကြ နှစ်လောက်ကစပြီး နရည်းဗုံတောင်အဖွဲ့ကို ပြန်လည် ဖွဲ့စည်းကာ ကိုယ်တိုင်တီးမှုတ်ပူဇော်ခဲ့ကြသည်။ ဝတ်ဖြူ စင်ကြယ်ဖြင့် ဗုံတောင်အဖွဲ့သားများက သတ်မှတ်နေရာ တွင်နေရာယူပြီး နှဲ၊ မောင်းဆိုင်း၊ စည်သာလင်းကွင်း၊ ဗုံထောင်၊ စည်းဝါးများဖြင့် သာယာနာပျော်ဖွယ်ရာ တီးမှုတ်ကြသည်။ ထိုအစဉ်အလာကို မပျက်စီးအောင် ဆက်လက်ထိန်းသိမ်းသင့်ပါသည်။ မည်သို့ပင်ပြောင်းလဲ စေကာမူ ထိုမောင်းဆိုင်း၊ နှဲများနေရာတွင် ကက်ဆီယို အော်ဂင်မဖြစ်ဖို့လည်းလိုပါ၏။ နောက်မျိုးဆက်က မောင်းဆိုင်းတီး၊ နှဲမှုတ်ရာမှာ ခက်လှတယ်။ ကက်ဆီယို အော်ဂင်မှာအသံမျိုးစုံပါတော့ ခလုတ်နှိပ်ကာ သံစုံ အထွက်ခိုင်းလျှင် လွယ်လွယ်နှင့်ရသည်မဟုတ်လော. . .။ အလွယ်လမ်းလိုက်မှာစိုးရိမ်သဖြင့် ပူမိခြင်းဖြစ်သည်။

အခုနောက်ပိုင်း ဝါတွင်းဆွမ်းကြီးခံအဖွဲ့များ၏ ဗုံ တောင်ဝိုင်းများတွင် ဗုံထောင်တစ်လုံး၊ ကက်ဆီယိုအော်ဂင် တစ်လုံးနှင့် အလှူခံလှည့်နေသည့် ဝိုင်းများချည်းဖြစ်နေ သည်။ မြို့လယ်ရှိ ဓမ္မာရုံတစ်ရုံမှ ဗုံတောင်ဝိုင်းဆိုလျှင် ဗုံတောင်ကို မိုက်တပ်ဆင်ထားသည့် ဟော်လိုဂစ်တာအား ကြိုးညှိတီးခတ်အလှူခံ၏။ ထိုသို့ပြောင်းလဲမှုက ချစ်စရာကောင်းပါ၏။ မည်သို့ပင်ဖြစ်စေ၊ လက်လှမ်းမီ သော၊ အလွယ်ရသော၊ ကျွမ်းကျင်သောဂီတဖြင့် လူငယ် အရောက်အပေါက်နည်းသော အရှေ့စောင်းတန်းမှာ ဆိုင်ခန်းတွေအပြင်အဆင် တစ်ညီတည်းနှင့် ဘုရားဖူး များမစဲ။

မြောက်စောင်းတန်းမှာတော့ အရင်လိုမစည်ကား . . . .။ သို့သော် မြောက်စောင်းတန်းကပဲ ငယ်မူကို သတိရစွာဖြင့် ပြန်ထွက်ခဲ့ပြီး ဗိုလ်ဗထူးလမ်းအတိုင်း အရှေ့ဆီလျှောက်ဖြစ်သည်။ ဗိုလ်ဗထူးလမ်းဘေးမှာ သင်္ဘောဆေးနှင့်ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်း ဆိုင်ကြီးတွေ နီယွန်မီးစတစ်ကာ မီးဆိုင်းဘုတ်ကြီးများဖြင့် ဟည်းထနေ၏။ ယခင်က ဘုရားကား၊ နတ်ကားများ အတွက် မှန်ပေါင်လောက်သာ ရောင်းချသည့်ဆိုင်ကြီး များကလည်း အဆောက်အအုံနှင့် လုပ်ငန်းသုံးမှန်ကြီး များ အပြိုင်အဆိုင်ရောင်းချနေ၏။ အီတလီမှန်၊ ဆိုလာမှန်၊ မှန်ခုံး၊ မှန်ခွက်. . . ထုအမျိုးမျိုး၊ အရောင် အမျိုးမျိုး။

ဗိုလ်ဗထူးလမ်းနှင့် အရှေ့ ၄၅ တာ အဝင်ပေါက် အနီးမှာ အနောက်ဘက်က ဒဂုန်မန်းစတိုးဆိုင်၊ သည် ဆိုင်က စာရေးဆရာမ မေမောင်တို့ဆိုင်ဖြစ်၏။ သူက တော့ အရှေ့စောင်းတန်းက နိဗ္ဗာန်ကုန်ဆိုင်မှာပဲ အမြဲ ရှိသည်။ အရှေ့စောင်းတန်းမှာ နေမြင့်မှဆိုင်ဖွင့်ပြီး

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ရေတော်ကပ် ကြေးဖလားတစ်စုံလောက်ရောင်းရလျှင် ဈေးဝယ်မမျှော်တော့ဘဲ ဆိုင်ထဲမှာ သူ့ရပ်ကွက်အကြောင်း ဝတ္ထုရေးနေတတ်သူ၊ လာသူမှုစာပေဆွေးသည်ကို အယုတ်အလတ်အမြတ်မရွေး ထမင်းတန်ထမင်း၊ မြီးရှည်တန်မြီးရှည်၊ ရွှေရင်အေးတန် ရွှေရင်အေး ဧည့်ဝတ်ကျေတတ်သူ. . . .။

ဗိုလ်ဗထူးလမ်းပေါ်က ဒဂုန်မန်းစတိုးဆိုင်နှင့် မျက်နှာချင်းဆိုင်ဘက်မှာတော့ နာမည်ကျော် ခေတ်ကျောင်းသားဆေးဆိုင်ရှိသည်။ သည်ဆိုင်မှာ ကလေးခါးထစ်ခွင်ချီရင်း၊ ဈေးတောင်းရွက်ရင်း၊ အထုပ်အပိုးထမ်းရင်း ဆေးဝယ်သူတွေတိုးဝှေ့. . .။ အနာနှင့်ဆေးသင့်အောင်ပေးကာ လက်လုပ်လက်စားအများစုအတွက် အားကိုးစရာဆေးဆိုင်ဖြစ်၏။

ကျွန်တော်သည် ဗိုလ်ဗထူးလမ်းကို အရှေ့ဘက်ဆုံးထိလျှောက်ရင်း အနောက် ၄၅၊ အရှေ့ ၄၅၊ မြောက်ဘက်မုခ်များကို ရှေးဟောင်းနှောင်းဖြစ်လွမ်းမောစရာ ပြန်လှန်တွေးတောနေမိသော်လည်း မြောက်ဘက်မုခ်အရှေ့ဘက်က ရှင်မာလဲဘုရားကို မန္တလေးသားဖြစ်ပြီး ဘာကြောင့်များ မရောက်ဖြစ်၊ မဆင်နွှဲဖြစ်ရသလဲဆိုတာတွေးမိရင်း ကိုယ့်ကိုကိုယ် ဒေါသဖြစ်မိနေ၏။

တကယ်တော့ ရှင်မာလဲဘုရားပွဲက နှစ်စဉ်တန်ဆောင်မုန်းလဆန်း ၁၄ ရက် အဖိတ်နေ့နှင့် တန်ဆောင်မုန်းလပြည့်နေ့တွင် ကျင်းပ၏။ ဘုရားပွဲကျင်းပပုံကထူးဆန်းသည်။ အဖိတ်နေ့ညချမ်းကား တန်ဆောင်မုန်းလပြည့် အဖိတ်ပီပီ ကြယ်တာရာစုံခကာ လမင်းက ပြည့်ပြည့်သာ၏။ လရောင်အောက်တွင် မောင်မယ်စုံညီသည်။ ဘုရားဘေးတွင် ရောင်းချနေသော ကြာပန်းသည်များဆီက ကြာပန်းဝယ်ကာ မကြာခင် အတူပေါင်းသင်းရစေဖို့ (သို့မဟုတ်) သည်လင်သည်မယား အိုအောင်မင်းအောင် ကြာကြာပေါင်းသင်းရစေဖို့ ဆုမွန်တောင်းပြီး စိန်တောင်အဆင့်ဆင့်နှင့် မြင်းမိုရ်တောင်ပမာ ဗိသုကာခံကာ တာဝတိံသာမှ စူဠာမုနိစေတီပမာရည်စူးတည်ဆောက်ထားသော ရှင်မာလဲဘုရား၏အမြင့်ဆုံးစိန်တောင်ဆီ မောင်မယ်စုံညီ ကြာပန်းတွေပစ်ပေါက်ပူဇော်ရသည့်ပွဲဖြစ်၏။ မနက်လင်းတော့ ရှင်မာလဲစေတီကို အနားတွင်အဆင်သင့်ကြိုတင်ခေါ်ယူထားသော နွားမဆီမှ နွားနို့လတ်လတ်ဆတ်ဆတ်ညှစ်ကာ ယနာနို့ဆွမ်းချက်လုပ်ပြီး ဆွမ်းကပ်ပူဇော်ကြ၏။

ထိုပွဲကို ကျွန်တော်မဆင်နွှဲဖူး။ သွားဟယ်လာဟယ်နှင့် လွတ်လပ်ပေါ့ပါးသော ကျောင်းသားအရွယ်၊ လူပျိုလူလွတ်အရွယ်ပေမယ့် ထိုရက်ရောက်လျှင် စစ်ကိုင်းတောင် ကထိန်ပွဲဆီကိုသာ အာရုံရောက်ကာ မန္တလေးမြို့ကိုမေ့ပြီး စစ်ကိုင်းတောင်ဆီမဖြစ်မနေ၊ မပျက်မကွက်သွားဖြစ်နေလို့ ဟုလည်း ပြောနိုင်၏။

စေ့စေ့တွေးကြည့်ပြန်တော့ သည်အရွယ်မှာ တစ်မြို့တည်းအတူနေသူလေးတစ်ယောက်ယောက်နှင့် ရည်စားသညာမဖြစ်ခဲ့တာကြောင့်လည်း ဖြစ်နိုင်၏။

အသက်နှစ်ဆယ်လောက်ပြန်ငယ်ပြီး ရှင်မာလဲဘုရားပွဲကို တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ညမှာ ဝါးတန်းသူ(သို့မဟုတ်) ရသာတန်းသူ (သို့မဟုတ်) မျက်ပါးရပ်သူ (သို့မဟုတ်) ရှမ်းပွဲသူလေးတစ်ဦးဦးနှင့် ဆင်နွှဲချင်ပါသေးတော့. . .။ ထိုအခါ. . .

ကြည်နူးဆွတ်ပျံ့ဖွယ် သိင်္ဂီရရသက လရောင်အောက်မှာ တဖျပ်ဖျပ်တောက်ပနေမှာပေါ့. . .။

**(မြန်မာ့ခနေ၊ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်-၁၉၉၉)**

***(၄၅ တာ၊ ၁၄ ခန်းဇရပ်နှင့် ၇ သံချီညချမ်း အခန်းဆက်ဆောင်းပါးကို အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***



**ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ သတ္တမအကြိမ်မြောက် ဘုရားဆင်းတုတော်များ ပူဇော်လှူဒါန်းပွဲကို အောက်တိုဘာ ၉ ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် လွှတ်တော်ဝင်းအတွင်းရှိ တိုင်းအမျိုးသမီးရေးရာအဖွဲ့ရုံး၌ လှူဒါန်းရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ငွေးက တိုင်းဒေသကြီးအတွင်းရှိ ခရိုင်များနှင့်ဌာနဆိုင်ရာများကို ပူဇော်လှူဒါန်းစဉ်။** တင်စိုး(မြန်မာ့အလင်း)

## အထူးရဲမျာ း ခန့်အပ်တာဝန်ပေးအပ်ခြင်းရှင်းလင်း

**ဒီးမော့ဆို အောက်တိုဘာ ၁၃**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြုလုပ်နိုင်ရန်အတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များအတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်မည့် အထူးရဲများ ခန့်အပ်တာဝန်ပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခြင်းကို အောက်တိုဘာ ၁၀ ရက်က ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် မြို့မရဲစခန်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဇောက အမှာစကားပြောကြားပြီး မြို့မရဲစခန်းမှူး ဒုရဲမှူးစိုးမိုးနိုင်က အထူးရဲများ ခန့်အပ်တာဝန်ပေးအပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## 2nd South East Asian Cup Squash Championship ပြိုင်ပွဲကျင်းပရေးစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၁၃**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ Squash အဖွဲ့ချုပ်တို့ပူးပေါင်းမှုဖြင့် မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် 2nd South East Asian Cup Squash Championship ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၁၂ ရက်က နေပြည်တော်ရုံးအမှတ် (၃၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးသောင်းထိုက်က Squash အားကစားနည်းသည် မြန်မာနိုင်ငံတွင် လူသိနည်းသည့် အားကစားနည်းဖြစ်သည့်အတွက် အိမ်ရှင်အဖြစ် လက်ခံကျင်းပရာတွင် နိုင်ငံတကာအဆင့်မီအောင် အားကစားဝန်ကြီးဌာနနှင့်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ စီစဉ်ဆောင်ရွက်သင့်ပါကြောင်း၊ မြန်မာအသင်းအနေနှင့်လည်း ထိုက်သင့်သော ဆုတံဆိပ်များရရှိအောင် ကြိုးစားကြရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ Squash အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြည့်စုံက ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံတွင် ဒုတိယအကြိမ် လက်ခံကျင်းပမည့် အာရှ Squash ပြိုင်ပွဲကို မြန်မာအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြင့် နိုင်ငံတကာအတွေ့အကြုံများရရှိပြီး နည်းစနစ်ပိုင်းတွင်လည်း တိုးတက်ကောင်းမွန်လာစေရန် ဖြစ်ကြောင်း၊ SEA Squash Federation မှလည်း နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို လာရောက်ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

2nd South East Asian Cup Squash Championship ပြိုင်ပွဲကို ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁၁ ရက်မှ ၁၇ ရက်ထိ နေပြည်တော်ရှိ Squash အားကစားရုံ၌ စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံအပါအဝင် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနိုင်ငံတို့မှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

## လက်ပံခါးကော့-ဂဠုန်ကုန်းကျေးရွာ ချောင်းကူးတံတားအသစ်တည်ဆောက်မည်



**ယခင်ချောင်းကူးတံတားဟောင်းကို တွေ့ရစဉ်။**

**မိတ္ထီလာ အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် လက်ပံခါးကော့ကျေးရွာအနီးရှိ ကျေးရွာပေါင်း ၂၀ ကျော်မှ ဒေသခံများ ဖြတ်သန်းသွားလာအသုံးပြုနေသည့် လက်ပံခါးကော့-ဂဠုန်ကုန်း ချောင်းကူးတံတားကို အသစ် ပြန်လည်ဆောက်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီရက်ပိုင်းအတွင်း တံတားသစ်ကို ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေက ခွင့်ပြုငွေနဲ့ စတင်ဆောက်လုပ်မှာပါ။ တံတားဟောင်းက ပျက်စီးယိုယွင်းနေပြီး ကျေးရွာပေါင်း၂၀ ကျော်က ဒေသခံတွေဖြတ်သန်းသွားနေတဲ့တံတားမို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ရည်ရွယ်ပြီး တံတားသစ်ကို ဆောက်လုပ်ပေးတာပါ။ တံတားအရှည် ၃၅ ပေ၊ အကျယ် ၁၄ ပေ၊ သံပေါင်ရက်မသစ်သားခင်း တံတားအမျိုးအစားဖြစ်ပြီး တစ်လခွဲအချိန်ကာလအတွင်းပြီးစီးအောင် ဆောက်လုပ်သွားဖို့ခန့်မှန်းထားပါတယ်"ဟု မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်လှလှဦးက ပြောပြသည်။

ယင်းလက်ပံခါးကော့-ဂဠုန်ကုန်း ချောင်းကူးတံတားပေါ်မှ အနီးပတ်ဝန်းကျင်ရှိ ရှင်မြို့၊ လက်ပံခါးကော့၊ ရွာမ၊ ဂဠုန်ကုန်း၊ အုတ်မြေကန်၊ ကျေးရွာများအပြင် အင်ကြင်းစု၊ ဖက်တော၊ ကက္ကူကန်၊ လိန်တော၊ ရေချိုကံကောင်း၊ ကျောက်ပုံစသည့်ကျေးရွာပေါင်း ၂၀ ကျော်မှ ဒေသခံများ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများအတွက် နေ့စဉ်အသုံးပြုနေရကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ရွေးကောက်ပွဲဆိုင်ရာသင်တန်းများဖွင့်

**ဒိုက်ဦး**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကောလိယခန်းမ၌ အောက်တိုဘာ ၉ ရက်က ဒိုက်ဦးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူးများနှင့် ဒုတိယမဲရုံမှူးများကို ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့် ပို့ချမှုသင်တန်းကို ကျင်းပခဲ့သည်။

ပဲခူးခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ခရိုင်ရွေးကောက်ပွဲအရာရှိက ဦးဆောင်၍ သင်တန်းပို့ချခဲ့ပြီး အဆိုပါသင်တန်းကို အောက်တိုဘာ ၉ ရက်မှ ၁၀ ရက်အထိ ၂ ရက် တိုင်တိုင် ကျင်းပသွားခဲ့ကြောင်း သင်တန်းသို့ သင်တန်းသား/သူ စုစုပေါင်း ၅၀၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ငွေးစု(ပြန်/ဆက်)**

**ညောင်တုန်း**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ မဲရုံမှူး၊ ဒုမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ လုပ်ငန်းစဉ် ဆောင်ရွက်ပုံသင်တန်းကို အောက်တိုဘာ ၁၀ ရက်က မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ညောင်တုန်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဖိုးလစ်သောင်းရွှေက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းစဉ်ဆောင်ရွက်ပုံအဆင့်ဆင့်ကို ရှင်းလင်းဆွေးနွေးပို့ချပေးသည်။

အဆိုပါသင်တန်းသို့ ညောင်တုန်းမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက် ၁၀ ခုနှင့် ကျေးရွာအုပ်စု ၄၄ အုပ်စုမှ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြပြီး နှစ်ရက်ကြာ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**သပြေထွန်း**

**ဖောင်းပြင်**

မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသော မဲရုံမှူး၊ ဒုမဲရုံမှူးများ ပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ ရက်က အထကကျောင်း ယုဇနဆောင်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ခရိုင်ရွေးကောက်ပွဲကော်မရှင်အတွင်းရေးမှူး ဦးငွေထွန်းနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မောင်မောင်တို့က အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

**တန့်ယန်း**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာပညာပေးဆွေးနွေးပွဲအခမ်းအနားကို အောက်တိုဘာ ၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးသက်နိုင်၊ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ရဲမှူးဝင်းအောင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးစံအေးတို့က ရွေးကောက်ပွဲဆိုင်ရာများ၊ လုံခြုံရေးဆိုင်ရာများနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး(ပြန်/ဆက်)**

**နတ်တလင်း**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှကြီးကြပ်၍ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် ရပ်/ကျေးကော်မရှင်များအား အသိပညာပေးသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၂ ရက်က နတ်တလင်းအထက မနောဗာဒယခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ထွဋ်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် ကော်မရှင်အဖွဲ့ဝင်ဦးမြင့်က သင်တန်းစည်းကမ်းသင်တန်းပို့ချမည့် အစီအစဉ်တို့ကို ဖတ်ကြားတင်ပြသည်။ သင်တန်းကာလမှာ အောက်တိုဘာ ၁၂ ရက်မှ ၁၃ ရက်ထိ နှစ်ရက်သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဖွံ့ဖြိုးစည်ပင်ဝေ ထိန်းသိမ်းမယ်လေ ကမ္ဘာ့အကောင်းဆုံးကမ်းခြေ

ဝင်းမောင်မောင်
(ဟိုတယ်/ခရီး)

ကမ္ဘာ့နိုင်ငံများတွင် သာယာလှပပြီး သွားရောက်လည်ပတ်ချင်စရာကောင်းသည့် အပန်းဖြေကမ်းခြေများစွာရှိသည်။ အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံရှိ အပန်းဖြေကမ်းခြေများသို့ ကမ္ဘာလှည့်ခရီးသွားများ နှစ်စဉ်သန်းနှင့်ချီ လာရောက် လည်ပတ်လျက်ရှိသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင်လည်း သန့်ရှင်းသာယာလှပပြီးဆွဲဆောင်မှုရှိသည့် ပင်လယ်ကမ်းခြေများရှိနေသည်။ အဆိုပါ ကမ်းခြေများအနက် အောက်ဖော်ပြပါ ပင်လယ်ကမ်းခြေ ခုနစ်ခုကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ (၁-၁-၂၀၁၅)နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၅)ဖြင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ လည်ပတ်နိုင်သည့် ခရီးစဉ်ဒေသများအဖြစ် သတ်မှတ်ပေးထားသည်-

(က) မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ရှိ စက်စဲကမ်းခြေ၊
(ခ) ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ်ရှိ လက်ခုပ်ကုန်းကမ်းခြေ၊
(ဂ) ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ရွှေသောင်ယံမြို့ရှိ ချောင်းသာကမ်းခြေ၊
(ဃ) ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့ရှိ ငွေဆောင်ကမ်းခြေ၊
(င) တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ မောင်းမကန်ကမ်းခြေ၊
(စ) ရခိုင်ပြည်နယ် ဂွမြို့နယ်ရှိ ကမ်းသာယာကမ်းခြေ၊
(ဆ) ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ ငပလီကမ်းခြေ။

အထက်ပါကမ်းခြေများထဲတွင် ငပလီကမ်းခြေသည် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိသေးသည့် ကမ်းခြေ (Unspoiled Beach) အဖြစ်လည်းကောင်း၊ သဘာဝအတိုင်းလှပနေသည့်ကမ်းခြေ (Virgins Beach)အဖြစ်လည်းကောင်း မြန်မာတွင်သာမက ကမ္ဘာတွင်ပါ ထင်ရှားကျော်ကြားလျက်ရှိသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံ၏ အလှပဆုံးကမ်းခြေတစ်ခုဖြစ်သည့် ငပလီကမ်းခြေကို ခရီးသွားလာမှုလမ်းညွှန်ဖြစ်သည့် Trip Advisor ဝက်ဘ်ဆိုက်မှ ကမ္ဘာ့အကောင်းဆုံးကမ်းခြေ ၂၅ ခု စာရင်းတွင် ထည့်သွင်းဖော်ပြထားသည်။ အရှေ့တောင်အာရှ (အာဆီယံ)နိုင်ငံများတွင် ကမ္ဘာ့အကောင်းဆုံးကမ်းခြေ ၂၅ ခုတွင် စာရင်းဝင်သည့်ကမ်းခြေ နှစ်ခုသာရှိပြီး ငပလီကမ်းခြေပြီးလျှင် အခြားတစ်ခုမှာ ထိုင်းနိုင်ငံရှိ Nai Harn ကမ်းခြေဖြစ်သည်။ ငပလီကမ်းခြေသည် ကမ်းခြေတစ်လျှောက် အမှိုက်များ၊ ကျောက်တုံးကျောက်ခဲများ၊ ပျံကျဈေးသည်များမရှိဘဲ တိတ်ဆိတ်ငြိမ်သက်သည့် ကမ်းခြေဖြစ်ခြင်းကြောင့်ယခုစာရင်းတွင် ရွေးချယ်ခံရခြင်းဖြစ်ကြောင်း အဆိုပါ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားခြင်းကိုလည်း ဂုဏ်ယူဖွယ်ရာ တွေ့ရသည်။ လက်ရှိငပလီကမ်းခြေ၏ သန့်ရှင်း၊သာယာ၊လှပမှုအခြေအနေကောင်းများကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ရန်မှာ လွန်စွာအရေးကြီးသည်ဟုလည်း ခံယူမိပါသည်။

နိုင်ငံတကာတွင် ကမ်းခြေများ၏ သာယာလှပမှုနှင့် ဘေးကင်းလုံခြုံမှုများကို အချက် (၆) ချက်ဖြင့် တိုင်းတာလေ့ရှိပြီး အဆိုပါအချက်များအရမြန်မာနိုင်ငံမှ ငပလီကမ်းခြေသည် အာဆီယံဒေသတွင်းနိုင်ငံများရှိ ကမ်းခြေများနှင့် နှိုင်းယှဉ်တိုင်းတာပါက လွန်စွာသာလွန်ကောင်းမွန်ပြီး သာယာလှပသည့် ကမ်းခြေအဖြစ် ပညာရှင်များက လက်ခံကြသည်။ငပလီကမ်းခြေ၏ သာယာလှပမှုနှင့် ဘေးကင်းလုံခြုံမှုကိုဒေသတွင်းနိုင်ငံများရှိ အခြားကမ်းခြေများနှင့်နှိုင်းယှဉ်ချက်အရ အောက်ပါအတိုင်း တွေ့ရှိရသည်-

| စဉ် | အကြောင်းအရာ | ဘာလီကမ်းခြေ (အင်ဒိုနီးရှားနိုင်ငံ) | ပတ္တရားကမ်းခြေ (ထိုင်းနိုင်ငံ) | ဖူးခက်ကမ်းခြေ (ထိုင်းနိုင်ငံ) | ငပလီကမ်းခြေ (မြန်မာနိုင်ငံ) |
|---|---|---|---|---|---|
| ၁။ | ကမ်းခြေသာယာလှပမှု | *** | * | ** | *** |
| ၂။ | သဲအရည်အသွေးကောင်းမွန်မှု | ** | * | *** | *** |
| ၃။ | ရေအရည်အသွေးကောင်းမွန်မှု | *** | * | ** | *** |
| ၄။ | ဘေးကင်းလုံခြုံမှု(ရေကူးရာတွင်) | *** | ** | * | *** |
| ၅။ | ခရီးသွားဧည့်သည်များအား ဆွဲဆောင်မှုများ | ** | *** | *** | * |
| ၆။ | ခရီးသွားဧည့်သည်များလုံခြုံရေး | ** | * | ** | ** |

အထက်ပါ နှိုင်းယှဉ်ချက်ဇယားကိုကြည့်ပါက ငပလီကမ်းခြေ အဘက်ဘက်မှသာလွန်မှုသည် ဒေသတွင်းရှိ ကမ္ဘာသိထင်ရှားလှသည့် မည်သည့်ကမ်းခြေနှင့်မဆို ယှဉ်နိုင်သည်ကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိရသည်။ငပလီကမ်းခြေ၏ သာလွန်မှုများတွင် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိသောအချက်များက အဓိကပါဝင်နေ



ကြောင်း တွေ့ရှိရသည်။ ကမ်းခြေသာယာလှပမှု၊ သဲအရည်အသွေးကောင်းမွန်မှု၊ ရေအရည်အသွေးကောင်းမွန်မှု၊ ရေကူးသူများဘေးကင်းလုံခြုံမှုများသည် သဘာဝကပေးထားသည့် ဆုလာဘ်များပင်ဖြစ်သည်။ ကျွန်တော်တို့ ငပလီကမ်းခြေတွင် လိုအပ်ချက်ဟူ၍ တစ်ခုသာရှိပြီး ထိုတစ်ခုမှာလည်း လူများပြုလုပ်ဖန်တီးယူ၍ရသည့် Man made Tourist Attraction များဖြစ်ရာ ဒေသခံပြည်သူများ၊ သက်ဆိုင်ရာဌာနများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ စည်လုံးညီညွတ်စွာဖြင့်ဆောင်ရွက်ပါက ရနိုင်သည်များပင် ဖြစ်သည်။

အခြေခံကောင်းများ ပိုင်ဆိုင်ထားသည့် ငပလီကမ်းခြေကို အလှတွင်အယဉ်ဆင့်ဆိုသလို နိုင်ငံတော်အစိုးရက ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် အမိန့်ကြော်ငြာစာ (၁၃၇/၂၀၁၄) ဖြင့် ငပလီမြို့အဖြစ်အဆင့်မြှင့်တင်သတ်မှတ်ဖွဲ့စည်းပေးခဲ့သည်။ လိုအပ်သည့်အခြေခံအဆောက်အအုံများကိုလည်း ဖြည့်ဆည်းပေးခဲ့ရာ ငပလီကမ်းခြေ၏ အဓိကလမ်းမကြီးဖြစ်သော မဇင်-ငပလီ-လုံးသာလမ်း ၈ မိုင်အား ကတ္တရာ၊ ကွန်ကရစ်ခင်း၍ အဆင့်မြှင့်တင်ခြင်း၊ ရေဂါလန် ၁၁၂ သန်းဆံ့ ဇီးဖြူကုန်းဆည်တည်ဆောက်ခြင်း၊ ငပလီကမ်းခြေရှောင်ကွင်းလမ်း ၅ မိုင်၊ ၅ ဖာလုံအသစ်ဖောက်လုပ်ခြင်းနှင့် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများဆောင်ရွက်ခဲ့ပြီးဖြစ်သည်။

သာယာလှပသော ငပလီကမ်းခြေ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ခရီးသွားဧည့်သည်များလည်း နှစ်စဉ်တိုးတက်များပြားလာလျက်ရှိရာ ၂၀၁၁ ခုနှစ်တွင် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၂၇၆၈၀ ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၅၀၉၂၀ ထိတိုးတက်ခဲ့သည်။ ခရီးသွားဧည့်သည်များတိုးတက်လာသည်နှင့်အမျှ တည်းခိုနိုင်မည့် အခန်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်ဟိုတယ်များလည်း တိုးတက်ဖွင့်လှစ်လျက်ရှိရာ ဒေသခံများ၏အလုပ်အကိုင်အခွင့်အလမ်းများလည်း ပိုမိုပွင့်လန်းလာလျက်ရှိသည်။ ၂၀၁၁ ခုနှစ်တွင် ဟိုတယ် ၁၇ လုံး၊ အခန်း ၆၀၇ ခန်းရှိခဲ့ရာမှ ၂၀၁၅ ခုနှစ် ဩဂုတ်လတွင် ဟိုတယ် ၂၅ လုံး၊ အခန်း ၈၅၃ ခန်းထိ တိုးတက်ခဲ့သည်။ ဆောက်လုပ်ဆဲဟိုတယ် ငါးလုံး၊ အခန်းပေါင်း ၃၆၃ ခန်းရှိပြီး ၂၀၁၆ ခုနှစ်တွင် ဟိုတယ် သုံးလုံး၊ ၂၀၁၇ ခုနှစ်တွင် ဟိုတယ် နှစ်လုံး ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြသည်။ ထို့ပြင် ယခုနှစ် နှစ်ကုန်ပိုင်းလောက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့နှင့် ငပလီကမ်းခြေကို လေယာဉ်တိုက်ရိုက်ပျံသန်းရန် စီစဉ်လျက်ရှိကြောင်း သိရပါသည်။ ထိုသို့ တိုက်ရိုက်ပျံသန်းခြင်းဖြင့် ထိုင်းနိုင်ငံသားများအပြင် ထိုင်းနိုင်ငံတွင် လည်ပတ်လျက်ရှိသည့် ခရီးသွားဧည့်သည်များပါ ကမ္ဘာကျော် ငပလီကမ်းခြေသို့ တိုက်ရိုက်လာရောက်နိုင်တော့မည်ဖြစ်သည်။

ဟိုတယ်များ၊ စားသောက်ဆိုင်များ တိုးတက်လာသည်နှင့်အမျှ ယင်းဟိုတယ်များ၊ စားသောက်ဆိုင်များတွင် တာဝန်ထမ်းဆောင်မည့် စွမ်းဆောင်ရည်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များလည်း လိုအပ်လာမည်ဖြစ်ပါသည်ရှိသည်။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအတွက် သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ဒေသခံများပူးပေါင်းပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်သွားရန် လိုအပ်သည်။ ၂၀၁၅-ခုနှစ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှကြီးကြပ်ပြီး မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ(ရခိုင်ဇုန်) ၏ စီစဉ်ပံ့ပိုးမှုဖြင့် ဇွန် ၆ ရက်မှ ၂၆ ရက်အထိ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း လေးမျိုးအပါအဝင် အင်္ဂလိပ်စကားပြောသင်တန်းများကို ပညာဒါနဖွင့်လှစ်ပေးခဲ့ရာ ဒေသခံသင်တန်းသား သင်တန်းသူ ၂၂၄ ဦး တက်ရောက်ခဲ့သည်။ ထို့ပြင် Jade Marina Resort & Spa ဟိုတယ်မှလည်း ဇွန် ၂၅ ရက်မှ ၃၀ ရက်အထိ ဟိုတယ်ဝန်ဆောင်မှုသင်တန်း သုံးမျိုးကို ဒေသခံသင်တန်းသား သင်တန်းသူ ၇၁ ဦးကို ပညာဒါနဖွင့်လှစ်ပေးခဲ့ပါသည်။ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုသာ ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်နိုင်မည်ဖြစ်ရာ လိုအပ်သည့်သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဟောပြောပွဲများကို ဆက်လက်ဆောင်ရွက်သွားရမည်။

ငပလီကမ်းခြေ၏ ခရီးသွားလုပ်ငန်းသည် ၂၀၁၁ ခုနှစ်မှစ၍ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိရာ ထိုဖွံ့ဖြိုးတိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းရန်လိုအပ်သည်။



ခရီးသွားလုပ်ငန်းတိုးတက်မှုတွင် ပြည်တွင်း၊ပြည်ပခရီးသွားဧည့်သည်ဦးရေ တိုးတက်လာရုံသာမက လာရောက်လည်ပတ်သည့် ခရီးသွားဧည့်သည်များ၏ ပျမ်းမျှနေထိုင်ရက်(Average Length of Stay)တိုးလာရန်မှာလည်း အရေးကြီးသည်။ ခရီးစဉ် ဒေသတစ်ခုသည် ခရီးသွားဦးရေ တိုးတက်လာသော်လည်း အနီးအနားတွင် ထပ်မံလည်ပတ်စရာ၊ သွားလာစရာမရှိတော့ဘဲ ခဏသာနေထိုင်ပြီး အခြားလည်ပတ်စရာကမရှိ၊ အမှတ်တရဝယ်စရာကမရှိဘဲ ပြန်သွားပါကဟိုတယ်များနှင့် ပို့ဆောင်ရေးလုပ်ငန်းများသာ အကျိုးအမြတ်ရရှိမည်ဖြစ်သည်။ များများလာ၊ များများလည်၊ များများသုံး၊ ကြာကြာနေ ဖြစ်မှသာ ထိုခရီးစဉ်ဒေသတွင် နေထိုင်လုပ်ကိုင် စားသောက်ကြသည့် ဒေသခံများကို ဝင်ငွေတိုးစေမည် ဖြစ်သည်။ ပျမ်းမျှနေထိုင်ရက်တိုးလာစေရန် ငပလီကမ်းခြေအနီးတွင် ခရီးစဉ်အသစ်များရှာဖွေဖော်ထုတ်ခြင်း၊ ခရီးသွားဧည့်သည်များ ပါဝင်လှုပ်ရှားဆောင်ရွက်နိုင်သည့် အစီအစဉ်များ (Activities) (ဥပမာ-လစဉ်ကျင်းပပြုလုပ်သည့် ရိုးရာပွဲတော်များ၊ နေ့စဉ်သွားရောက်လည်ပတ်နိုင်သည့် ရိုးရာလက်မှုဈေးများ၊ အမှတ်တရပစ္စည်းများ၊ ရိုးရာလက်မှုပစ္စည်းများပြုလုပ်သည့် လုပ်ငန်းစဉ်ကိုပြသသည့်အလုပ်ရုံများ(Demonstrative Workshop and Sale Centre) ရိုးရာယဉ်ကျေးမှုကပွဲ (Culture Show) များကို ဖော်ထုတ်ပြုလုပ်ပေးရန်လိုအပ်သည်။

ငပလီကမ်းခြေတွင်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ခရီးသွားဧည့်သည်များ တိုးတက်များပြားလာသည်နှင့်အမျှ ကမ်းခြေသန့်ရှင်းသာယာလှပရေးများ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း အထူးဂရုပြုဆောင်ရွက်ကြရမည်။ ထိန်းသိမ်းကြရမည်ဖြစ်သည်။ ထိုသို့ထိန်းသိမ်းခြင်းဖြင့် သဘာဝ ဂေဟစနစ် (Natural Eco-System) ကိုထိန်းသိမ်းပြီးဖြစ်စေသည်။ သဘာဝဂေဟစနစ်ဆိုသည်မှာ သဘာဝပတ်ဝန်းကျင်နှင့်သက်ရှိတို့၏ ဆက်သွယ်မှုစနစ်ဖြစ်ပြီး သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိတို့ သဟဇာတရှိစွာနှင့် ဟန်ချက်ညီစွာရှိရန်မှာ များစွာအရေးကြီးသည်။ ကမ်းခြေရှိ သဘာဝအလှအပများ မပျက်စီးအောင်ကာကွယ်ရန်မှာ တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်းဆောင်ရွက်၍မရနိုင်ပါ။ ငပလီကမ်းခြေနှင့် ဆက်စပ်နေထိုင်သူတိုင်း၊ ငပလီကမ်းခြေကို အမှီပြုနေသူတိုင်း၊ ငပလီကို ချစ်မြတ်နိုးသူတိုင်း ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများ၊ စီးပွားရေးလုပ်ငန်းရှင်များကလည်း အမြော်အမြင်ရှိရှိဖြင့် စေတနာထား၍ ကူညီပံ့ပိုးဆောင်ရွက်ပေးရန် တိုက်တွန်းလိုပါသည်။

ခရီးစဉ်ဒေသတစ်ခု နိုင်ငံတကာခရီးသွားဈေးကွက်တွင် လူသိများထင်ရှားရန် အကြောင်းများစွာ ပြည့်စုံပါမှ အချိန်များစွာယူပြီးကြိုးစားအားထုတ်ပါမှ ရနိုင်သည်။ နိုင်ငံတကာကသိပြီးဖြစ်သည့် မြန်မာပြည်မှ ငပလီကမ်းခြေကို လူများ၏ပယောဂ၊ ဝိသမလောဘသားများ၏ ကိုယ်ကျိုးရှာ အမြတ်ထုတ်မှုများကြောင့် ပျက်စီးသွားခြင်းသည် လုံးဝမဖြစ်သင့်သော၊ တားဆီးကာကွယ်ရမည်ဖြစ်သော ကိစ္စရပ်ဖြစ်သည်။ ကမ်းခြေတွင် သဲအလွန်အကျွံထုတ်ယူခြင်းသည် ကမ်းခြေ၏ အလှအပ၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေပါသည်။ယခုအခါသက်ဆိုင်ရာဌာနများမှ ပင်လယ်ကမ်းခြေတစ်လျှောက်တွင် သဲထုတ်ယူခြင်းကို တင်းကြပ်စွာတားမြစ်လျက်ရှိသော်လည်း သဲထုတ်ယူမှု ပပျောက်အောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးသည်မှာ စိုးရိမ်ဖွယ်ရာဖြစ်သည်။ငပလီကမ်းခြေ စနစ်တကျ သာယာလှပရေးနှင့် စည်းကမ်းတကျ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာအမိန့်များကို ထုတ်ပြန်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

ကျွန်တော်တို့သည် ငပလီကမ်းခြေနှင့်ပတ်သက်ပြီး လုပ်စရာများစွာရှိနေသည်ဟုခံယူမိသည်။ ငပလီကမ်းခြေ ရေရှည်တည်တံ့သာယာလှပရေး၊သဘာဝပတ်ဝန်းကျင်ပျက်စီးမှုမရှိစေရေး၊ စည်းကမ်းတကျ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ ခရီးသွားဧည့်သည်များ တိုးတက်ရောက်ရှိလာစေရေးနှင့် နေထိုင်လည်ပတ်ရက်များ တိုးလာစေရေး၊ ခရီးသွားလုပ်ငန်းမှဒေသခံများသို့ ကျယ်ကျယ်ပြန့်ပြန့် အကျိုးဖြစ်ထွန်းရေးအတွက် ဒေသခံများပါဝင်ပြုလုပ်ထားသည့် Man Made Tourist Attraction များ ပေါ်ပေါက်လာစေရေး စသည်ဖြင့် များပြားလှပါသည်။ ခရီးသွားလုပ်ငန်းမှ အကျိုးရလာဒ်များသည် ဒေသခံပြည်သူလူထုများထံ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိနိုင်ရန်လိုအပ်ပါသည်။ သို့ဖြစ်ရာ ကမ္ဘာ့အကောင်းဆုံးကမ်းခြေတစ်ခုဖြစ်သောငပလီကမ်းခြေကို ဝိုင်းဝန်းထိန်းသိမ်းရင်း ဒေသခံ ပြည်သူများကို ဗဟိုပြုသော ဖွံ့ဖြိုးတိုးတက်မှုများကို အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ကြပါစေကြောင်း ဆန္ဒပြုလိုက်ရပါသည်။ ။

# အင်္ဂလန်အသင်းခေါင်းဆောင်ဖြစ်လာတဲ့ ဂျက်ဂျီကာ

လစ်သူယေးနီးယားနဲ့ကစားတဲ့ ပြိုင်ပွဲကစပြီး အင်္ဂလန်အသင်းခေါင်းဆောင်အဖြစ် ရွေးချယ်ခွင့်ပေးတဲ့အတွက် အလွန်ပဲဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်လို့ အဲဗာတန်အသင်းနောက်တန်းကစားသမား ဂျက်ဂျီကာက ပြောဆိုလိုက်ပါတယ်။ အဲဗာတန်နောက်တန်းကစားသမား ဂျက်ဂျီကာဟာ အင်္ဂလန်အသင်းခေါင်းဆောင် ရွှန်းနေရဲ့နေရာကို လွှဲပြောင်းယူတော့မယ့်အနေအထားဖြစ်ပါတယ်။ ရွှန်းနေဟာ ခြေစွမ်းကျလာပြီဖြစ်တဲ့အတွက် နည်းပြ ရွိုင်းဟော့ဆန်အနေနဲ့ အသင်းခေါင်းဆောင်သစ်ကို ရှာဖွေနေတာကြာပြီဖြစ်ပါတယ်။ ရွိုင်းဟော့ဆင် ရဲ့ အင်္ဂလန်အသင်းမှာ လာမယ့်နှစ် ယူရို ၂၀၁၆ ပြိုင်ပွဲအတွက် ခြေစစ်ပွဲအောင်ထားပြီဖြစ်ပါတယ်။ သို့ပေမယ့် အသင်း ခေါင်းဆောင်ကောင်း ရွှန်းနေနဲ့ ဂယ်ရီကာဟေးလ်တို့ကတော့ အသင်းမှာ ဆက်လက်ရှိနေဦးမယ်လို့ ဆိုပါတယ်။ ဂျက်ဂျီကာက သူ့အနေနဲ့ အင်္ဂလန်အသင်း အောင်မြင်မှုရနေတဲ့ ပြိုင်ပွဲတိုင်းမှာ အကောင်းဆုံးဦးဆောင်ကစားသွားမယ်လို့ ဆိုပါတယ်။

# ဆန်းဒါးလန်းကို ကိုင်တွယ်ဖို့ ဆမ်အလာဒိုက်စ်လာပြီ

ဆန်းဒါးလန်က ပြီးခဲ့တဲ့အပတ်မှာ ရလဒ်တွေမကောင်းခဲ့လို့ အလုပ်ဖြုတ်ခံလိုက်ရတဲ့ အက်ဒ်ဗိုကတ်နေရာမှာ အစားထိုးဖို့ ဆမ်အလာဒိုက်စ်ကို ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ အသက် ၆၀အရွယ်ရှိပြီဖြစ်တဲ့ ဆမ်အလာဒိုက်စ်ဟာ ဆန်းဒါးလန်းအသင်းကို အကောင်းဆုံးကိုင်တွယ်ပေးနိုင်ဖို့ မန်ချက်စတာကို ရောက်ရှိလာပြီဖြစ်ပါတယ်။ နယူးကာဆယ်နည်းပြဟောင်း ဆမ်အလာဒိုက်စ်ဟာ ရုန်းကန်ကြိုးစားနေရတဲ့ ဆန်းဒါးလန်းအသင်းကို အောင်မြင်မှုတွေ ပြန်လည်ရရှိဖို့ ပြင်ဆင်ထားပြီလို့ ဆိုပါတယ်။ နယူးကာဆယ်နည်းပြဟောင်း ဆမ်အလာဒိုက်စ်ကို နှစ်နှစ်စာချုပ်နဲ့ ခေါ်ယူလိုက်တာဖြစ်ပါတယ်။ ဆမ်အလာဒိုက်စ်အနေနဲ့ ဆန်းဒါးလန်းကို အကောင်းဆုံးပြင်ဆင်ဖို့ ကစားသမားတွေနဲ့ တွေ့ဆုံညှိနှိုင်းမှုတွေ ပြုလုပ်နေပြီဖြစ်ပါတယ်။ လာမယ့် စနေနေ့မှာ ဝက်စ်ဘရွန်းနဲ့ တွေ့ဆုံမယ့်ပွဲကစပြီး ကိုင်တွယ်သွားမှာဖြစ်ပါတယ်။



ကောင်းမြတ်သူ - စုစည်းသည်။

# ဖိအားတွေနဲ့ ရင်ဆိုင်နေရတဲ့ တင်ရှားဝုဒ်

အက်စ်တွန်ဗီလာအသင်းဟာ ယခုနှစ် ပရီမီယာလိဂ် ခုနစ်ပွဲမှာ ခြောက်ပွဲရှုံးနိမ့်ထားပါတယ်။ နည်းပြ တင်ရှားဝုဒ်ရဲ့ အက်စ်တွန်ဗီလာအသင်းအနေနဲ့ လေးမှတ်သာ စုဆောင်းနိုင်ပါတယ်။ လောလောဆယ် ဇယားနံပါတ် ၁၈ နေရာမှာ ရောက်ရှိနေပါတယ်။ နည်းပြတင်ရှားဝုဒ်အနေနဲ့ ရှုံးပွဲတွေကြုံနေရတာဟာ ကစားသမားကောင်းတွေ ခေါ်ယူနိုင်ခဲ့ခြင်းမရှိခဲ့လို့လို့ ဆိုပါတယ်။ နည်းပြတင်ရှားဝုဒ်အနေနဲ့ အက်စ်တွန်ဗီလာနည်းပြအလုပ်ကို ကာကွယ်နိုင်ဖို့ ဗီလာ နိုင်ပွဲတွေ လိုအပ်နေပါတယ်။ သို့မဟုတ်ရင် အလုပ်ကအဖြုတ်ခံရတော့မယ့် အခြေအနေနဲ့ ရင်ဆိုင်နေရပြီဖြစ်ပါတယ်။ လာမယ့် စနေနေ့ပြိုင်ပွဲမှာလည်း အက်စ်တွန်ဗီလာအသင်းအနေနဲ့ နိုင်ပွဲစနိုင်ဖို့ လွယ်မှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မော်ရင်ညိုရဲ့ ချယ်လ်ဆီးနဲ့ စတမ်းဖို့ဘရစ်မှာ တွေ့ရမှာဖြစ်နေလို့ပါ။ နိုင်ပွဲတွေ ပျောက်ဆုံးနေတဲ့ ချယ်လ်ဆီးနဲ့ တွေ့ရမှာဖြစ်လို့ နည်းပြတင်ရှားဝုဒ်အနေနဲ့ နိုင်ပွဲစဖို့ မလွယ်ပါဘူး။ အလုပ်ဖြုတ်ခံရဖို့ နီးစပ်နေတဲ့ နည်းပြလို့ ဆိုရမှာဖြစ်ပါတယ်။






# ချယ်လ်ဆီးနဲ့ မန်ယူတို့ ရလဒ်ကောင်းတွေ ဖော်ဆောင်နိုင်ပါ့မလား

*ပြီးခဲ့တဲ့သီတင်းတစ်ပတ်က ကမ္ဘာ့ဖလားခြေစစ်ပွဲ၊ ယူရိုခြေစစ်ပွဲတွေကြောင့် ရပ်နားထားခဲ့ရတဲ့ ဥရောပပြည်တွင်းလိဂ်ပွဲစဉ်တွေ အခုတစ်ပတ် စနေ၊ တနင်္ဂနွေမှာတော့ ပြန်လည်စတင်တော့မှာဖြစ်ပါတယ်။ အောက်တိုဘာ ၁၇ ရက်နဲ့ ၁၈ ရက်တွေမှာကစားမယ့် ပရီမီယာလိဂ်ပွဲစဉ်(၉)မှာတော့ ရှုံးပွဲတွေကိုယ်စီကြုံခဲ့ရလို့ ရမှတ်တွေဆုံးရှုံးခဲ့ရတဲ့ အသင်းကြီးတွေ ဒီပွဲစဉ်မှာပေါက်ကွဲပြဖို့ တာစူလာပါလိမ့်မယ်။ဒီတစ်ပတ်ပွဲစဉ်မှာလည်း မန်ယူ၊ ချယ်လ်ဆီးနဲ့ လီဗာပူးတို့ အပြင်းအထန် ရုန်းကန်ရမယ့် အခြေအနေနဲ့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။*

**မန်စီးတီးနှင့် ဘုန်းမောက်**

တန်းစီဇယားထိပ်ဆုံးက မန်စီးတီးတို့ဟာ ဒုတိယနေရာက အာဆင်နယ်ရဲ့ ဖိအားကြောင့် ဒီပွဲကို မဖြစ်မနေ အနိုင်ကစားပါလိမ့်မယ်။ အဂူရိုဒဏ်ရာရနေတဲ့ မန်စီးတီးတိုက်စစ်အတွက် ထိုးနှက်ချက်တစ်ရပ်ဖြစ်ပေမယ့် အကောင်းဆုံးစုဖွဲ့မှုကို ခိုင်မာအောင် တည်ဆောက်ထားတဲ့ မန်စီးတီးဟာ တန်းတက်ဘုန်းမောက်ကို အမှတ်ခွဲပေးဖို့ စိတ်ကူးမှာ မဟုတ်ပါဘူး။ ဘုန်းမောက်တို့က ရှုံးပွဲတွေ ဆက်တိုက်ကြုံနေရပေမယ့် တိုက်စစ်မျုးတွေက ဂိုးရအောင်သွင်းယူနိုင်တာကို သတိထားရမှာဖြစ်ပါတယ်။ ဒါပေမယ့် မန်စီးတီးရဲ့ ကစားအား ပြန်ကောင်းလာတာမို့ အိမ်ကွင်းမှာ မန်စီးတီးတို့ နိုင်ပွဲရပါလိမ့်မယ်။

**ချယ်လ်ဆီးနှင့် ဗီလာ**

ရှုံးပွဲတွေဆက်နေတဲ့ ချယ်လ်ဆီးတို့ဟာ အခုပွဲမှာတော့ ပြန်လည်ရုန်းထဖို့ ကြိုးစားတော့မှာ ဖြစ်ပါတယ်။ ချယ်လ်ဆီးတို့က ဗီလာရဲ့ နောက်ဆုံး ငါးကြိမ်ကစားခဲ့တဲ့ရလဒ်တွေကိုကြည့်ရင် ချယ်လ်ဆီးတို့က လေးပွဲနိုင်ထားပြီး ဗီလာက တစ်ပွဲနိုင်ထားပါတယ်။ ဗီလာတို့ကလည်း ရှုံးပွဲတွေ ဆက်နေတာမို့ အခုပွဲမှာတော့ အိမ်ကွင်းလည်း ဖြစ်တာကြောင့် ချယ်လ်ဆီးတို့ ခြေကုန်ဖွင့်ပြီး အောင်ပွဲခံပါလိမ့်မယ်။

**အဲဗာတန်နှင့် မန်ယူ**

အာဆင်နယ်ကို သုံးဂိုးပြတ်ရှုံးထားတဲ့ မန်ယူက အဲဗာတန်နဲ့ တွေ့ဆုံမှုက ပွဲကျပ်အဖြစ်ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ အဲဗာတန်ရဲ့ နောက်ဆုံး သုံးပွဲရလဒ်ကိုကြည့်ရင် လီဗာပူးကို တစ်ဂိုးစီ သရေပွဲကစားပြီး ဝက်စ်ဘရွန်းနဲ့ ရက်ဒင်းကို အနိုင်ကစားထားတာမို့ အဝေးကွင်းမှာ မန်ယူတို့ ရင်ဆိုမတတ်ကစားရပါလိမ့်မယ်။ ရွှန်းနေဒဏ်ရာသက်သာပြီး ပြန်ကစားနိုင်ရင်တော့ မန်ယူ တိုက်စစ်အားကောင်းနိုင်မှာ ဖြစ်ပေမယ့် အသင်းလိုက်ကစားအားကောင်းတဲ့ အဲဗာတန်ကို မန်ယူတို့ ခက်ခဲစွာကစားရမှာဖြစ်ပြီး တစ်မှတ်ရရင်ပဲ ရလဒ်ကောင်းအဖြစ် သတ်မှတ်ရမယ့် အနေအထားဖြစ်ပါတယ်။

**စပါးနှင့် လီဗာပူး**

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးပွဲမှာ လီဗာပူးတို့ နိုင်ပွဲတွေချည်းရရှိထားခဲ့ပေမယ့် အခု စပါးအသင်းရဲ့ ခြေစွမ်းက ကောင်းမွန်နေတာကို သတိပြုရမှာဖြစ်ပါတယ်။ လီဗာပူးနည်းပြသစ် ကလော့ပ်ရဲ့ စွမ်းဆောင်မှုကို စမ်းသပ်စစ်ဆေးမယ့်ပွဲဖြစ်တာမို့ အခင်းအကျင်းသစ်နဲ့ ထွက်လာမယ့် လီဗာပူးကို စပါးတို့ အိမ်ကွင်းမှာ ဧည့်ခံဖို့ ပြင်ဆင်ထားပြီးဖြစ်ပါတယ်။ သတိပြုရမှာက စပါးဟာ ဒီနှစ်ပရီမီယာလိဂ်မှာ အိမ်ကွင်းရှုံးပွဲမရှိသေးတာမို့ လီဗာပူးအတွက် တစ်မှတ်ရရင် အမြတ်လို့ ယူဆရပါလိမ့်မယ်။

**ဆောက်သမ်တန်နှင့် လက်စတာ**

အခုတစ်လော နိုင်ပွဲတွေဆက်နေတဲ့ ဆောက်သမ်တန်တို့ဟာ ကစားအားတက်နေတဲ့ လက်စတာတို့ကို အိမ်ကွင်းမှာ လက်ခံကစားရမှာဖြစ်ပေမယ့် ပင်ပန်းကြီးစွာ ရုန်းကန်ရပါလိမ့်မယ်။ ဆောက်သမ်တန်တို့ကတော့ ခံစစ်ပိုင်းအားနည်းချက်ရှိပေမယ့် တိုက်စစ်ပိုင်းမှာ ဆောက်သမ်တန်ကို ကောင်းကောင်းယှဉ်နိုင်ပါတယ်။ ဒါပေမယ့် တိုက်စစ်ထက်မြက်တဲ့ ဆောက်သမ်တန်တို့ကို လက်စတာတို့ ကျော်ဖြတ်ဖို့ ခက်ခဲပါလိမ့်မယ်။

**ဝက်ဖို့ဒ်နှင့် အာဆင်နယ်**

တန်းစီဇယား ဒုတိယနေရာရောက်လာတဲ့ အာဆင်နယ်ဟာ ထိုက်တန်တဲ့ခြေစွမ်းပြန်ရလာပြီဖြစ်လို့ အခုပွဲမှာ ဝက်ဖို့ဒ်တို့ မလွယ်ပါဘူး။ ဝက်ဖို့ဒ်တို့ကလည်း အခုတစ်လော သရေပွဲ၊ ရှုံးပွဲတွေ ဖြစ်နေတာကြောင့် အိမ်ကွင်းဆိုပေမယ့် တစ်မှတ်ရဖို့တောင် ခက်ခဲပါလိမ့်မယ်။ အာဆင်နယ်က တန်းစီဇယားထိပ်ဆုံးက မန်စီးတီးကို ဆက်တိုက်ဖိအားပေးနိုင်ဖို့ ဒီပွဲကို အနိုင်ကစားပြီး ပရီမီယာလိဂ်ဖလားရယူဖို့ ကြိုးစားမှာပါ။ ဒီပွဲမှာ အာဆင်နယ်တို့ နိုင်ပွဲရဖို့ ခြေကုန်ထုတ်ပါလိမ့်မယ်။

**ခရစ္စတယ်ပဲလေ့စ်နှင့် ဝက်စ်ဟမ်း**

သရေပွဲတွေဆက်တိုက်ကြုံတွေ့နေရတဲ့ ဝက်စ်ဟမ်းတို့က အခုပွဲမှာ ခြေတက်နေတဲ့ ခရစ္စတယ်ပဲလေ့စ်ကို ရင်ဆိုင်ဖို့ခက်ခဲပါလိမ့်မယ်။ ပဲလေ့စ်တို့ကတော့ ပရီမီယာလိဂ်မှာ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲရလဒ်ကိုကြည့်ရင် နိုင်ပွဲတွေချည်း ဆက်တိုက်ရယူထားတာမို့ အခုပွဲမှာ အိမ်ကွင်းလည်းဖြစ်တာကြောင့် သုံးမှတ်အပြည့်ရယူရေးပဲ အာရုံစိုက်ပါလိမ့်မယ်။ ခံစစ်ပိုင်းသိပ်သည်းကျစ်လျစ်တဲ့ ပဲလေ့စ်ကို ဝက်စ်ဟမ်းတိုက်စစ်မျုးတွေ ဘယ်လိုကျော်ဖြတ်မလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။ ဒီပွဲမှာ ကစားအားချင်းတူညီနေတဲ့ နှစ်သင်းတွေ့ဆုံတဲ့ ပွဲဖြစ်ပေမယ့် အကြိုက်က အိမ်ရှင်ရဲ့ ခြေစွမ်းဖြစ်ပါတယ်။

**ဝက်စ်ဘရွန်းနှင့် ဆန်းဒါးလန်း**

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု ငါးပွဲရလဒ်ကိုကြည့်ရင် နှစ်ပွဲစီနိုင်ပြီး နှစ်ပွဲစီသရေကျထားပါတယ်။ တန်းဆင်းဇုန်နားရောက်နေတဲ့ ဝက်စ်ဘရွန်းတို့ဟာ ဒီနှစ်ပရီမီယာလိဂ်မှာ နိုင်ပွဲဈေးဦးမပေါက်သေးတဲ့ ဆန်းဒါးလန်းကို အနိုင်ရအောင် ကစားပါလိမ့်မယ်။ ဒါပေမယ့် နည်းပြသစ် ဆမ်အလာဒိုက်စ်နဲ့ ပထမဆုံးပွဲထွက်လာမယ့် ဆန်းဒါးလန်းတို့ကလည်း ဒီပွဲမှာ အနိမ့်ဆုံးတစ်မှတ်ရအောင် စွမ်းဆောင်ပါလိမ့်မယ်။ ။

**ရွှန်းနေဒဏ်ရာသက်သာပြီး ပြန်ကစားနိုင်ရင်တော့ မန်ယူ တိုက်စစ်အားကောင်းနိုင်မှာဖြစ်ပေမယ့် အသင်းလိုက်ကစားအားကောင်းတဲ့ အဲဗာတန်ကို မန်ယူတို့ ခက်ခဲစွာကစားရမှာဖြစ်ပြီး တစ်မှတ်ရရင်ပဲ ရလဒ်ကောင်းအဖြစ် သတ်မှတ်ရမယ့် အနေအထားဖြစ်ပါတယ်။**

# ချင်းတွင်းမြစ်ဝှမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေး

**မုံရွာ အောက်တိုဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ချင်းတွင်းမြစ်ဝှမ်းဖွံ့ဖြိုးရေးအတွက် စတုတ္ထအကြိမ် ချင်းတွင်းမြစ်ဝှမ်း အနာဂတ်လုပ်ငန်း ဖွံ့ဖြိုးရေးအကြံပေး အလုပ်ရုံဆွေးနွေးပွဲကို မုံရွာမြို့ ဝင်းယူနတီဟိုတယ်၌ အောက်တိုဘာ ၈ ရက်က ကျင်းပခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ Stock Environment Institute (SEI)မှ ပရောဂျက်မန်နေဂျာ Dr. Chayan-is Krittasudthacheewa နှင့် တာဝန်ရှိသူများ၊ မြန်မာ့ဝန်းကျင်သိပ္ပံမှ တာဝန်ရှိသူများ၊ မုံရွာမြို့နှင့် စစ်ကိုင်းမြို့များရှိ တက္ကသိုလ်များမှ ပညာရှင်ဆရာ ဆရာမများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီမှ တာဝန်ရှိသူများတက်ရောက်ကြသည်။ ဆွေးနွေးပွဲတွင် မုံရွာတက္ကသိုလ်မှ ဒေါက်တာတင်မောင်အေးက အသက်မွေးဝမ်းကျောင်းနှင့် ရေအရင်းအမြစ်ဆိုင်ရာပြဿနာများနှင့်ပတ်သက်၍ အိမ်ထောင်စုများအား စစ်တမ်းကောက်ယူခြင်းနှင့် တွေ့ဆုံမေးမြန်းခြင်းများမှရရှိသော ရလဒ်များအကြောင်းကိုလည်းကောင်း၊ မြန်မာ့ဝန်းကျင်သိပ္ပံမှ ဦးဝင်းနိုင်ထွန်းက ချင်းတွင်းမြစ်ရေ၏ ရေအရည်အသွေး စောင့်ကြည့်တိုင်းတာခြင်းနှင့် စီမံခန့်ခွဲမှုမဟာဗျူဟာ တွေ့ရှိချက်များကို လည်းကောင်း၊ ဒေါက်တာဇော်လွင်ထွန်း (TBC)က စစ်တောင်းမြစ်အရည်အသွေး စောင့်ကြည့်တိုင်းတာခြင်းကိုလည်းကောင်း၊ ဒေါ်ထူးထူးရွှေ (ဆည်မြောင်း)နှင့် ဦးမျိုးထွန်းဦး (DMH)တို့က မိုးခေါင်ခြင်းနှင့် ရေလွှမ်းခြင်းအကြောင်းများကိုလည်းကောင်း၊ မြန်မာ့ဝန်းကျင်သိပ္ပံမှ ဒေါ်ခင်ဥမ္မာထွေးက ချင်းတွင်းမြစ်ဝှမ်းအဖွဲ့ ဖွဲ့စည်းတည်ထောင်ရေးနှင့်ပတ်သက်ပြီး သက်ဆိုင်သူများ၏ အကြံပြုတွေ့ဆုံပွဲများနှင့် တွေ့ဆုံမေးမြန်းမှုများမှ ရရှိသော ရလဒ်များနှင့်ပတ်သက်၍ လည်းကောင်း ဟောပြောဆွေးနွေးခဲ့သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်သူများက သိရှိလိုသည့် အချက်များ မေးမြန်းကာ အကြံပြုဖြည့်စွက်ဆွေးနွေးခဲ့ပြီး ချင်းတွင်းမြစ် RBO နှင့်ပတ်သက်ပြီး အဖွဲ့လိုက်ဆွေးနွေးခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်းသိရသည်။ ချင်းတွင်းမြစ်ဝှမ်း အနာဂတ်လုပ်ငန်းဖွံ့ဖြိုးရေး အကြံပေးဆွေးနွေးပွဲကို မုံရွာမြို့တွင် ယခုနှစ်မေလ ၄ ရက်က တစ်ကြိမ်ကျင်းပခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**





# မြောင်းမြတွင် မဲရုံမှူးသင်တန်းဖွင့် မဲပေးပုံလက်တွေ့သရုပ်ပြ

**မြောင်းမြ အောက်တိုဘာ ၁၃**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြောင်းမြမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲကကြီးမှူး၍ မဲရုံမှူး၊ မဲရုံအဖွဲ့နှင့် ရပ်ကျေးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ လုပ်ငန်းသင်တန်းကို မြောင်းမြမြို့ ပညာရတနာခန်းမ၌ အောက်တိုဘာ ၁၁ ရက်က ဖွင့်လှစ်ခဲ့ပြီး မဲပေးပုံအဆင့်ဆင့်ကိုလည်း လက်တွေ့သရုပ်ပြခဲ့ကြောင်းသိရသည်။

မဲပုံစံများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ တာဝန်များ၊ လုပ်ငန်းအဆင့်ဆင့် စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဝင်များက သင်ကြားပို့ချပေးခြင်းဖြစ်ပြီး သင်တန်းကို အောက်တိုဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။ သင်တန်းသို့ မြောင်းမြမြို့နယ်အတွင်းရှိ နယ်မြေအလိုက် မဲရုံများမှ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်မည့်သူများ စုစုပေါင်းသင်တန်းသား ၁၀၄၂ ဦး တက်ရောက်ခဲ့ကြသည်။

**အောင်မင်း(ပြန်/ဆက်)**

# စိုက်ပျိုးရေရရှိရေးအတွက် ရေတွင်း ၁၀၀ တူးဖော်လျက်ရှိ

**ငါန်းဇွန် အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့နယ်အတွင်း စိုက်ပျိုးရေးလုပ်ငန်းများအတွက် ရေလုံလောက်စွာရရှိရေးအတွက် ရေတွင်း ၁၀၀ ကို တူးဖော်လျက်ရှိကြောင်း သိရသည်။



ငါန်းဇွန်မြို့နယ်တွင် ရေတွင်းပေါင်း ၁၀၀ ကို တိုင်းဒေသကြီးအစိုးရ၏ သီးသန့်ရန်ပုံငွေကျပ် ၆၀၂ ဒသမ ၅ သိန်းဖြင့် တူးဖော်နေခြင်းဖြစ်ပြီး စိုက်ပျိုးချိန်အမီ နိုဝင်ဘာလအတွင်း အပြီးတူးဖော်သွားမည်ဖြစ်ကြောင်း၊ ယခုအချိန်အထိ ရေတွင်းပေါင်း ၂၇ တွင်းတူးဖော်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

တူးဖော်ပြီးစီးသည့် ရေတွင်းများမှ ငါန်းဇွန်မြို့နယ် အမှတ်(၄) ရပ်ကွက်တွင် တူးဖော်ထားသည့် လေးလက်မရေတွင်းမှ ရေတင်နေမှုကို မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က အောက်တိုဘာ ၉ ရက်တွင် သွားရောက်ကြည့်ရှုခဲ့ပြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခိုင်မင်းက ရေအထွက်ကောင်းမွန်မှုရှိမရှိ ထိုရေတွင်းဖြင့် အနီးပတ်ဝန်းကျင် စိုက်ပျိုးမြေများသို့ ရေပေးဝေနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

# မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်

**အင်းတော် အောက်တိုဘာ ၁၃**

နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အင်းတော်မြို့နယ်အတွင်း အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ ဒု မဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက အင်းတော်မြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးတင်လှိုင်က မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား မြို့နယ်အဆင့် ဆင့်ပွားသင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ အင်းတော်မြို့နယ်၌ မဲရုံပေါင်း ၇၂ ရုံရှိပြီး မဲဆန္ဒရှင် ၉၀၀၀၀ ကျော်ရှိကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**

## သစ်တောသစ်ပင် တို့ချစ်ခင် သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်စိုး

# ကျေးရွာလျှပ်စစ်မီးလင်းရေး လုပ်ငန်းအောင်ပွဲကျင်းပ

**ဆိပ်ဖြူ အောက်တိုဘာ ၁၃**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် အောက်ဆိပ်ကျေးရွာ၌ နိုင်ငံတော်အစိုးရပံ့ပိုးငွေနှင့် ပြည်သူများထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့သော ကျေးရွာလျှပ်စစ်မီးလင်းရေး လုပ်ငန်းအောင်ပွဲကို အောက်တိုဘာ ၁၀ ရက်က ကျင်းပခဲ့သည်။ အခမ်းအနားတွင် ကျေးရွာမီးလင်းရေးလုပ်ငန်းအောင်ပွဲ ဆိုင်းဘုတ်ကို တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီး ဦးသိန်းထွန်း၊ စိုက်ပျိုးမွေးမြူရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီး ဦးအောင်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်မျိုးနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။ ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီးက အမှာစကားပြောကြားပြီး မြို့နယ်လျှပ်စစ်အင်ဂျင်နီယာဦးစီးဦးက ကျေးရွာမီးလင်းရေးလုပ်ငန်းဆောင်ရွက်မှုအခြေနေများတင်ပြကာ ကျေးရွာမီးလင်းသည့်အထိမ်းအမှတ် အမှတ်တရလက်ဆောင်များပေးအပ်ခဲ့သည်။

အောက်ဆိပ်ကျေးရွာ လျှပ်စစ်မီးလင်းရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနမှ ထောက်ပံ့ငွေကျပ် ၂၈၆ ဒသမ ၉ သိန်းနှင့် ဒေသခံပြည်သူများထည့်ဝင်ငွေကျပ် ၂၀၁ ဒသမ ၈ သိန်း၊ စုစုပေါင်းကျပ် ၄၈၈ ဒသမ ၇ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၃၁၅ ကေဗွီအေထရန်စဖော်မာတစ်လုံး၊ ၄၀၀ ဗို့ခွာတ်အားလိုင်းတစ်မိုင် တည်ဆောက်ခဲ့ကြောင်း၊ လက်ရှိလျှပ်စစ်မီတာ တပ်ဆင်သုံးစွဲနေသည့် အိမ်ထောင်စု ၁၀၆ စုရှိကြောင်းသိရသည်။

**စိုးလင်းနိုင်**(iprd)

# လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များ ဖြန့်ဝေ

**လားရှိုး အောက်တိုဘာ ၁၃**

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအချက်အလက်များကို အသုံးပြုခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပိုမိုထိရောက်အကျိုးရှိအောင် ဆောင်ရွက်နိုင်ရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၈ ရက်က ဖြန့်ဝေပေးအပ်ခဲ့သည်။

အချက်အလက်များ ဖြန့်ဝေပေးအပ်ပွဲသို့ ရှမ်းပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိန်အုပ်နှင့် ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒုပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်ဖေဝင်းနှင့် ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ခေါင်းဆောင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ လားရှိုးမြို့ရှိ လူမှုရေး အဖွဲ့ခေါင်းဆောင်များတက်ရောက်ခဲ့ပြီး ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာန တွဲဖက်ဦးစီးမှူး ဦးစောနိုင်က ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသိကောင်းစရာ သန်းခေါင်စာရင်းဆိုင်ရာအချက်လက်များကို ရှင်းလင်းဆွေးနွေးပြီး သန်းခေါင်စာရင်း အချက်အလက်စာအုပ်များကို အခမ်းအနားတက်ရောက်လာသူများထံ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**လင်းလင်း(လားရှိုး)**



# ပန်းတောင်းမြို့ ပေါ်တော်မူမြတ်စွာဘုရားကြီး စွယ်တော်ဖွင့်ထုတ်ပူဇော်ပွဲ ကျင်းပ

**ပန်းတောင်း အောက်တိုဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ်ရှိ ပေါ်တော်မူ(နေရာဦး) မြတ်စွာဘုရားကြီး အကြိမ် (၁၄၀)မြောက် ဗုဒ္ဓပူဇနိယပွဲတော်နှင့် ဗုဒ္ဓမြတ်စွယ်တော် ဖွင့်ထုတ်ပူဇော်ပွဲကို အောက်တိုဘာ ၁၁ ရက်က ကျင်းပခဲ့ ကြောင်း သိရသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးသံဃနာယကအဖွဲ့ဝင် အောင်မြေဘုံစံကျောင်းဆရာတော်ထံမှ သြဝါဒခံယူကြပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းဇော်ထွေးက ဆရာတော်ကြီးများအား သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။ ထို့နောက် ဆရာတော်ကြီးများနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဗုဒ္ဓမြတ်စွယ်တော်ကို စွယ်တော်တိုက်မှ ပေါ်တော်မူမြတ်စွာဘုရားကြီး ဂန္ဓကုဋိတိုက်သို့ ပင့်ဆောင်ကာ အပူဇော်ခံခဲ့သည်။ အခမ်းအနားသို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်နှင့် မြို့ပေါ်ကျောင်းတိုက်များမှ ဆရာတော်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရှိ ဝတ်ရွတ်အသင်းများ၊ ဂေါပကအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**(၀၀၈)**

# မဲရုံမှူးလုပ်ငန်းတာဝန်များ သင်တန်းဖွင့်

**နတ်တလင်း အောက်တိုဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့၌ ရပ်/ကျေး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ၏ လုပ်ငန်းတာဝန်များနှင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးသင်တန်း(၁/၂၀၁၅)ကို အခြေခံပညာအထက်တန်းကျောင်း မနောဟဒယခန်းမ၌ အောက်တိုဘာ ၁၂ ရက်က ဖွင့်လှစ်သည်။

ထို့နောက် ဥပဒေအရာရှိ ဒေါ်ရတနာခင်ဦးက လွှတ်တော်ဆိုင်ရာဥပဒေများအကြောင်း၊ မြို့နယ်ဥပဒေအရာရှိ(ငြိမ်း) ဦးတင်ဝင်းက လွှတ်တော်နည်းဥပဒေများအကြောင်း၊ ရဲမှူးလှအောင်က ရွေးကောက်ပွဲလုံခြုံရေးစီမံခန့်ခွဲမှုများအကြောင်း၊ မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးမြင့်က မဲရုံမှူး၊ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအတွက် လုပ်ငန်းလမ်းညွှန်အကြောင်း၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမင်းဆွေနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးတင်ထွန်းတို့က ရွေးကောက်ပွဲသတ်မှတ်ပုံစံများအကြောင်းကို ပို့ချခဲ့သည်။

သင်တန်းကို အောက်တိုဘာ ၁၂ရက်မှ ၁၃ရက်အထိ နှစ်ရက်ကြာ ဖွင့်လှစ်ခဲ့ပြီး ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးအဖြစ် တာဝန်ထမ်းဆောင်မည့်သူများ တက်ရောက်ခဲ့သည်။ နတ်တလင်းမြို့နယ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၁၃၉၉၀၅ ဦးရှိပြီး မဲရုံပေါင်း ၁၄၇ ရုံ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**




# တောင်ကြီး ဂေါက်သီးရိုက်ပြိုင်ပွဲ ဆုများချီးမြှင့်

**တောင်ကြီး အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံတွင် ထူးချွန်သော ဂေါက်သီးအားကစားသမားများပေါ်ထွက်လာစေရေးအတွက် မြန်မာ့ရွှေဆောင်ဘဏ်၏ ကူညီပံ့ပိုးမှုဖြင့် ကျင်းပခဲ့သော ၂၀၁၅ခုနှစ် ဆင့်မပွဲစဉ်(တောင်ကြီး)ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို တောင်ကြီးမြို့ရှိ အေးသာယာဂေါက်ကွင်း၌ အောက်တိုဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်က မြန်မာ့ရွှေဆောင်ဘဏ်သို့ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ချီးမြှင့်သည်။ ထို့နောက် ကျင်းပပြီးစီးခဲ့သည့် အပျော်တမ်းအဆင့် အမျိုးသမီးပြိုင်ပွဲ၊ အပျော်တမ်းအဆင့် အမျိုးသားနှင့် ပညာရှင်အဆင့်ပြိုင်ပွဲများမှ နေ့အလိုက်အကောင်းဆုံးရိုက်ချက်ဆု ရရှိသူများကိုလည်းကောင်း၊ ပြိုင်ပွဲအသီးသီးတွင် တတိယ၊ ဒုတိယနှင့် ပထမဆုများရရှိသည့် ကစားသမားများကိုလည်းကောင်း မြန်မာ့ရွှေဆောင်ဘဏ် ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးကျော်စိုးမင်းနှင့် အထွေထွေအတွင်းရေးမှူး ဦးအောင်လှဟန်တို့က ဆုတံဆိပ်နှင့် ဆုကြေးငွေချက်လက်မှတ်များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဖိုးသော်ဇင်**

# မုံရွာအကျဉ်းထောင်မှ အကျဉ်းသား၊ အကျဉ်းသူများအား ကျန်းမာရေးအသိပညာပေးပြီး အခမဲ့သွေးစစ်ဆေးပေး

**မုံရွာ အောက်တိုဘာ ၁၃**

မုံရွာအကျဉ်းထောင်၌ အကြောင်းအမျိုးမျိုးဖြင့် ပြစ်မှုပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသား အကျဉ်းသူများအား ခုခံအားကျကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်အရ အကျဉ်းသား အကျဉ်းသူများ ကိုယ်တိုင်ဆန္ဒပြုချက်အရ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနက အခမဲ့သွေးစစ်ဆေးပေးခဲ့ကြောင်း သိရသည်။



သွေးစစ်ဆေးမှု အခြေအနေနှင့်ပတ်သက်၍ တိုင်းဒေသကြီး ခုခံအားကျရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးဆရာဝန်ကြီး ဒေါက်တာခင်စန္ဒာအောင်က“ကျွန်မတို့ကျန်းမာရေးအဖွဲ့က အကျဉ်းထောင်တွေ၊ ကုန်တင်ကုန်ချလုပ်ငန်းတွေ၊ ကာရာအိုကေလုပ်ငန်းတွေ စတဲ့နေရာတွေကို ဦးတည်ပြီး နှစ်သိမ့်ဆွေးနွေး ပညာပေးဟောပြောပါတယ်။ ဟောပြောပြီးတာနဲ့ သွေးစစ်ချင်တဲ့လူတွေကို အခမဲ့သွေးစစ်ပေးပါတယ်။ နောက်တစ်ခုက သွေးလာစစ်တဲ့ လူနာတွေရဲ့ ကိုယ်ရေး အချက်အလက်တွေကို လုံခြုံအောင်ထိန်းသိမ်းပေးပါတယ်။ သွေးစစ်လိုက်လို့ ရောဂါပိုးတွေ့ပြီဆိုတာနဲ့ ခုခံအားဆဲလ်အရေအတွက် (CD4)ဆက်စစ်ပါတယ်။ ဆဲအရေအတွက် ၅၀၂ အောက်ဆိုရင် ART သောက်ဆေးတွေ အခမဲ့ပေးတယ်။ ဆေးသောက်နည်းကအစ အသိပညာပေးရပါတယ်။ ဒါမှ သူတို့တစ်တွေ ဆေးမှန်မှန်သောက်ပြီး သက်တမ်းစေ့ နေထိုင်သွားနိုင်မှာဖြစ်ပါတယ်။ အဓိက ရည်ရွယ်ချက်က ကာကွယ်ခြင်းသည် ကုသခြင်းထက် ပိုမိုကောင်းမွန်တဲ့အကြောင်း လူတိုင်းကိုအသိပညာပေးချင်လို့ပါ”ဟု ပြောသည်။

အကျဉ်းသားအကျဉ်းသူများတွင် ကူးစက်ရောဂါများ ကူးစက်ခံရခြင်းရှိ မရှိနှင့် ကူးစက်ခံထားရပါက သက်တမ်းရှည်စွာနေထိုင်နိုင်ရန်ရည်ရွယ်၍ သွေးစစ်ဆေးပေးခြင်းဖြစ်ပြီး မုံရွာအကျဉ်းထောင်တွင် အကျဉ်းသား အကျဉ်းသူများ၏ သွေးစစ်ဆေးပေးခဲ့ရာ၌ ကိုယ်တိုင်ဆန္ဒပြုချက်အရ သွေးစစ်ဆေးမှုခံယူသူ အမျိုးသား ၆၇ ဦးနှင့် အမျိုးသမီး ၁၀ ဦးရှိခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မန္တလေးတောင် ပန်းချီပြခန်း (၁၄)နှစ်ပြည့်အထိမ်းအမှတ် ပန်းချီပြပွဲကျင်းပမည်

**မန္တလေး အောက်တိုဘာ ၁၃**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်ပန်းချီပြခန်း၌ ပြခန်းဖွင့်လှစ်သည့် (၁၄)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၁၈ ရက်မှ ၃၁ ရက်အထိ ၁၄ ရက်ကြာ ပန်းချီပြပွဲကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြပွဲတွင် ပန်းချီဆရာ ၃၈ ဦး၏ ပန်းချီကား ၄၅ ကားကို ပြသသွားမည်ဖြစ်ပြီး ပြသမည့် ပန်းချီကားများအားလုံးမှာ ခြောက်ပေ၊ လေးပေ ရွယ်တူ ပန်းချီကားများ ဖြစ်ကြောင်း၊ ခြောက်ပေ၊ လေးပေရွယ်တူပန်းချီကားသီးသန့်ကို ယခင်က ပြသဖူးခြင်းမရှိကြောင်း၊ ကားအမျိုးအစားအနေဖြင့် ဆီဆေးနှင့် အခရိုင်းလစ်များဖြစ်ကြောင်း၊ ပန်းချီကားများ၏ ရောင်းဈေးမှာ ငွေကျပ်ငါးသိန်းမှ သိန်း ၂၀ အထိရှိမည်ဖြစ်ကြောင်း သိရသည်။

ပန်းချီကားများကို မန္တလေးမြို့ခံ ပန်းချီဆရာများနှင့် မန္တလေးယဉ်ကျေးမှုတက္ကသိုလ် ပန်းချီပန်းပုကျောင်းဆင်း ပန်းချီဆရာများ၊ ရန်ကုန်၊ ပုဂံ၊ ပြင်ဦးလွင်၊ မင်းကွန်း၊ တောင်ကြီးမြို့များမှ ပန်းချီဆရာများက ရေးဆွဲထားခြင်းဖြစ်ပြီး ပန်းချီပြပွဲကျင်းပသည့်ရက်များအတွင်း မော်ဒယ်ပုံများ ရေးဆွဲပေးခြင်း၊ ပုံတူကယ်ရီကေးချားရေးဆွဲပေးခြင်းနှင့် ကဗျာရွတ်ခြင်းအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ကြောင်း ပြပွဲစီစဉ်သူ ဦးမိုးမြင့်ထွန်းက ပြောသည်။

မန္တလေးတောင်ခြေ ပန်းချီအရောင်းပြခန်း (၁၄) နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ပန်းချီပြပွဲကို အထူးစီစဉ်ကျင်းပခြင်းဖြစ်ပြီး ပြပွဲကို နံနက် ၉ နာရီမှ ည ၉ နာရီအတွင်း လာရောက်ကြည့်ရှုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# အုန်းသီးဝယ်လိုအားကောင်းသဖြင့် ဈေးနှုန်းမြင့်တက်လာ

**ရေတာရှည် အောက်တိုဘာ ၁၃**

မန္တလေးဈေးကွက်မှ အုန်းသီးဝယ်လိုအား မြင့်တက်လာခြင်းကြောင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း အုန်းသီးဈေးနှုန်းများ မြင့်တက်လျက်ရှိကြောင်း ရေတာရှည်မြို့နယ် အုန်းသီးဈေးကွက်မှ သိရသည်။



ရေတာရှည်မြို့နယ်တွင် ယခုနှစ် မိုးဦးကာလက အုန်းသီးအရောင်းအဝယ်ပါး၍ အုန်းသီးပွဲရုံများမှာ အဝယ်မျှော်ခဲ့ကြရသော်လည်း အထက်အညာဒေသများတွင် ဝါတွင်းကာလ မုန့်လုပ်ငန်းများ၏ လိုအပ်ချက်နှင့် ပွဲတော်များ၌ အသုံးပြုရန် ဝယ်လိုအားမြင့်တက်လာကြောင်း၊ တောင်ပြုန်းပွဲတော် မတိုင်မီကတည်းက မှာယူမှုအများအပြားရှိလာသောကြောင့် ဈေးနှုန်းများ တဖြည်းဖြည်းမြင့်တက်လာကာ ယခုအခါ အုန်းသီးတစ်လုံးလျှင် ငွေကျပ် ၁၅၀ ခန့်ဖြင့် ဝယ်ယူနေကြကြောင်း သိရသည်။

“အရင်ကဆို ဝယ်မယ့်သူမရှိလို့မနည်းကို စပ်ပြီးရောင်းနေရတာ။ အဲဒီတုန်းက ဒီမှာ တစ်လုံးကို ၁၀၀ လောက်ပဲရှိတာ။ အခုမရတော့ဘူး။ ရောင်းမယ့်သူတွေကလည်း ဈေးတိုးတောင်းလို့ ၁၅၀ ဖြစ်သွားတာ”ဟု အုန်းသီးအရောင်းအဝယ်လုပ်သူ တစ်ဦးက ပြောသည်။

ရေတာရှည်မြို့နယ်အတွင်းရှိ ကျေးရွာတိုင်းလိုလိုတွင် အုန်းပင်များကို နေအိမ်ခြံဝင်းများတစ်လျှောက် စိုက်ပျိုးထားကြပြီး အုန်းသီးများရောင်းချရာ၌ ပွဲအုန်း(အညှာပါ)နှင့် အလုံးကျွတ်အနေဖြင့် ရောင်းချကြသလို အုန်းဆီကြိတ်၍ ပြန်လည်ရောင်းချသူများလည်းရှိသည်။

**ကိုလွင်(ဆွာ)**

# မိုးရာသီကာလဖြစ်၍ အရာတော်သနပ်ခါးများ တင်ပို့မှုပုံမှန်သာရှိ

**မုံရွာ အောက်တိုဘာ ၁၃**

မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်သို့ သနပ်ခါးတင်ပို့ရောင်းချနေသည့် အရာတော်မြို့နယ်မှ သနပ်ခါးစိုက်ပျိုးထုတ်လုပ်သူများအနေဖြင့် ယခုနှစ် မိုးရာသီကာလအတွင်း ဈေးကွက်သို့ နေ့စဉ်အပင် ၁၀၀၀ မှ ၁၅၀၀ ကြားခန့် တင်ပို့ရောင်းချနေရကြောင်း သိရသည်။

"သနပ်ခါးစိုက်ပြီး ဈေးကွက်ပို့တဲ့သူတွေအနေနဲ့ အခုလိုမိုးရာသီမှာ ရှိနေတဲ့သနပ်ခါးပင်ကို ခုတ်ရောင်းတာနည်းပါတယ်။ ပွင့်လင်းရာသီရောက်မှသာ အလုံးအရင်းနဲ့ ထုတ်ရောင်းကြတာပါ။ မိုးရာသီဆိုတော့ ဥည့်ပါးကြတော့ သနပ်ခါးရောင်းပေးမယ့် ဈေးသည်တွေအနေနဲ့လည်း ရှိတဲ့သနပ်ခါးကိုပဲမှေးပြီး ပုံမှန်ရောင်းနေကြတာပါ။ ပုံမှန်ရောင်းနေကြရတဲ့ကာလဆိုပေမယ့် ဒီနှစ်မိုးရာသီမှာ အရာတော်ကနေ နေ့စဉ်ခရီးသည်တင် မှန်လုံယာဉ်ကြီးနှစ်စီးနဲ့ ဈေးကွက်ကို ပို့ပေးနေရပါတယ်" ဟု အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးကျော်မိုးက ပြောသည်။

မိုးရာသီကာလများတွင် သနပ်ခါးအရောင်းအဝယ်မှာ ပုံမှန်သာရှိကြောင်း၊ နေ့စဉ်ဈေးကွက်သို့ ခြောက်နှစ် ခုနစ်နှစ်သား သနပ်ခါးတုံးများ တစ်ရက်လျှင် တစ်ထောင်နှင့် တစ်ထောင့်ငါးရာကြား ပို့ဆောင်ရောင်းချနေကြရကြောင်း အရာတော်မြို့နယ် သနပ်ခါးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

ဈေးကွက်သို့ သနပ်ခါးတင်ပို့ရမှု ပုံမှန်သာရှိနေသဖြင့် သနပ်ခါးစိုက်ပျိုးသူများအနေဖြင့် စိုက်ပျိုးသည့်လုပ်ငန်းကို ဝါယမစိုက်လုပ်ကိုင်နေကြသလို သနပ်ခါးစိုက်လိုသူများအား အိမ်ခြံအရောက် သနပ်ခါးပျိုးစိုက်ပေးခြင်းကိုလည်း လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

အရာတော်မြို့နယ် သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းအနေဖြင့်လည်း မုံရွာမြို့နှင့် ဝန်းကျင်ဒေသတစ်လျှောက်မှ သနပ်ခါးစိုက်ပျိုးလိုသူများကို အပင်ဖြစ်ထွန်းသည်အထိလည်းကောင်း၊ သနပ်ခါးခြံဖြစ်သည်အထိလည်းကောင်း လူလုပ်အား၊ နည်းပညာလုပ်အားများဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။

"တချို့က သနပ်ခါးပင်စိုက်ချင် ဖြစ်ထွန်းချင်တယ်။ ဒါပေမယ့် စိုက်နည်း ပြုစုနည်းတွေကို မသိကြဘူး။ သနပ်ခါးက စိုက်ပြီးရင် သူ့ဟာသူဖြစ်တယ်မဟုတ်လားဆိုတာကို မေးကြတယ်။ ဖြစ်ပေမယ့် ပြုစုသလောက်တော့ အပင်ဖြစ်မမြန်သလို ပြုစုတဲ့အပင်က ပိုသန့်ပြီး ဈေးကွက်မှာ မျက်နှာပန်းလှတာပေါ့။ စနစ်နဲ့စိုက်တော့ အလေအလွင့်လည်းနည်း ခုတ်ရမယ့်အချိန် ရောင်းရမယ့်အချိန်လည်း သိတော့ အလုပ်လည်ပတ်အား ကောင်းစေတာပေါ့"ဟု ဦးကျော်မိုးက ရှင်းပြသည်။

အရာတော်မြို့နယ်အတွင်းရှိ သနပ်ခါးစိုက်ပျိုးကြသူများအနေဖြင့် ယခုနောက်ပိုင်းတွင် မျိုးသစ်ထွင်ထုတ်လုပ်ထားသည့် စိန်မင်းသနပ်ခါးမျိုးကို အများအပြား စိုက်ပျိုးလာကြကြောင်း၊ နှစ်စဉ်ဈေးကွက်တောင်းဆိုမှုအားကလည်း တစ်စထက်တစ်စ မြင့်လာသောကြောင့် လက်ရှိသနပ်ခါးစိုက်သူများလည်း တိုးချဲ့စိုက်ပျိုးလာကြသလို အသစ်စိုက်လာသူများလည်းရှိသောကြောင့် အရာတော်သနပ်ခါးဈေးကွက်မှာ ယခင်ကထက် ပိုမိုဖွံ့ဖြိုးလာလျက်ရှိကြောင်း ဒေသခံများ၏ ပြောကြားချက်အရ သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



## မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးလုပ်ငန်းတာဝန်သင်တန်း ဖွင့်လှစ်

**ကျောင်းကုန်း အောက်တိုဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား လုပ်ငန်းဆောင်ရွက်ပုံသင်တန်းကို ကျောင်းကုန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ အောက်တိုဘာ ၁၂ ရက်က ဖွင့်လှစ်ပို့ချခဲ့သည်။

ကျောင်းကုန်းမြို့တွင် ရပ်ကွက်သုံးခု၊ ကျေးရွာအုပ်စု ၆၅ အုပ်စု၊ ကျေးရွာခွဲ ၄၁၀ ရွာရှိပြီး မဲပေးနိုင်သည့်လူဦးရေ ၁၁၀၀၀၀ ကျော်ရှိကာ မဲရုံပေါင်း ၁၂၅ ရုံ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## ကျေးရွာမီးလင်းရေးလုပ်ငန်း ဖွင့်ပွဲကျင်းပ

**တောင်ကြီး အောက်တိုဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးခရိုင် ညောင်ရွှေမြို့နယ် လင်းကင်းကျေးရွာအုပ်စု ရေဦးတောင်ကျေးရွာ၌ ၂၄ နာရီ လျှပ်စစ်မီးလင်းရေးလုပ်ငန်း ဖွင့်ပွဲကို အောက်တိုဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် ရှမ်းပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ လင်းကင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးခင်မောင်ထွေးနှင့် ရပ်မိရပ်ဖ ဦးစံရွှေတို့က ထရန်စဖော်မာသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ပြည်နယ်လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးက ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ဝန်ကြီးက အမှာစကားပြောကြားပြီး ရပ်မိရပ်ဖကိုယ်စားလှယ် ဦးစံရွှေက မီးလင်းရေးကော်မတီ ဖွဲ့စည်းပြီး လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားခဲ့သည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## သာသနာဝင်စိစစ်ရေးကတ်ပြားများ ဆက်ကပ်လှူဒါန်း

**ပြည် အောက်တိုဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်းမှ သာသနာဝင်စိစစ်ရေးကတ်ပြားမလုပ်ရသေးသော သံဃာတော်များအား သာသနာဝင်စိစစ်ရေးကတ်ပြားများ ဆက်ကပ်လှူဒါန်းပွဲကို ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၌ အောက်တိုဘာ ၁၁ ရက်က ကျင်းပခဲ့သည်။

ဆက်ကပ်လှူဒါန်းပွဲတွင် ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် တိုက်အုပ်ဆရာတော်က ဩဝါဒချီးမြှင့်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီး သာသာနာရေးမှူးရုံးခွဲ(ပြည်)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်လင်းနှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းမြင့်ဦး၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးဇော်ဇော်ဦးတို့ဦးစီး၍ သာသနာရေးဦးစီးဌာနနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဝန်ထမ်းများပူးပေါင်းကာ သုဓမ္မာဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား သာသနာဝင် စိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ခြင်းဖြစ်သည်။

ပြည်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများဖြစ်သော ဇောတိကာရုံပါဠိတက္ကသိုလ်စာသင်တိုက်၊ မင်းဖူးကျောင်းတိုက်နှင့် မဟာဂန္ဓဝင်ကျောင်းတိုက်များမှ သံဃာတော်များအတွက် သာသနာဝင် စိစစ်ရေးကတ်ပြားများကို ပြုလုပ်ပေးခဲ့ပြီး သံဃာတော် အပါး ၉၀ အား သာသနာဝင်ကတ်ပြားများ ဆက်ကပ်လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

## အသည်းရောင်အသားဝါ ဘီပိုးနှင့် စီပိုး အခမဲ့ ကုသရေးဆေးခန်းဖွင့်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၃**

ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း(အသည်း) ဦးစီးသော ဖြုဟ္မစိုရ်အသည်းရောင်အသားဝါ ဘီပိုးနှင့်စီပိုး အခမဲ့ ကုသရေး ဆေးခန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၁ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၆၄× ၂၇) လမ်းထောင့်ရှိ Oriental House ခန်းမ၌ ကျင်းပသည်။

ဆက်လက်၍ အကယ်ဒမီ ငါးဆုရှင် ဒါရိုက်တာစင်ရော်မောင်မောင်နှင့် အကယ်ဒမီ ငါးဆုရှင် သရုပ်ဆောင်မေသန်းနု၊ မြန်မာနိုင်ငံကိုယ်စားပြု Face of Myanmar 2015 Winner ဆုရှင် ထွန်းကိုကိုတို့က မုဒိတာစကားပြောကြားပြီးနောက် ပါမောက္ခ ဒေါက်တာခင်မောင်ဝင်း၊ ဇနီးဒေါက်တာခင်လေးရီ ဦးဆောင်သည့်အဖွဲ့က ဘီပိုး၊ စီပိုး အခမဲ့ ကုသရေးဆေးခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ စီပိုးဝေဒနာရှင်တစ်ဦးကို ကုသရာတွင် ကုန်ကျစရိတ်တစ်လလျှင် ငွေကျပ် သုံးသိန်း၊ ဘီပိုးဝေဒနာရှင်တစ်ဦးကို ကုသရာတွင် ကုန်ကျစရိတ်တစ်လလျှင် ငွေကျပ် နှစ်သောင်းခွဲ ကုန်ကျမည်ဖြစ်၍ ကုသိုလ်ပြုလှူဒါန်းလိုသူများအနေဖြင့် အဆိုပါ ခန်းမအတွင်း ပါဝင်ကုသိုလ်ယူလှူဒါန်းနိုင်ကြပြီး ၆၂ လမ်း၊ (၃၄×၃၅ )လမ်းကြားရှိ ဖြုဟ္မစိုရ်လူမှုကူညီရေးအသင်း MSC ဆေးခန်း ၃၁ လမ်း၊ (၇၄×၇၅)လမ်းကြားသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# ရွေးကောက်ပွဲအတွက် လုံခြုံရေးအထူးရဲများခန့်ထားမှု ရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၁၃**

ကျင်းပရန် ရက်ပိုင်းသာလိုတော့သည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သော အစီအမံများ ဆောင်ရွက်ပေးမည့် အထူးရဲများ ခန့်ထားတာဝန်ပေးအပ်ခြင်းကို သတင်းမီဒီယာများ သိရှိနိုင်ရန် ရှင်းလင်းပွဲကို အောက်တိုဘာ ၁၂ ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် မြို့မရဲစခန်းရှိ အောင်ဇေယျခန်းမ၌ကျင်းပခဲ့သည်။



ရှင်းလင်းပွဲတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းအောင်က "မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း ၂၀၁၅ ခုနှစ် ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲကြီး လုံခြုံချောမွေ့အောင်မြင်စွာ ကျင်းပပြီးစီးနိုင်ရေးအတွက် လုံခြုံရေးဆိုင်ရာများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့်အတူ ပူးပေါင်းပါဝင်မည့် အထူးရဲ ၇၆ ဦးအား ရဲတပ်ဖွဲ့ဝင်များ ကျင့်ဝတ်ဆိုင်ရာနှင့် လုပ်ထုံးလုပ်နည်းများကို အောက်တိုဘာ ၂၀ ရက်အထိ စနစ်တကျ သင်တန်းပို့ချပေးမည်ဖြစ်ကြောင်း၊ သတ်မှတ်စည်းကမ်းချက်များနှင့် ပြည့်စုံပြီး နိုင်ငံရေး ကင်းရှင်းသူများကိုသာ စိစစ်ရွေးချယ်ထားကြောင်း၊ အထူးရဲများ ရွေးချယ်ခန့်ထားရခြင်းမှာ မြို့နယ်အတွင်းရှိ မဲရုံပေါင်း ၇၆ ရုံတွင် တစ်ဦးနှုန်းစီကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ပူးပေါင်း တာဝန်ချထားပေးမည်ဖြစ်ပြီး အထူးရဲများအဖြစ် အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၇ ဦး ကြက်ခြေနီတပ်ဖွဲ့ဝင် တစ်ဦး၊ အရပ်သား ၅၈ ဦးတို့ကို ရွေးချယ်ထားကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းဇော်က "မင်္ဂလာတောင်ညွန့်မြို့နယ်၌ မဲဆန္ဒနယ်မြေ နှစ်ခု သတ်မှတ်ထားပြီး နိုင်ငံရေးပါတီ ၁၃ ပါတီမှ ကိုယ်စားလှယ်လောင်း ၂၈ ဦးတို့ ပါဝင်ရွေးချယ်ခံကြမည်ဖြစ်ကြောင်း၊ မဲဆန္ဒပေးခွင့်ရှိသူ ၆၈၃၃၃ ဦး ပထမအကြိမ်စာရင်းထုတ်ပြန်ထားရာမှ ယခုအခါ ဥည့်စာရင်းဖြင့် ရက်ပေါင်း ၁၈၀ နေထိုင်လာခဲ့သူများက ပုံစံ ၃(က)ဖြင့် လျှောက်ထားလာမှုကြောင့် မဲဆန္ဒပေးမည့်သူ ရှစ်သောင်းဝန်းကျင်အထိ တိုးလာပြီဖြစ်ကြောင်း (အာရှဘာဂိုမီတာဆာဗေး) ရွေးကောက်ပွဲများဆိုင်ရာ လေ့လာရေးအဖွဲ့၏ စစ်တမ်းအရ မြန်မာနိုင်ငံတွင် ပြည်သူလူထုက ရွေးကောက်ပွဲအပေါ် ယုံကြည်မှု ၃၆ ရာခိုင်နှုန်းသာရှိနေသည်ဟုဆိုကြောင်း၊ ကမ္ဘောဒီးယားက ၈၂ ရာခိုင်နှုန်း၊ အင်ဒိုနီးရှားက ၆၃ ရာခိုင်နှုန်း၊ ထိုင်းက ၆၂ ရာခိုင်နှုန်း၊ ဖိလိပိုင်က ၅၄ ရာခိုင်နှုန်းရှိသဖြင့် မြန်မာနိုင်ငံသည် ပြည်သူလူထုက ရွေးကောက်ပွဲအပေါ် ယုံကြည်မှုအား အနည်းဆုံးနိုင်ငံ ဖြစ်နေခြင်းကြောင့် ယခု ၂၀၁၅ ရွေးကောက်ပွဲကို ယုံကြည်မှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်အောင် ဆောင်ရွက်ကြရမည်ဖြစ်၍ ပွင့်လင်းမြင်သာ တရားမျှတသော ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သတင်းမီဒီယာများကလည်း ပူးပေါင်းပါဝင်စေလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်သန်း(မင်္ဂလာတောင်ညွန့်)**

# သဘာဝဘေး ကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**မုဒုံ အောက်တိုဘာ ၁၃**

မွန်ပြည်နယ် မုဒုံမြို့ ကတုံးပေါ်ကျေးရွာ၌ သဘာဝဘေးအန္တရာယ်ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုများကို အောက်တိုဘာ ၉ ရက်က ပြုလုပ်ခဲ့သည်။



မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်က သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်သည့် အကျိုးကျေးဇူးများကို အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမြင့်ဦးက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ခြင်း၊ သဘာဝဘေးကြုံတွေ့ပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကိုလည်းကောင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ ဒုတပ်ရင်းမှူး ဦးခင်ဇော်က သဘာဝဘေးကျရောက်ပါက သိထားသင့်သော ရှေးဦးပြုစုနည်းများအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောသည်။ ထို့နောက်ကျေးရွာနေ ဒေသခံပြည်သူများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ် အထောက်အကူပြုအဖွဲ့၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်း၍ သဘာဝဘေးကြုံတွေ့ချိန်တွင် ကယ်ဆယ်ခြင်း၊ ဒဏ်ရာရသူများအား ပြုစုစောင့်ရှောက်ခြင်းစသည့် သရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဆင့်ပွားသင်တန်းဖွင့်

**စစ်ကိုင်း အောက်တိုဘာ ၁၃**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် အထွေထွေရွေးကောက်ပွဲကို စစ်ကိုင်းမြို့နယ်အတွင်း အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဆင့်ပွားသင်တန်းအမှတ်စဉ် (၁/၂၀၁၅)ကို စစ်ကိုင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက အောက်တိုဘာ ၁၂ ရက်တွင် ဖွင့်လှစ်ခဲ့သည်။

စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ကျင်းပခဲ့သော သင်တန်းဖွင့်ပွဲတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲထွဋ်က ဆင့်ပွားသင်တန်းဖွင့်လှစ်ပေးရခြင်းနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးထွန်းရွှေက သင်တန်းတွင်ပို့ချပေးသွားမည့် အစီအစဉ်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက မဲရုံတည်ဆောက်ထားရှိမှုများ၊ မဲရုံအတွင်းမဲပေးပုံ အဆင့်ဆင့်ကို အသေးစိတ်ရှင်းလင်းပို့ချပြီး မဲရုံမှူးများကလည်း မိမိတို့ ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်ပတ်သက်၍ မရှင်းလင်းသည်များကို မေးမြန်းဆွေးနွေးကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ စစ်ကိုင်းမြို့နယ်တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် ၁၉၈၂ ဦးရှိပြီး သင်တန်းများကို ရွေးကောက်ပွဲမတိုင်မီကာလအတွင်း ဆက်လက်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လိပ်ကျွန်း(ခိုတောင်ကျွန်း) ၌ ဖြစ်ပွားခဲ့သော အစွပ်စွဲခံရ မြန်မာရွှေ့ပြောင်းအလုပ်သမား နှစ်ဦး၏ အမှုဖြစ်စဉ်ကို လာမည့်ဒီဇင်ဘာနောက်ဆုံးပတ်၌ အပြီးသတ်စီရင်ချက်ချမည်

**ဗန်ကောက် အောက်တိုဘာ ၁၃**

ထိုင်းနိုင်ငံတောင်ပိုင်း ဆူရတ်ဌာနီခရိုင်အတွင်းရှိ လိပ်ကျွန်း (ခိုတောင်ကျွန်း)၌ ၂၀၁၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်က ဗြိတိန်နိုင်ငံသားနှစ်ဦးဖြစ်သော ကမ္ဘာလှည့်ခရီး သည် David Miller နှင့် Hannah Witheridge တို့နှစ်ဦး သေဆုံးမှုဖြစ်စဉ်နှင့် စပ်လျဉ်း၍ အစွပ်စွဲခံရသော မြန်မာရွှေ့ပြောင်းအလုပ်သမား နှစ်ဦး၏ အမှုဖြစ်စဉ်ကို လာမည့် ဒီဇင်ဘာ ၂၄ ရက်တွင် အပြီးစီရင်ချက်ချရန်ရှိကြောင်း မြန်မာသံရုံးမှ ဦးဆောင်ဖွဲ့စည်းပေးထားသော အထူးစုံစမ်းရေးကော်မတီမှ မြန်မာသံရုံးအထူးအဖွဲ့၏ ဥပဒေအကြံပေး ဦးအောင်မျိုးသန့်က နေ့စဉ်ထုတ် မြန်မာ့အလင်းသတင်းစာသို့ အောက်တိုဘာ ၁၁ ရက် ညပိုင်းက ဆက်သွယ်ပြောကြားသည်။

မြန်မာသံရုံးအထူးအဖွဲ့ ၁ မှ အမှုလိုက်ရှေ့နေကြီး ဦးအောင်မျိုးသန့်က “ဒီအမှုအတွက် နောက်ဆုံးအမှုစစ်ထိုင်းရဲများက ပေါက်တူးနဲ့ ခုတ်သတ်ပါတယ်ဆိုပြီး စွပ်စွဲခဲ့ကြတာပါ။ ပေါက်တူးကို လူသတ်လက်နက်အဖြစ် တရားရုံးတော်ကို သက်သေခံတင်ခဲ့ကြပါတယ်။ ဒီလူသတ်လက်နက်ကို DNA စစ်ဆေးတဲ့အခါမှာ အစွပ်စွဲခံထားကြရတဲ့ ကိုဝင်းဇော်ထွန်း (ခ) ဝေဖြိုးနှင့် ကိုဇော်လင်း တို့ရဲ့ DNA များဟာ တူညီခြင်းမရှိခဲ့ပါဘူး။ လူသတ်လက်နက်ဆိုပြီး ထိုင်းရဲတပ်ဖွဲ့ဝင်များက ဆိုတဲ့ ပေါက်တူးရဲ့ အသွားဘက်မှာ ရှိတဲ့ DNA နှစ်မျိုးမှာဆိုရင် သေဆုံးသူ Hannah နှင့် David တို့ DNA များ ကိုစစ်ဆေးတွေ့ရှိခဲ့ရပါတယ်။ ဒါပေမယ့် အဲ့ဒီလက်ကိုင်ရိုးမှာက အခြားအမျိုးသားနှစ်ဦးရဲ့ DNA ကို စစ်ဆေးတွေ့ရှိခဲ့ရလို့ အဲဒီတရားခံအစစ်ကို ရှာဖွေဖို့ဆိုတာ အမှုစစ်တာဝန်သာဖြစ်ပါတယ်။ မှန်ကန်စွာ ဆုံးဖြတ်လေ့ရှိတဲ့ ထိုင်းတရားစီရင်ရေးက ဥပဒေအရ ဆောင်ရွက်ပေးခဲ့ရင် အစွပ်စွဲခံရတဲ့ကလေးနှစ်ဦးဟာ အမှုက ကွင်းလုံးကျွတ်လွတ်ပါလိမ့်မယ်”ဟု သုံးသပ်ပြောကြားသည်။

“လူသိနည်းခဲ့တဲ့ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးရဲ့ အဆင့်ဆင့်ဆောင်ရွက်ပေးမှုဟာဆိုရင် အောက်တိုဘာ ၁၀ ရက်နဲ့ ၁၁ ရက် ရုံးချိန်းစစ်ဆေးမှုမှာ ပိုပြီးပေါ်လွင်ခဲ့ပါတယ်။ အောက်တိုဘာ ၁၁ ရက်မှ ကိုဝင်းဇော်ထွန်း(ခ) ဝေဖြိုး ကိုစစ်ဆေးမေးမြန်းပါတယ်။ ထိုင်းနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်ခြင်းနှင့် ဆက်လက်နေထိုင်ခြင်း ပုဒ်မနှစ်ခုကို သူကိုယ်တိုင်က ဝန်ခံလိုက်ရပါတယ်။ ကျန်ငါးခုကိုတော့ အစွပ်စွဲခံရ ကိုဝင်းဇော်ထွန်း(ခ)ဝေဖြိုးက ငြင်းဆိုခဲ့ပါတယ်။ ဆူရတ်ဌာနီ ရဲစခန်းမှာလည်း ညှဉ်းပန်းနှိပ်စက်မှုကြောင့် သူ့ခမျာ ဝန်ခံခဲ့ရပြီး အောက်တိုဘာ ၃ ရက်ကလည်း ဟယ်လီကော်ပတာနဲ့ အခင်းဖြစ်ပွားရာ ခိုတောင်ကျွန်းကိုသွားပြီး လက်တွေ့သရုပ်ပြခဲ့ရပါသေးတယ်။ ဘယ်လိုပဲဖြစ်ဖြစ်မည်သည့် နိုင်ငံမှာမဆို နိုင်ငံတော်သမ္မတကိုယ်စား မြန်မာသံရုံးဟာလွန်စွာအရေးကြီးကြောင်းကို တရားခံနှစ်ဦးအတွက်ရုံးတော်က စစ်ဆေးမေးမြန်းချက်မှာ ပေါ်လွင်ထင်ရှားခဲ့ပါတယ် ” ဟု ပြောသည်။

ထိုင်းနိုင်ငံရှိ အစွပ်စွဲခံရသော မြန်မာရွှေ့ပြောင်း အလုပ်သမားနှစ်ဦးအား လူသတ်မှုဖြင့်လည်းကောင်း၊ မုဒိမ်းမှုဖြင့်လည်းကောင်း၊ ပူးပေါင်းကြံစည်မှုဖြင့် လည်းကောင်း၊ ညအချိန် ပစ္စည်းလုယူမှုဖြင့်လည်းကောင်း၊ ထိုင်းနိုင်ငံအတွင်း တရားမဝင် ဝင်ရောက်နေထိုင်မှုဖြင့်လည်းကောင်း၊ သေဒဏ်ထိုက်သောပြစ်မှုကိုကျူးလွန်ပြီး ထိမ်ချန်မှုဖြင့် လည်းကောင်း၊ ထိုင်းနိုင်ငံအတွင်းတရားမဝင် ဝင်ရောက်လာပြီး ဆက်လက်နေထိုင်မှုဖြင့်လည်းကောင်းအမှုပေါင်း ခုနစ်မှုဖြင့် တရားစွဲဆိုထာ ကြောင်း မြန်မာသံရုံးက ဦးဆောင်ဖွဲ့စည်းပေးထားသည့် အထူးစုံစမ်းရေးကော်မတီမှ သိရသည်။ **စိုးဝင်း(SP)**

# မဲဇာမြစ်ရေကြီးမှုကြောင့် ကျေးရွာများနှင့် စပါးစိုက်ခင်းများ ရေနစ်မြုပ်

**ထီးချိုင့် အောက်တိုဘာ ၁၃**

အောက်တိုဘာ ၈ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မဲဇာမြစ်ရေကြီးပြီး ထီးချိုင့်မြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ကြောင်း သိရသည်။

ရေဝကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာတွင် ရေတိုက်စားမှုကြောင့် မြေကမ်းပါးများပြိုကျခဲ့ပြီး ဘုန်းတော်ကြီးကျောင်းရှိကုဋီများ မဲဇာမြစ်အတွင်း မျောပါခဲ့သည်။ ထို့အတူ လေသာကျေးရွာအုပ်စု၊ ဇီးသောင်ကျေးရွာအုပ်စု၊ ကန်ပေါက်ကျေးရွာအုပ်စုနှင့် ကွင်းကြီးကျေးရွာအုပ်စုရှိ ကျေးရွာများတွင်လည်း ရေကြီးရေလျှံခဲ့ပြီး တောင်သူ ၁၀၀၆ ဦး၏ စပါးစိုက်ဧက ၃၄၈၁ ဧကလည်း ရေနစ်မြုပ်ခဲ့ကြောင်း သိရသည်။

မြစ်ကမ်းပါးပြိုကျသော ကျေးရွာများနှင့် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော ကျေးရွာများသို့ ထီးချိုင့်မြို့ပေါ်ရှိဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကူညီရေးအသင်းများက ရေယာဉ်များဖြင့်လည်းကောင်း၊ ကားများဖြင့်လည်းကောင်းသွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရေကြီးရေလျှံမှုကြောင့် လူနှင့် တိရစ္ဆာန် အသေအပျောက်မရှိကြောင်း သိရသည်။

**စောကလျာ(ထီးချိုင့်)**



အောက်တိုဘာ ၁၁ ရက်က ပြည်ခရိုင် သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့နယ် လျှပ်စစ်ဓာတ်အားပေးနယ်မြေအတွင်းရှိ ကွေ့တက်အုပ်စု ကွေ့တက်၊ ရေမျက်၊ အင်တိုင်းအင်းတော်ကြီး ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲတွင် ပဲခူးတိုင်းဒေသကြီး ဒုတိယတိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးရဲဝဏ္ဏ၊ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးရဲလွင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးနှင့် ကျေးရွာမီးလင်းရေးကော်မရှင်ဥက္ကဋ္ဌတို့က ၂၀၀ ကေဗွီ ထရန်စဖော်မာကို ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

# အမြစ်ပါသည့် အောင်သပြေပန်းများ အရောင်းအဝယ်သွက်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၁၃**

ပုံမှန်အားဖြင့် နွေရာသီ၌သာ အရောင်းအဝယ်သွက်သော အမြစ်ပါသည့် သပြေပန်းပင်များသည် အခြားပန်းများထက် ကြာရှည်ခံသောကြောင့် မိုးနှောင်းကာလတွင် အရောင်းအဝယ်သွက်လျက်ရှိသည့်အပြင် ပြည်ပနိုင်ငံ၌နေထိုင်သော မြန်မာနိုင်ငံသားများ လူကြုံဖြင့်မှာယူကာ ဘုရားပန်းထိုးသည့်အတွက် အောင်သပြေပန်းရောင်းသော ပန်းသည်များ အရောင်းအဝယ်အဆင်ပြေလျက်ရှိကြောင်းသိရသည်။

“အရောင်းပါးတတ်တဲ့ ဒီလိုလတွေမှာ ထူးထူးခြားခြားရောင်းကောင်းနေတယ်။ မြိတ်၊ ထားဝယ်၊ ကော့သောင်းက ဖောက်သည်တွေရှိသလို လစဉ်ဂျပန်က ဘုန်းကြီးကျောင်းနဲ့ အိမ်မှာဘုရားပန်းထိုးဖို့ ဝယ်တဲ့သူလည်းရှိပါတယ်။ အိမ်ရှင်မတွေက တာရှည်ခံတဲ့ဘုရားပန်းတွေသုံးတဲ့အခါမှာ ကိုင်းသပြေပန်းနဲ့ အမြစ်သပြေပန်းနှစ်မျိုးမှာ အမြစ်သပြေပန်းကို ပိုပြီးသုံးစွဲတဲ့အတွက် အရောင်းသွက်တာလည်းပါတယ်။ ဒီလိုရာသီမှာ မထင်မှတ်ဘဲ အရောင်းအဝယ်ကောင်းတော့ မိသားစုစားဝတ်နေရေး အဆင်ပြေတဲ့အတွက် ဝမ်းသာပါတယ်”ဟု မင်္ဂလာဒုံဈေးအတွင်းရှိ အောင်သပြေပန်းရောင်းသူတစ်ဦးက ပြောသည်။

အောင်သပြေတွင် ကိုင်းအပင်နှင့် အမြစ်အပင်ဟူ၍ နှစ်မျိုးရှိပြီး အမြစ်သပြေပန်းကို ဘုရားပန်း၊ နတ်ပန်း၊ အောင်အိုးပန်းအဖြစ် အသုံးပြုကြကာ တစ်ပတ်ကျော်ခံသော အမြစ်ပါသည့်သပြေပန်းကို အိမ်ရှင်မများ ပိုကြိုက်သည့်အတွက် အရောင်းအဝယ်သွက်ခြင်းဖြစ်ကြောင်း၊ အမြစ်ပါသော အပင်ကြီးသုံးပင်လျှင် တစ်ထောင်ကျပ်၊ အပင်လတ်တစ်ပင်လျှင် သုံးရာကျပ်၊ နှစ်ပင်လျှင်ငါးရာကျပ်၊ အပင်သေးတစ်ပင်လျှင် နှစ်ရာကျပ်နှင့် ကြားညှပ်သပြေပင် တစ်စီးလျှင်သုံးရာကျပ်နှုန်းဖြင့် ရောင်းချကြောင်းသိရသည်။

“သပြေပန်းကို ရာသီမရွေးရနိုင်တဲ့ အင်းတကော်၊ ပဲခူး၊ ညောင်နှစ်ပင်က ခြံတွေမှာ ဖောက်သည်ယူတယ်။ နွေဆိုရင် လှိုင်သာယာအနောက်ပိုင်း တက္ကသိုလ်နားက ဒိတ်ကုန်းရွာနဲ့မြောက်ဒဂုံမှာ မြောင်းလိုက်အပြတ်ချုပ်ပြီး



ဝယ်ရပါတယ်။ ရန်ကုန်ကနေ နေပြည်တော်၊ မန္တလေးကိုလည်း တင်ပို့တယ်။ ပုံမှန် ငါးထောင်ကျော်မြတ်တယ်၊ ဒီနေ့လို ရုံးပိတ်ရက်ဆိုရင် ကျပ်တစ်သောင်းကျော်မြတ်တယ်။ ဝမ်းအေးတဲ့အလုပ်ဆိုတော့ ဒီအလုပ်နဲ့ပဲ အသက်မွေးလာတာပါ”ဟု အမြစ်ပါသော အောင်သပြေပန်းများကို အင်းစိန်ဈေးတွင်ရောင်းသည့် ကိုဝင်းနိုင်က ပြောသည်။

နွေရာသီတွင် အောင်သပြေပန်းထွက်နှုန်းကောင်း၍ ရောင်းအားကောင်းတတ်ပြီး မိုးရာသီတွင် အရောင်းအဝယ်ပါးတတ်သော်လည်း ဈေးနှုန်းသက်သာ၍ တာရှည်ခံသော သပြေပန်းကိုပို၍ အသုံးပြုလာကြသည့်အတွက် အမြစ်ပါသည့် အောင်သပြေပန်းရောင်းသော ပန်းသည်များမှာ မိုးမပြတ်သော ရန်ကုန်မြို့တွင် ဈေးရောင်းဈေးဝယ်အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများနှင့် (Radio Fun Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲ

**မြစ်ကြီးနား အောက်တိုဘာ ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့အသံချစ်သူများ (Radio Fan Club) အဖွဲ့ဝင်များတွေ့ဆုံပွဲအခမ်းအနားကို ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၁ ရက်က ကျင်းပရာ ရှေးဦးစွာ ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာက ဂုဏ်ပြုကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန် ကြားရေးမှူး(အသံလွှင့်)က မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မြန်မာ့ အသံချစ်သူများ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲ အခမ်းအနားကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူး (အသံလွှင့်)က ပြန်ကြားရေးဝန်ကြီးဌာနမှ ကချင်ပြည်နယ်အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်သည့် (DVB T2 Set Top Box) ၄၆၈၆ လုံးကို ကချင်ပြည်နယ်အစိုးရ အဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါ်ဘောက်ဂျာထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အခမ်း အနားသို့ ကချင်ပြည်နယ်အတွင်းရှိ မြန်မာ့အသံချစ်သူများ (Radio Fan Club) အဖွဲ့ဝင်များအင်အား ၃၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

**မိုးဃ်ကျ(မြစ်ကြီးနား)**

# မဲရုံမှူးနှင့်ဒုမဲရုံမှူး လုပ်ငန်းတာဝန်များ သင်ကြားပို့ချ

**ရေဦး အောက်တိုဘာ ၁၃**

ရေဦးမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးတွင် မဲရုံမှူးနှင့် ဒုမဲရုံမှူးအဖြစ် တာဝန်ထမ်းဆောင်မည့်သူများ အနေဖြင့် အမှားအယွင်းမရှိ ဆောင်ရွက်နိုင်စေရန်အတွက် မဲရုံမှူးနှင့် ဒုမဲရုံမှူးများ၏ လုပ်ငန်းတာဝန်များသင်တန်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ အောက်တိုဘာ ၁၁ ရက်ကသင်တန်းဖွင့် လှစ်ပေးခဲ့ကြောင်း သိရသည်။

ရေဦးမြို့နယ်အတွင်း ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၆၇ ခုမှ မဲရုံမှူးများအား အုပ်စုသုံးစုခွဲကာ ပို့ချဖွင့်လှစ်ခြင်းဖြစ်ပြီး အုပ်စုတစ်အုပ်စုလျှင် နှစ်ရက်ကြာ ပို့ချမည်ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် သင်တန်းတွင် အုပ်စု(၁)မှ ရပ်ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ မဲရုံမှူးနှင့် ဒုမဲရုံမှူးများအဖြစ်တာဝန်ထမ်းဆောင်မည့်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**

# တစ်ပိဿာ ကျပ်နှစ်ထောင်ငါးရာခန့်အထိ ဈေးနှုန်းမြင့်တက်လာသော ကြက်သွန်နီ

သတင်းဆောင်းပါး ➤ ➤ ခင်ဆိုင်



ယခုနှစ်တွင် ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့်လများအတွင်း မိုးကြက်သွန်စိုက်ပျိုးမှုမရှိသေးခြင်း၊ ကြက်သွန်နီလှောင်သူများ အဓိကရှိသည့်နေရာများတွင် ရေကြီးရေလျှံမှု ဖြစ်ပွားမှုမရှိခဲ့ခြင်းတို့ကြောင့် ကြက်သွန်ခင်းများ ထိခိုက်ပျက်စီးမှုနည်းခဲ့သည်။

သို့သော် ယခုရက်ပိုင်းအတွင်း ကြက်သွန်နီဈေးနှုန်းများမှာ မကြုံစဖူး မြင့်တက်လာလျက်ရှိသည်။ အောက်တိုဘာလလယ် ရန်ကုန်ဈေးကွက် လက်လီဈေးနှုန်းများအရ ကြက်သွန်နီတစ်ပိဿာဈေးနှုန်းမှာ ကျပ်နှစ်ထောင့်ငါးရာအထိ ရှိနေသည်။

မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ် အောက်တိုဘာလကုန်ပိုင်းက တိုက်ခတ်ခဲ့သော ဂီရိမုန်တိုင်းကြောင့်တစ်ကြိမ်၊ ၂၀၁၁ ခုနှစ်က ပခုက္ကူဒေသတွင် ဖြစ်ပွားခဲ့သော ရေကြီးမှုများကြောင့်တစ်ကြိမ် ကြက်သွန်စိုက်ပျိုးမှုကို ထိခိုက်မှုများရှိခဲ့ပြီး လှောင်ကြက်သွန်များလည်း ထိခိုက်ပျက်စီးမှုရှိခဲ့သည်။ သို့သော်ယခုနှစ် ဇူလိုင်နှင့် ဩဂုတ်လအတွင်းက မြန်မာနိုင်ငံအထက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် စပါးအပါအဝင် သီးနှံမျိုးစုံပျက်စီးမှု ကြုံခဲ့ရပြီး ပျက်စီးသည့်ဧက သိန်းချီရှိခဲ့သော်လည်း ကြက်သွန်နီများမှာ ပျက်စီးမှုနည်းကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

စီးပွားကူးသန်းဝန်ကြီးဌာန၏ အောက်တိုဘာ ၁၂ ရက်ထုတ် အပတ်စဉ်စီးပွားရေးဂျာနယ်တွင် ဆိပ်ဖြူဒေသမှ ကုန်သည်နှင့် တောင်သူများထံတွင် ကြက်သွန်နီပိဿာချိန် သိန်း ၂၀ ခန့်၊ ပေါက်ဒေသတွင် ငါးသိန်းခန့်နှင့် ပခုက္ကူဒေသတွင် ၁၇ သိန်းခန့်၊ စုစုပေါင်း ပိဿာချိန် ၄၂ သိန်းခန့် ကျန်ခဲ့ကြောင်း ဖော်ပြထားသည်။

ထို့အတူ ဘုရင့်နောင်ကုန်စည်ဒိုင် အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၁၁ ရက် နေ့လယ်ပိုင်းက ပြုလုပ်ခဲ့သော တွေ့ဆုံပွဲတွင် လက်ရှိကြက်သွန်နီဈေးနှုန်းများ မြင့်တက်နေမှုနှင့်ပတ်သက်၍ တက်ရောက်လာသူတစ်ဦးက မေးမြန်းရာတွင် ဘုရင့်နောင်ကုန်စည်ဒိုင် စားဖိုဆောင်အသင်းအဖွဲ့ NGO ဥက္ကဋ္ဌ ဦးခင်ဟန်က ပြည်တွင်း၌ လက်ကျန်ကြက်သွန်နီ ပိဿာချိန်တစ်ရာခန့် ရှိသေးကြောင်း၊ မိုးစိုက်ကြက်သွန်အသစ်များမှာလည်း နိုဝင်ဘာလအတွင်း ဈေးကွက်သို့ ဝင်ရောက်လာနိုင်ကြောင်း ဖြေကြားသွားသည်။

ယခုနှစ် ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လာခြင်းမှာ ကြက်သွန်နီစိုက်ပျိုးသူများ သုံးနှစ်ဆက်တိုက် အရှုံးပေါ်ခဲ့သဖြင့်ဖြစ်ကြောင်း ပွဲရုံများမှ သိရသည်။ ပြည်တွင်းကြည်သွန်နီဈေးကွက်၌ နှစ်စဉ် နှစ်ကုန်ပိုင်းတွင် ကြက်သွန်နီဈေးနှုန်းမြင့်တက်လေ့ရှိသည်။ ကြက်သွန်နီအသစ်ပေါ်ထွက်ချိန်၊ လှောင်လက်များဝယ်ယူသိုလှောင်ချိန်တွင် ဈေးနှုန်းနည်းလေ့ရှိသော်လည်း လှောင်လက်များက ထုတ်ရောင်းချိန်တွင် ဈေးနှုန်းအမြင့်ဖြင့် ထုတ်ရောင်းကြသဖြင့် ဈေးနှုန်းမြင့်တက်သည့် အကျိုးအမြတ်ကို စိုက်ပျိုးထုတ်လုပ်သူများက ခံစားရမှုနည်းသည်။ လှောင်လက်များနှင့် ဘုရင့်နောင်ပွဲရုံမှ ပွဲရုံပိုင်ရှင်အချို့သာ အကျိုးစီးပွားဖြစ်ထွန်းကြပြီး စားသုံးသူများက ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်ကို ခံစားကြရကြောင်း ဘုရင့်နောင်ပွဲရုံဝင်းအတွင်း အလုပ်လုပ်ကိုင်နေကြသော နယ်ပို့အဝယ်တော်များက ပြောသည်။

အောက်တိုဘာ ၁၁ ရက် လတ်တလော ကြက်သွန်နီဈေးနှုန်းမှာ ဆိပ်ဖြူအမျိုးအစား ကြက်သွန်နီတစ်ပိဿာလျှင် လက်ကားဈေးနှုန်း ၁၀၅၀၊ ၁၅၅၀၊ ၁၇၅၀၊ ၁၈၅၀ ကျပ်နှုန်းများရှိနေသည်။ ကာလတူဖြစ်သော ယခင်နှစ် အောက်တိုဘာ ၁၁ ရက်က ဈေးနှုန်းမှာ ဆိပ်ဖြူကြက်သွန်နီ လက်ကား တစ်ပိဿာလျှင် ၁၅၀-၂၅၀-၃၇၅-၅၂၅ ကျပ်ခန့်သာဖြစ်ရာ ယခင်နှစ် ကာလတူထက် ကြက်သွန်နီအလုံးအရွယ် အသေးနှင့် အလတ်များမှာ ဈေးနှုန်း ခုနစ်ဆခန့်၊ အလုံးကြီးရှယ်အရွယ်များမှာ ဈေးနှုန်းလေးဆခန့် မြင့်တက်နေခြင်းဖြစ်သည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ကုန်ဖိုးငွေကို ရက်သတ္တနှစ်ပတ်ဆိုင်းစနစ်ကျင့်သုံးသော်လည်း ကြက်သွန်နီဈေးနှုန်းများ မြင့်တက်နေသဖြင့် ယခုရက်ပိုင်း ကြက်သွန်နီဝယ်ယူရာတွင် လက်ငင်းငွေချေစနစ် ပြုလုပ်ထားရကြောင်းလည်း သိရသည်။

၂၀၁၀ ဝန်းကျင်မှ ယနေ့အထိ မြန်မာနိုင်ငံ ကြက်သွန်ဈေးကွက်တွင် ထူးခြားဖြစ်စဉ်များစွာ ရှိခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် ပြည်တွင်းကြက်သွန်နီဈေးနှုန်းများ မြင့်တက်ခဲ့သဖြင့် ရန်ကုန်မြို့တွင်း အခွန်လွတ်ဈေးများတွင် ကြက်သွန်နီကို အလေးချိန် ၂၀ ကျပ်သားရှိ အထုပ်ငယ်များဖြင့် ရောင်းချခြင်းမျိုးရှိခဲ့ဖူးသည်။ ၂၀၀၉ မှ ၂၀၁၂ ခုနှစ်အထိ လေးနှစ်တွင် နှစ်ကုန်ပိုင်းကာလများ၌ ကြက်သွန်နီဈေးနှုန်းများ မြင့်တက်ခဲ့သဖြင့် ၂၀၁၀ ပြည့်နှစ် နှစ်ကုန်ပိုင်းတွင် အရည်အသွေးညံ့သော အိန္ဒိယနှင့် တရုတ်ကြက်သွန်နီများ ပြည်တွင်းဈေးကွက်သို့ ဝင်ရောက်လာသည်။

၂၀၁၁ ခုနှစ် ဇူလိုင်လအတွင်း ကြက်သွန်နီ တစ်ပိဿာလျှင် ၂၀၀ ကျပ်ခန့်သာ ရှိခဲ့ပြီး ရန်ကုန်မြို့ရှိကုန်စုံဆိုင်များ၌ ကြက်သွန်နီတစ်ပိဿာဝယ်လျှင် ငါးဆယ်သားအပိုပေးသည်အထိ ဈေးနှုန်းများ ထိုးကျခဲ့သည်။

၂၀၁၂ ခုနှစ်က ဒီဇင်ဘာ ၁ ရက်မှ ၄ ရက်အတွင်း ကုန်စည်ဒိုင်ဖွင့်ရက်သုံးရက်တွင် ကြက်သွန်နီတစ်ပိဿာ လက်ကားဈေးနှုန်းမှာ ၅၇၅ ကျပ်မှ ၁၄၅၀-၁၆၅၀-၁၇၅၀-၁၈၅၀ ကျပ်နှုန်းအထိ ရှိခဲ့သည်။ အောက်တိုဘာ ၂၉ ရက်တွင်မူ ၅၆၅ ကျပ်မှ ၈၇၅ ကျပ်နှုန်းခန့်သာ ရှိခဲ့ပြီး နိုဝင်ဘာ ၃၀ ရက်တွင် ၈၅၀ ကျပ်မှ ၁၂၇၅ ကျပ်နှုန်းသာရှိခဲ့ရာမှ ဈေးနှုန်းများ ရုတ်တရက်မြင့်တက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ ဈေးနှုန်းရုတ်တရက်မြင့်တက်မှုကြောင့် ဒီဇင်ဘာလဆန်း ဒိုင်ဖွင့်ရက် ခုနစ်ရက်အတွင်း ရန်ကုန်ဈေးကွက်သို့ ဝင်ရောက်ခဲ့သည့် ကြက်သွန်နီပိဿာချိန် ၁၀ သိန်းနီးပါးမှာ နိုဝင်ဘာဈေးနှုန်းထက် ကျပ်သိန်း ၂၆၀၀ ကျော်အထိ ပိုရခဲ့ပြီး ရန်ကုန်ပွဲရုံပိုင်ရှင်များမှာ အကျိုးဆောင်ခ(ပွဲခ)အပြင် ပွဲညွှန့်များပါ အများအပြားရရှိခဲ့ကြောင်း၊ ဝယ်သူများမှာမူ ဈေးနှုန်းကြီးမြင့်မှုဒဏ် ခံစားခဲ့ရကြောင်း သိရသည်။

ရန်ကုန် ကုန်စည်ဒိုင် ဈေးနှုန်းဟောင်းများအရ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ရန်ကုန်ဈေးကွက်သို့ ကြက်သွန်နီပိဿာချိန် ၅၇၀၀၀၀ ဝင်ရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင်လည်း ဇန်နဝါရီ ၁၄ ရက်နှင့် ၁၅ ရက် နှစ်ရက်အတွင်း ကြက်သွန်နီပိဿာချိန် ၁၀ သိန်းကျော် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ရန်ကုန် ကုန်စည်ဒိုင်သို့ ပုံမှန်အားဖြင့် တစ်ရက်လျှင် ကြက်သွန်နီပိဿာချိန် တစ်သိန်းငါးသောင်းဝန်းကျင် ပျမ်းမျှဝင်ရောက်လေ့ရှိသည်။ ထူးခြားမှုအဖြစ် ယခုနှစ် ဩဂုတ် ၂၂ ရက်တွင် ရန်ကုန်ဈေးကွက်သို့ ပိဿာချိန် ၁၈၀၀၀ သာ ဝင်ရောက်ပြီး ဩဂုတ် ၂၁ ရက်တွင်လည်း ပိဿာချိန် ၇၂၀၀၀ သာ ဝင်ရောက်ခဲ့သော်လည်း ဩဂုတ် ၂၂ ရက် ရန်ကုန်ဈေးကွက်ရှိ ကြက်သွန်နီဈေးနှုန်းမှာ ၅၂၅-၇၅၀-၈၅၀-၉၂၅ ကျပ်နှုန်းသာရှိခဲ့ပြီး ယခုအောက်တိုဘာလဆန်းကဲ့သို့ ဈေးနှုန်းအလွန်မြင့်တက်မှု မရှိခဲ့သည်ကို တွေ့ရသည်။

ကြက်သွန်နီသည် ပြီးခဲ့သည့် လများအတွင်းဖြစ်ပွားခဲ့သော သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးမှု အနည်းငယ်သာရှိခဲ့သော်လည်း ဈေးနှုန်းများမှာမူ အောက်တိုဘာလဆန်းမှစ၍ မကြုံစဖူး မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

# နံရံဆေးရေးပန်းချီ၊ သဲဖောင်းကြွပန်းချီအဖြစ် တစ်ခေတ်ဆန်း

**သတင်းဆောင်းပါး - မြင့်မောင်စိုး**
**ဓာတ်ပုံ - သက္က**

လွန်ခဲ့သည့်နှစ်များအတွင်း ပုဂံသို့ ဘုရားဖူးရောက်သည့်အခါတိုင်း စေတီပုထိုး ဘုရားဈေးတန်းများတွင် ထူးထူးခြားခြား သတိပြုမိသည့် အရာများတွင် သဲပန်းချီကားများပင်ဖြစ်သည်။ ဘုရားဈေးတန်းများ၊ ဘုရားပရိဝုဏ်ပတ်ဝန်းကျင်တို့တွင် သဲပန်းချီကားများကို ကိုယ်တိုင်ရေးဆွဲသူများရှိသလို တစ်ဆင့်ခံယူ၍ ပြန်ရောင်းချနေသူများလည်းရှိကြသည်။

ပုဂံရှေးဟောင်းဒေသသည် မြန်မာနိုင်ငံ၏ အဓိကခရီးသွားဒေသကြီးတစ်ခုဖြစ်သည့်အားလျော်စွာ နိုင်ငံခြားသား ခရီးသွားဧည့်သည် အများအပြားလာရောက်ခြင်းကြောင့် မြန်မာ့ပန်းချီဈေးကွက်သည်လည်း ပုဂံဒေသတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းအောင်မြင်လျက်ရှိသည်ကို တွေ့ရသည်။

ပန်းချီဈေးကွက်နှင့်ပတ်သက်၍ ပုဂံမြို့ဟောင်း အာနန္ဒာဘုရားမြောက်ဘက် ကောင်းစံပန်းချီအရောင်းဆိုင်မှ ဒေါ်ဝါဝါမြင့်က "ပုဂံမှာက အဓိကရောင်းတဲ့ ပန်းချီအမျိုးအစားတွေကတော့ ရေဆေးရှိတယ်။ ဆီဆေးရှိတယ်။ သဲဖောင်းကြွရှိတယ်။ ရွှေချည်ထိုးဆွဲပြီးမှ သဲဖောင်းကြွ ဆွဲထားတဲ့ ပန်းချီရှိတယ်။ acrylic လို့ခေါ်တဲ့ ရိုးရိုးပန်းချီလည်းရှိတယ်။ နိုင်ငံခြားသားတွေက အကြိုက်ချင်းမတူကြဘူး။ ရေဆေးကြိုက်တဲ့သူက ရေဆေးမှကြိုက်တာ။ ဆီဆေးကြိုက်တဲ့သူက ဆီဆေးမှကြိုက်တာ။ အကြိုက်ချင်းမတူကြဘူး။ အကြိုက်ဆုံးကတော့ သဲဖောင်းကြွပေါ့" ဟု ဦးစွာပထမ ရှင်းပြသည်။

သဲဖောင်းကြွပန်းချီကား ပုဂံတွင် ပေါ်ပေါက်ခဲ့သည်မှာ ခန့်မှန်းအားဖြင့် ၁၅ နှစ်ခန့်ရှိပြီဖြစ်ကြောင်း ပန်းချီကားရောင်းသူများထံမှ သိရသည်။ သဲဖောင်းကြွပန်းချီကားရေးဆွဲသည့် အချိန်ကြာလာသည်နှင့်အမျှ နိုင်ငံခြားသားခရီးသွားဧည့်သည်များအကြား ရေပန်းစားလာပြီး ပုဂံအမှတ်တရလက်ဆောင်အဖြစ် သဲဖောင်းကြွပန်းချီကားများကို အလေးထားဝယ်ယူလာကြသည်။

"သဲဖောင်းကြွပန်းချီထဲမှာ အဓိကအားဖြင့်တော့ အမျိုးအစား သုံးမျိုးရှိပါတယ်။ သဲဖောင်းကြွပန်းချီမှာ ၅၅၀ နိပါတ်တော်တွေကို အခြေခံရေးဆွဲတဲ့ နံရံဆေးရေးပန်းချီဆိုတာရှိတယ်။ Portrait လို့ ခေါ်တဲ့ ပုံတူပန်းချီတွေရှိတယ်။ ပုံတူပန်းချီမှာ ကိုရင်လေးတွေ၊ ရဟန်းတွေ ဆွမ်းခံကြွချီထွက်ခွာသွားတဲ့ပုံတွေဖြစ်ပါတယ်။ ပြီးတော့ view လို့ခေါ်တဲ့ ပုဂံရှုခင်းပုံတွေလည်း ရှိပါတယ်။ အာရှက ဂျပန်တို့၊ ကိုရီးယားတို့က view မှ ကြိုက်တယ်။ အီတလီတို့ အမေရိကန်တို့က ၅၅၀ ဇာတ်တော်တွေနဲ့ ဆွဲထားတဲ့ နံရံပန်းချီမှကြိုက်တယ်။ အကြိုက်ချင်းမတူကြဘူး" ဟု ဒေါ်ဝါဝါမြင့်က ဆက်လက်ရှင်းပြသည်။

သဲပန်းချီကားများကို အနည်းဆုံးငွေကျပ် ၃၀၀၀ ဖြင့် ရောင်းချပေးလျက်ရှိသည်။ အရွယ်အစားအပေါ် မူတည်၍ ဈေးနှုန်းမှာလည်း ကွာခြားမှုရှိသည်။ ငွေကျပ် ၃၀၀၀ မှ ငွေကျပ် ၈၀၀၀၊ ၁၀၀၀၀၊ ၁၅၀၀၀ နှင့် ငွေကျပ် ၈၀၀၀၀ မှ ငွေကျပ် တစ်သိန်း အစားစားရှိသည်။ အရောင်းရဆုံးမှာ အလယ်အလတ်အရွယ်အစားများဖြစ်ပြီး ငွေကျပ် ၂၀၀၀၀ မှ ငွေကျပ် ၃၀၀၀၀ ပတ်ဝန်းကျင်ဈေးရှိကြောင်း သိရသည်။



သဲပန်းချီဆိုသည်မှာ ပန်းချီဆွဲမည့် အဝတ်ပိတ်စတစ်မျိုးပေါ်တွင် ကော်သုတ်သဲတင်ကာ နေလှန်းပြီး လိုရာပန်းချီကောက်ကြောင်းအတိုင်းရေးဆွဲလေ့ရှိကြောင်း၊ အကြမ်းဖျင်းအားဖြင့် သိရသည်။ သဲပန်းချီကားများသည် အခြားသော ပန်းချီကားများထက် အားသာချက်မှာ ခေါက်နိုင်၊ သိမ်းနိုင်သည့်အပြင် လျှော်ဖွတ်ခြင်းကိုလည်း ပြုလုပ်နိုင်ကြောင်း သိရသည်။ ဤသည်မှာ သဲပန်းချီကား၏ အားသာချက်လို့ ဆိုရမည်သာဖြစ်ပါသည်။

ပန်းချီကားများရေးဆွဲနေသော လူငယ်မျိုးဆက်သစ်မွေးမြူရာတွင်လည်း ပုဂံဒေသသည် ဘူမိနက်သန်ဟုပင် ဆိုရမည်သာ ဖြစ်ပါသည်။ အကြောင်းသည်ကား ပုဂံယွန်းကောလိပ်တည်ရှိနေခြင်းကြောင့်ပင် ဖြစ်ပါသည်။ ပုဂံယွန်းကောလိပ်မှ နှစ်စဉ် ကျောင်းသား ကျောင်းသူ ၂၀၀ ခန့် မွေးထုတ်ပေးလျက်ရှိရာ ယွန်းအတတ်ပညာများအပြင် ပန်းချီ၊ ပန်းပု အတတ်ပညာများကိုလည်း သင်ကြားပေးနေခြင်းကြောင့် ပန်းချီမျိုးဆက်သစ်များ ပုဂံဒေသတစ်ဝိုက် ဆက်လက်ရှင်သန်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ပါသည်။ ပုဂံဒေသသည် နံရံဆေးရေးပန်းချီထွန်းကားရာ ဘူမိနက်သန်မြေလည်း ဖြစ်သည်။ ပုဂံခေတ်မှ ရှေးဟောင်းအမွေအနှစ်လက်ရာများအဖြစ် ကျန်ရှိနေသော ရှေးဟောင်းအနုပညာလက်ရာပစ္စည်းများတွင် နံရံဆေးရေးပန်းချီသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ယနေ့အထိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ နံရံဆေးရေးပန်းချီအထင်အရှားတည်ရှိနေသော စေတီပုထိုးပေါင်း ၄၆၀ ကျော် တည်ရှိနေဆဲဖြစ်ကြောင်း ရှေးဟောင်းသုတေသနပညာရှင်များ၏အဆိုအရ သိရသည်။ ထိုနံရံဆေးရေးပန်းချီများသည် နိုင်ငံခြားသားများ အထူးစိတ်ဝင်စားနေသည့် ရှေးဟောင်းအမွေအနှစ်များဖြစ်သည်။

ယခုအခါ နံရံဆေးရေးပန်းချီများကို သဲဖောင်းကြွပန်းချီများတွင် တွေ့မြင်နေရပြီဖြစ်ပါသည်။ ပုဂံခေတ်ပန်းချီပညာရှင်များက သူတို့၏ ပန်းချီလက်ရာများကို စေတီပုထိုး၊ နံရံ၊ မျက်နှာကြက်များတွင် ချန်ထားခဲ့ကြပါသည်။ ၅၅၀ နိပါတ်တော်လာ နံရံဆေးရေးပန်းချီများကို စေတီပုထိုးများအတွင်း တွေ့မြင်နေရဆဲဖြစ်ပါသည်။ နိုင်ငံခြားသားများစွဲမက်သည့် နံရံဆေးရေးပန်းချီများကို ယနေ့ခေတ်တွင် ယွန်းကောလိပ်ကျောင်းထွက် လူငယ်များက အမွေဆက်ခံကာ နံရံဆေးရေးပန်းချီများကို တုပ၍ သဲဖောင်းကြွပန်းချီအဖြစ် တီထွင်ဆန်းသစ်ကာ ရေးဆွဲနေကြပြီဖြစ်သည်။ သဲဖောင်းကြွပန်းချီကားများ လူကြိုက်များလာခြင်းသည်ပင် ပုဂံခေတ်ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ်ဖြစ်သည့် နံရံဆေးရေးပန်းချီအတတ်ပညာများ ပုဂံဒေသတွင် ဆက်လက်ရှင်သန်နေဦးမည်သာ ဖြစ်ပါကြောင်း။ ။

# KBZ BANK

## ကမ္ဘောဇဘဏ်လီမိတက်

ရန်ကုန်ဘဏ်ခွဲ(၇၉)

## မင်္ဂလာဈေး – လမင်းသာယာကွန်ဒိုဘဏ်ခွဲ

အမှတ်(၁၃၃)၊ လမင်းသာယာကွန်ဒို၊ စက်ရုံလမ်းနှင့်ဗိုလ်မင်းရောင်လမ်းထောင့်၊
ရေတွင်းကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း(၀၁)၈၆၁၉၅၁၇၊ ဖက်စ်(၀၁)၈၆၁၉၅၁၈

မန္တလေးဘဏ်ခွဲ(၂၆)

## မြောက်ပြင်ဘဏ်ခွဲ

အမှတ်(၉၂)၊ လမ်း(၈၀)၊ (၁၁× ၁၂)လမ်းကြား၊ အမရဌာနီအနောက်ရပ်ကွက်၊
အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း(၀၂)၇၅၆၃၇/၃၈/၃၉၊ ဖက်စ်(၀၂)၇၅၆၄၀/၄၁

မန္တလေးဘဏ်ခွဲ(၂၇)

## မန်းမြို့သစ်ဘဏ်ခွဲ

အမှတ်(တ–၄/၄၃)၊ (၆၂)လမ်း၊ ငုပြာလမ်းနှင့်သဇင်လမ်းကြား၊ မြို့သစ်(၂)ရပ်ကွက်၊
ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။
ဖုန်း(၀၂)၆၂၀၆၉၊ ၈၁၆၅၃၊ ဖက်စ်(၀၂)၆၂၀၁၂၊ ၆၂၀၉၁

**တို့ကိုဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း မိတ်ဆွေပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။**

**သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်**

www.kbzbank.com

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းအောင်
**အသက်(၉၃)နှစ်**

[မြန်မာ့မီးရထား၊ ပို့ဆောင်ရေးချုပ်(ငြိမ်း)၊ နာယက(ငြိမ်း)၊ မြန်မာ့မီးရထား အငြိမ်းစားများအသင်း] ဦးထွန်းအောင်သည် ၁၁-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားခြင်းအတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာ့မီးရထားအငြိမ်းစားများအသင်း**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မလှစိန် (စစ်တွေ)
**အသက်(၈၃)နှစ်**

ဦးမြတ်ထွန်း(၈၄၊ မြို့ပြ၊ အင်းစိန် ဂျီတီအိုင်)၊ ဒေါ်ခင်ခင်နုတို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်မလှစိန်သည် ၆-၁၀-၂၀၁၅ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သူငယ်ချင်းများ**
**(အင်းစိန်ဂျီတီအိုင် ရခိုင်မိသားစု)**

---

အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးထွန်းအောင်ကျော်
**မြန်မာနိုင်ငံစာရင်းကိုင်များအသင်း(ဥက္ကဋ္ဌ)**
**(B.A, R.A, C.P.A, F.B.S.A)**
**အသက်(၇၈)နှစ်**

မြန်မာနိုင်ငံ စာရင်းကိုင်များအသင်း(ဥက္ကဋ္ဌ) ဦးထွန်းအောင်ကျော်သည် ၁၁-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)**

---

ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သက်သက်ခင်
**စစ်သူနာပြု ဗိုလ်လောင်းအမှတ်စဉ်(၃)**
**အသက်(၇၂)နှစ်**

ဦးကျော်မြင့်၏ချစ်လှစွာသောဇနီး ဒေါ်သက်သက်ခင်သည် ၉-၁၀-၂၀၁၅ ရက် ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်သူနာပြု အရာရှိအစ်မကြီးများ**
**သူငယ်ချင်းများ၊ ညီမလေးများ**

---

အထူးကျေးဇူးတင်ရှိခြင်း
## ဒေါ်ကြည်ကြည်ဝင်း (မိုးညှင်းမြို့)
**အသက်(၆၈)နှစ်**

မကွေးမြို့၊ ပဿဒဆေးရုံ၌ ၆-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ဝ၃း၄ဝ နာရီတွင် ကွယ်လွန်သွားခဲ့သည့် ဒေါ်ကြည်ကြည်ဝင်းအား နာမကျန်းဖြစ်စဉ် ပြုစုစောင့်ရှောက်ပေးခဲ့ပြီး ကွယ်လွန်ပြီးနောက် နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးခဲ့ကြသော အမှတ်(၈၈)မြေမြန်တပ်မဌာနချုပ်မှ တပ်မမှူးနှင့်ဇနီး၊ ဒုတိယတပ်မမှူးနှင့် အရာရှိ၊ အရာခံ၊ အကြပ်စစ်သည် မိသားစုဝင်များ၊ ဆွေမျိုးသားချင်း မိတ်ဆွေသူငယ်ချင်းများ၊ ရပ်နီးရပ်ဝေးမှ လူကိုယ်တိုင် လာရောက်၍သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း၊ ဆုတောင်းမေတ္တာပို့နှစ်သိမ့်ပေးကြသော ဆရာသမား၊ ဆွေမျိုးမိတ်ဆွေ သူငယ်ချင်းများအားလည်းကောင်း၊ လှူဖွယ်ပစ္စည်းအစုစုတို့ကို ပေးပို့လှူဒါန်းခဲ့ကြသော ဆရာသမား မိတ်ဆွေသူငယ်ချင်း လုပ်ဖော်ကိုင်ဖက်များ အားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဦးတင်မောင်လတ်(ခ)ကိုကိုလတ် (စမ်းချောင်း)
**အားကစားကလောင်ရှင်**
**Sport Times Journal (အယ်ဒီတာ)**
**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊စမ်းချောင်းမြို့နယ်၊ မင်းလမ်း၊ အမှတ် ၇၃/၇-အေနေ(ဦးတင်ညွှန့်-ဒေါ်ခင်မြမြ)တို့၏သား၊ ဦးခင်မောင်လတ်-ဒေါ်ညွှန့်ညွှန့်မေ၊ (ဒေါက်တာစံဖူး)-ဒေါ်တင်တင်မြတို့၏ညီ/မောင်၊ ဒေါ်အေးငြိမ်းအောင်၏ ချစ်လှစွာသောခင်ပွန်း၊ မအေးကေဇင်လတ်(Myanmar Brewery Ltd.)၊ မောင်ဟိန်းထက်အောင်(5 Plus)တို့၏ချစ်လှစွာသောဖခင်သည် ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၆နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၅ ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးမောင်မောင်လင်း
**အသက်(၅၁)နှစ်**

မင်းဘူးမြို့၊ (၁)ရပ်ကွက်၊ နဂါးပွက်တောင်လမ်းနေ (ဦးထွန်းဝင်း-ဒေါ်ဝင်းကြည်)တို့၏သား၊ (ဦးမောင်မောင်အေး)-ဒေါ်တင်တင်ဝင်း၊ (ဒေါ်နီနီ)တို့၏သားသမက်၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ တိုက် ၉၈၊ အခန်း ၃၁နေ ဒေါ်မွန်ရည်ခိုင် (မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီးရုံးမှဦးစီးအရာရှိ)၏ချစ်လှစွာသောခင်ပွန်း၊ မဣန္ဒြာခင်မိမိ(Grade-10၊ ပညာအလင်းရောင်၊ မင်းဘူးမြို့)၊ မောင်ဘုန်းဆင့် (Grade-6၊ အထက-၅၊ နေပြည်တော်)တို့၏ ချစ်လှစွာသောဖခင်သည် ၁၂-၁၀-၂၀၁၅ရက် ည ၈း၅၁နာရီတွင် နေပြည်တော်၊ ဇမ္ဗူသီရိ အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၅ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)အအေးတိုက်မှ ကွေ့ကြီးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

ဝမ်းနည်းကြေကွဲခြင်း
## ကိုသန်းထွဋ်ဦး
**အသက်(၄၈)နှစ်**

စီးပွားရေးတက္ကသိုလ် ကျောင်းသူဟောင်း မမာလာစန်း (၁၉၈၄-၉၁)၏ ချစ်လှစွာသောခင်ပွန်း (ခပေါင်းဆောင်ကျောင်းသားဟောင်း) ကိုသန်းထွဋ်ဦး (ဝါဇီ)သည် ၁၁-၁၀-၂၀၁၅ရက်က ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၈၇-၉၁-၉၂-၉၃**
**စီးပွားရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသားကျောင်းသူများအသင်း**

---

ဘုရား၊ သိမ်၊ ကျောင်း၊ မဟာရံတံတိုင်း ဒါယကာကြီး
## ဦးလွန်းမောင် (အတွင်းဝန်၊ ငြိမ်း)
**နာယကကြီး၊ Y.M.B.A အသင်း၊ လက်ပံတန်းမြို့နယ်အသင်း**
**အသက်(၁၀၃)နှစ်**

လက်ပံတန်းမြို့နေ (ဦးမောင်ကြီး-ဒေါ်ဖွားသင်၊ ဇေယျာဝတီပုံနှိပ်တိုက်)တို့၏သားကြီး၊ (ဒေါ်သိန်းသိန်း)၊ (ဒေါ်သောင်းသောင်း)၊ (ဦးကွန်း)၊ ဒေါ်သန်းသန်းတို့၏အစ်ကိုကြီး၊ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ လမ်း ၅၀၊ အမှတ် ၁၄၆၊ ပထမထပ်နေ (ဒေါ်သန်းတင်)၏ခင်ပွန်း၊ (ဦးအောင်ကြူ)-ဒေါ်အေးကြည်၊ ဒေါက်တာခင်မောင်ညွှန့် (ပါမောက္ခ၊ သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး)၊ ဒေါက်တာခင်ဝင်းသန်း(တွဲဖက်ပါမောက္ခ၊ ကလေးအထူးကုဆရာဝန်ကြီး)တို့၏ဖခင်၊ ဦးမျိုးမြင့်(ဥက္ကဋ္ဌရုံးအဖွဲ့)လွှယ်ဟိန်းကုမ္ပဏီ၏ဘကြီး၊ ကိုနေမျိုးအောင်၊ မနန္ဒာအောင်၊ နန်းသန္တာအောင်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏အဘေးသည် ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၀း၃၀နာရီတွင် အထက်ပါနေအိမ်၌ကွယ်လွန်သွားပါ၍ ၁၅-၁၀-၂၀၁၅ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်သောင်းစိန်
**အသက်(၈၂)နှစ်**

ရန်ကုန်မြို့၊ ခရမ်းမြို့နယ်၊ (၂)ရပ်ကွက်၊ မြကန်သာလမ်း၊ အမှတ် ၅၁နေ ဦးပို့၏ဇနီး၊ ကိုကျင်သိန်း၊ ဒေါက်တာကျော်ဌေး-မစန်းစန်းကြည်၊ ဒေါက်တာကျော်ငြိမ်း-နော်စံမူးဖော၊ မစန်းစန်းမြင့်၊ မမြင့်မြင့်စိန် (အမက-၇၊ ခရမ်း)၊ မအေးအေးသန်း၊ မသန်းသန်းဝင်း၊ မခိုင်ခိုင်ဝင်း၊ မခိုင်ခိုင်သင်းတို့၏မိခင်၊ မြေးငါးယောက်တို့၏အဘွားသည် ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ခရမ်းမြို့တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ငွေးကြည်
**(တာပကျေးရွာ/ဗဟန်း)**
**အောင်ချမ်းသာနိဗ္ဗာန်ကုန်ဆိုင်၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်**
**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်ရပ်ကွက်၊ နန္ဒဝန်လမ်း၊ အမှတ် ၁၀၀၊ ခြောက်လွှာ(B)နေ ဦးမြသော်၏ဇနီး၊ [ဦးသန်း-ဒေါ်စောကျင်(ကျောက်တန်း၊ တာပကျေးရွာ)]တို့၏သမီး ၊(ဦးအေး-ဒေါ်သိန်း)တို့၏ချွေးမ၊ ဒေါ်စိုးရီ၊ ဒေါ်သိန်းနွဲ့တို့၏အစ်မ၊ ဦးငွေးဝင်း-ဒေါ်နှင်းနှင်းယု၊ ဦးငွေးလင်း-ဒေါ်လှ၊ ဦးကျော်အေး-ဒေါ်ခင်အေးကြူ၊ ဦးချစ်ကိုကို-ဒေါ်ခင်အေးမူ၊ ဦးဇော်လင်း-ဒေါ်လှလှမြင့်၊ (ဦးရဲဝင်း)၊ ဦးတင်မောင်ဝင်း-ဒေါ်မို့မို့ဝင်းတို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ဘွားဘွားကြီးသည် ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)မွန်းလွဲ ၂း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

ကျေးဇူးအထူးတင်ရှိခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယိကာမကြီး**
## ဒေါ်မာမာခင် (ညီမလေး)
**B.Sc (Zoology)**
**အသက်(၆၃)နှစ်**

၅-၁၀-၂၀၁၅ရက် ညနေ ၃း၅၅နာရီတွင် ကွယ်လွန်သွားသော ချစ်ဇနီး ဒေါ်မာမာခင်(ညီမလေး)၏ နာမကျန်းဖြစ်ချိန်အတွင်း အထူးဂရုစိုက်ပြုစုကုသပေးသော အာရှတော်ဝင်ဆေးရုံမှ အထူးကုဆရာဝန်ကြီးများ၊ ဝန်ထမ်းများ၊ အသည်းအထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဦးသံစစ်၊ ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာဦးညွှန့်သိန်း၊ သားဖွား/မီးယပ် ပါမောက္ခ ဒေါက်တာဒေါ်ယဉ်ယဉ်စိုးနှင့်ဗဟိုအမျိုးသမီးဆေးရုံကြီးမှဆရာဝန်/ဆရာမများ၊ ဆာကူရာအထူးကုဆေးရုံကြီးမှ ဒေါ်ရီရီငွေးနှင့် အသည်းအထူးကု ဆရာဝန်/ဆရာမကြီးများ၊ ဝန်ထမ်းများအားလည်းကောင်း၊ ဆေးကုသချိန်နှင့် ကွယ်လွန်ပြီးချိန်တွင် မေတ္တာ၊ စေတနာ၊ ဂရုဏာများစွာဖြင့် ငွေအား၊ လူအား ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ရန်ကုန်တက္ကသိုလ်နှင့် လုပ်သားများကောလိပ်၊ သတ္တဗေဒ ကျောင်းသားကျောင်းသူဟောင်းများ၊လူမှုရေးစောင့်ရှောက်မှုအသင်းမှသတ္တဗေဒ ကျောင်းသားကျောင်းသူဟောင်းများ၊ ရန်ကုန်နှင့် နယ်တက္ကသိုလ် သတ္တဗေဒဌာနအသီးသီးမှ သတ္တဗေဒ ကျောင်းသား ကျောင်းသူဟောင်း၊ ဆရာ/ဆရာမများအားလုံး၊ တောင်ကြီးတက္ကသိုလ်၊ ဘားအံတက္ကသိုလ် ကျောင်းသား ကျောင်းသူဟောင်းများအားလည်းကောင်း၊ ဆေးရုံတက်စဉ် နေ့/ညလာရောက်ပြုစု စောင့်ရှောက်ပေးသော ဆွေမျိုး၊ မိတ်ဆွေအားလုံးအားလည်းကောင်း၊ နာရေးကိစ္စကူညီပေးသော စည်ပင်သာယာအဖွဲ့အစည်းမှ ဝန်ထမ်းများအားလည်းကောင်း၊ ပုဇွန်တောင်မြို့နယ် အမှတ်(၈) (၉) (၁၀)ရပ်ကွက်လူကြီးများအားလည်းကောင်း၊ ဆရာဦးကျော်ဘုန်းလင်းအား ချစ်ခင်ကြသော တပည့်များနှင့် ဆွေမျိုးများအားလည်းကောင်း၊ လူကိုယ်တိုင် မလာရောက်နိုင်သော်လည်း တယ်လီဖုန်း၊ Facebook၊ စာ၊ သတင်းစာ များမှ ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးကြသော ပြည်တွင်း၊ ပြည်ပမှ ဆွေမျိုး၊ မိတ်ဆွေ၊ သူငယ်ချင်းများနှင့် ရက်လည်ဆွမ်းကျွေးတရားတော်နာအတွက် လှူဖွယ်ပစ္စည်း၊ အလှူငွေများ ပေးပို့လှူဒါန်းသော ပုဂ္ဂိုလ်များ၊ ရွှေမန်းကျောင်းဆရာတော်၊ မင်္ဂလာတောင်တော်ဦးဆရာတော်နှင့် သံဃာတော်များအားလည်းကောင်း၊ ဓာတ်ပုံနှင့် ဗီဒီယိုဖြင့် မှတ်တမ်းတင်ရိုက်ကူးပေးသော စိုင်းဘုန်းထူး၊ ဒေါ်ဖြူဖြူညွှန့်အဖွဲ့အားလည်းကောင်း အခြားကျေးဇူးတင်ထိုက်သူအားလုံးကို အထူးကျေးဇူးတင်ရှိပါကြောင်း။

**ဆရာဦးကျော်ဘုန်းလင်း မိသားစုနှင့်**
**ဆွေမျိုးသားချင်း ညီအစ်ကိုမောင်နှမ မိတ်ဆွေအားလုံး**

---

## ဒေါ်ရီရီဝင်း(ခ)ဒေါ်သီရိ(ခ)လွီရှော့ဟုန်
**(အင်းစိန်)**
**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကွက်သစ် ၁လမ်း၊ အမှတ် ၅နေ ဦးမောင်ကြည်-ဒေါ်မြခင်တို့၏သမီး၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မလွှကုန်း ငွေးကြွယ်(က)ရပ်ကွက်၊ သုဒဿနလမ်း၊ အမှတ် ၁၃နေ (ဦးဂေါ်ကီစွမ်း)-ဒေါ်ကျင်လှတို့၏သမီးချွေးမ၊ အမှတ် ၈၊ ၁၆၂လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ရန်ကုန်မြို့နေ ဦးဖိုးလမင်း၏ချစ်လှစွာသောဇနီး၊ မချောစုဝင်း၊ ကိုကျော်မင်း၊ ကိုနေစောလင်းတို့၏မိခင်ကြီးသည် ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ဝ၀း၀၅နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၅ ရက် (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မြ (ဇကာကြီး)
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/မြောက်ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ် ၂၉နေ [ဦးသိန်းဟန်(ခ) ဦးသိန်းရ]၏ဇနီး၊ ဦးခင်ဝင်း-ဒေါ်ဝင်းဝင်း၊(ဦးအောင်သန်း)-ဒေါ်တင်တင်ချို၊ ဦးညွှန့်လှိုင်-ဒေါ်မြင့်မြင့်ဟန်၊ ဦးသန်းငွေး၊ (ဦးဝင်းမြင့်)၊ ဦးကျော်ဝင်း-ဒေါ်တင့်တင့်ဟန်တို့၏မိခင်၊ မြေးခြောက်ယောက်၊ မြစ်ငါးယောက်တို့၏အဘွားသည် ၁၂-၁၀-၂၀၁၅ရက် ည ၁၁း၀၃ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၄-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်လှ
**အသက်(၈၉)နှစ်**

ထားဝယ်မြို့၊ ဇရစ်ရပ်၊ ရတနာလမ်း၊ အမှတ် ၃၇၆နေ (ဦးကျင်ယုံ-ဒေါ်ကျင်သူ)တို့၏သမီး၊(ဦးကြည်တင်)၏ချစ်လှစွာသောဇနီး၊ ဦးအောင်သန်းဦး-ဒေါ်ခင်ချို၊ ဦးအောင်ငွေးဦး-ဒေါ်ဝင်းဝင်းမော် (ခေတ္တ-U.S.A)၊ ဦးအောင်စိုးဦး-ဒေါ်မြင့်စိန်၊ ဦးအောင်ဇော်ဦး-ဒေါ်သက်သက်စန်းတို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏အဘွားသည် ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၆-၁၀-၂၀၁၅ ရက်(သောကြာနေ့) မွန်းလွဲ ၁း၃၀နာရီတွင် ကတိုး(တရုတ်)သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်ရင်
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၂/မြောက်ရပ်ကွက်၊ ထူပါရုံ ၂၂လမ်း အနောက်၊ အမှတ် ၃၈၄နေ (ဦးမောင်သက်-ဒေါ်ကျင်မေ)တို့၏ ချစ်လှစွာသောသမီး၊ (ဦးမျိုးဝင်း)၏ချစ်လှစွာသောဇနီး၊(ဒေါ်အမာ-ဦးသိန်းလှ)တို့၏အစ်မ၊ (ဦးလှမြင့်)-ဒေါ်အေးအေးချို၊ (ဦးမြင့်ကြူ)၊ ဦးကိုကိုအောင်-ဒေါ်နီနီဝင်း၊ ဦးထိန်လင်း(ခ)အရှင်တေဇ-ဒေါ်စန္ဒာဝင်း၊ (ဦးမင်းဇော်ဝင်း)-ဒေါ်မိုးမိုးအောင်၊ (ဦးသန်းထွန်း)-ဒေါ်ခင်သီတာဝင်း၊ ဦးမျိုးဇော်ဝင်း - ဒေါ်ဥမ္မာခိုင်၊ ဦးကျော်မင်းအောင် - ဒေါ်ညိုမှာဝင်း Pks+3 Company တို့၏မိခင်၊ မြေး ၁၄ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၁၂-၁၀-၂၀၁၅ရက်(တနင်္လာနေ့)ည ၈း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးအောင်သန်း
**(စက်ပြင်-၁၊ ဆ/မဦးစီးဌာန၊ ငြိမ်း)**
**အသက်(၇၃)နှစ်**

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ် ၁၄၆နေ (ဦးသိန်း-ဒေါ်သိန်းရင်)တို့၏သား၊ (ဦးမောင်တင် - ဒေါ်သန်းညွှန့်)တို့၏ သားသမက်၊(ဦးငွေးဝင်း)-ဒေါ်မြင့်မြင့်စန်း၊ ကိုမောင်မောင်ဦး(Seaway Ship Management Co.,Ltd.)၊ ကိုခင်ရွှေ (Wanhai Line Co., Ltd.)-မချိုချိုနွယ်၊ ကိုအောင်ကျော်စိုးမိုး (2/O Norstar Ship Management)-မသီတာအေးတို့၏ဖခင်၊ မခိုင်ဇာသော်(ခ)ပွင့်ဖြူဝင်း၊ မောင်ကျော်ဆက်အောင် (Uniteam Shipping Co., Ltd.)-မသွယ်သွယ်စိုး (ခ) ဖူးငုံဝင်းတို့၏အဘိုး၊ ဒေါ်လှကြည်(အမက-၃၊ဒေါပုံ၊ငြိမ်း)၏ခင်ပွန်းသည် ၁၃-၁၀-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါ၍ ၁၅-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၉-၁၀-၂၀၁၅ရက် (တနင်္လာနေ့)နံနက် ၇နာရီတွင်အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## အရှင်ဇနိန္ဒာလင်္ကာရ
**မဟာစည်နယ်လှည့်ဓမ္မကထိက ဓမ္မာစရိယ သာမဏေကျော်**
**သက်တော်(၄၃)နှစ်၊ သိက္ခာတော်(၂၁)ဝါ**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဝဲပုံ့စာသင်တိုက်၊ စကြာနန္ဒကျောင်း ဆရာတော်၊ မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊လက်ယက်မကျေးရွာအုပ်စု၊ ကျောက်တောရွာနေ ခမည်းတော် ဦးမှိုင်း - မယ်တော် ဒေါ်စန်းရီတို့၏ သားတော် အရှင်ဇနိန္ဒာလင်္ကာရသည် (၁၃၇၇ခုနှစ် တော်သလင်းလပြည့်ကျော် ၁၅ရက်) ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၆နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၇ခုနှစ် သီတင်းကျွတ်လဆန်း ၂ရက်) ၁၅-၁၀-၂၀၁၅ရက်(ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအပ်ပါသည်။ (ဝဲပုံ့စာသင်တိုက်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) တပည့်ဒါယကာ၊ ဒါယိကာမများ

---

## ဦးမြမောင်
**အသက်(၈၇)နှစ်**

ကလေးမြို့၊ အောင်မြေမာန်ရပ်ကွက်၊ ဇေယျာလမ်းနေ (ဒေါ်စောနွဲ့ရီ)၏ခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်နှင်းနှင်းယု၊ ဦးစန်းမြင့်အောင်-ဒေါ်စန်းစန်းယု၊ (ဦးမောင်ပို)-ဒေါ်ငွေးငွေးယု၊ ဦးအောင်ဝင်းထွန်း-ဒေါ်ကြည်ကြည်စန်း၊ ဦးတင်ထွန်းအောင်-ဒေါ်မင်းမင်းခိုင်တို့၏ဖခင်ကြီး၊ မြေးခုနစ်ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၂-၁၀-၂၀၁၅ရက် (တနင်္လာနေ့) ည ၉း၅၀နာရီတွင် ကလေးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ဒိုးဝိုင်းချောင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဖိုးတင်(ခ)ဦးရောင်နီ အသက်(၈၃)နှစ်

ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့၊ အနောက်ပိုင်းရပ်ကွက်၊ ရုံးတက်လမ်းနေ (ဦးပုဏ္ဏား-ဒေါ်လှအေး)တို့၏သား၊ (ဒေါ်ညိုသိန်းဦး)၏ခင်ပွန်း၊ ဦးကျော်ဇံ (ချင်းပြည်နယ် စာရင်းစစ်ချုပ်)-(ဒေါ်စောသန်း)၊ ဒေါ်စောတင်(အလပြ၊ ငြိမ်း)၊ ဦးခင်မောင်တင်-ဒေါ်မော်မော်လွင်(သမ္မတရွှေဆိုင်)၊ ဦးတင်မြင့်-ဒေါ်ဝင်းဝင်းခိုင်၊ ဦးခင်မောင်မြင့်(မင်္ဂလာရပ်ရှင်ရုံ၊ကျောက်ဖြူမြို့)-ဒေါ်ခင်စောဖြူ(အထပြ၊ ငြိမ်း)၊ ဦးအုံးမြင့် (MD Civil Tech Co.,Ltd)-ဒေါ်ထားထားယုတို့၏ ဖခင်၊ မြေး ၁၁ယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၁၃-၁၀-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၄း၄၅နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလယ်ရပ်ကွက်၊ အောင်သပြေလမ်း၊ အမှတ် ၆၀ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၅ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ဖြူဖြူ (ဘော်လီဘောမိခင်ကြီး)
**မြန်မာ့လက်ရွေးစင်ရွှေတံဆိပ်(၂)ဆုရှင်**
**ဘော်လီဘောကစားသမားဟောင်း (၁၉၆၅-၁၉၆၉)**
**မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ် (အတွင်းရေးမှူး၊ငြိမ်း)**
**ဦးစီးအရာရှိ(ငြိမ်း)၊ အားကစားဝန်ကြီးဌာန**
**အသက်(၈၁)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ကွက်သစ်ရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အမှတ် ၇နှင့် အင်းစိန်မြို့နယ်၊ တောင်သူကုန်းရပ်ကွက်၊ အမက(၄၉)၊ ကျောင်းလမ်း၊ အမှတ်(၂၉-B)နေ (ဦးပု-ဒေါ်ခက်)တို့၏မြေး၊ (ဦးကျန်-ဒေါ်အေးမေ)တို့၏သမီးချွေးမ၊ (ဦးဘခင်-ဒေါ်ခင်ပု)တို့၏သမီး၊ (ဦးလှထွန်းလွင်)၊ [ဒေါ်သီတာမြတ်ထွန်းအောင်(ခ)မတူး]၊ ဦးအောင်မြင့်(ခ)အောင်အောင်-ဒေါ်နီလာမြတ်ထွန်းအောင်(ခ)မိုးနီတို့၏မိခင်၊ မြေးခြောက်ယောက်၊မြစ်လေးယောက်တို့၏ဘွားဘွားကြီး၊ (ဦးမြတ်ထွန်းအောင်)၏ဇနီး ဒေါ်ဖြူဖြူသည် ၁၂-၁၀-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် အမှတ်(၂၉-B)၊ ကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်နေအိမ်တွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၅ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဖြူဖြူ
**မြန်မာ့လက်ရွေးစင် ဘော်လီဘောအားကစားသမားဟောင်း**
**အသက်(၈၁)နှစ်**

မြန်မာ့လက်ရွေးစင်ဘော်လီဘောနည်းပြဆရာကြီး (ဦးမြတ်ထွန်းအောင်)၏ဇနီး ဒေါ်ဖြူဖြူသည် ၁၂-၁၀-၂၀၁၅ရက် (တနင်္လာနေ့) ညနေ ၆နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၅ရက်ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ ဘော်လီဘောကစားသမားများ မပျက်မကွက် လိုက်ပါပို့ဆောင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**၁၉၆၅ခုနှစ်၊ ၁၉၆၉ခုနှစ်၊ အရှေ့တောင်အာရှကျွန်းဆွယ်**
**ရွှေတံဆိပ်ဆုရှင် ဘော်လီဘောအားကစားသမားဟောင်းများ**

---

## ဦးကျော်မျိုးဝင်း(ခ)ကိုကျော် (ကျုံကူး)
**(အထက-၂၊ ဗဟန်းကျောင်းသားဟောင်း)**
**အသက်(၄၅)နှစ်**

ရွှေပြည်သာမြို့နယ်၊ ယုဇနလမ်း၊ အမှတ် ၅/၁/၉၇နေ (ဦးဝင်းမောင်)-ဒေါ်တင်တင်အောင်တို့၏သား၊ မချမ်းဘောမြို့နေ ဦးလမာနော်-ဒေါ်ခမ်းနန်တို့၏သားသမက်၊ ဒေါ်ခင်ဥ(ကျုံကူး)၏တူ/သား၊ ရွှေနှင်းဆီလမ်း၊ ၉မိုင်နေ ဒေါ်ကြည်ကြည်စန်း (M.D.S Business Travels and Tours)၊ ဦးအောင်ကျော်မိုး (တွဲဖက်ပြည်နယ်မှူး၊ ကညန၊ ကျိုင်းတုံ)-ဒေါ်မေသူဝင်းတို့၏မောင်၊ ဒေါ်လမာဂျီးအောင် (စာရင်းရုံး၊ ရွှေပြည်သာ)၏ခင်ပွန်း၊ မောင်ဘုန်းမြတ်ပိုင် (Grade-II, ကောင်းစုစံ ကိုယ်ပိုင်အထက်တန်းကျောင်း)၏ဖခင်၊ ဦးကျော်မင်းထွန်း၊ မောင်ရဲရင့်အောင်၊ မောင်ကောင်းခန့်ဇော်တို့၏ဦးလေးသည် ၁၂-၁၀-၂၀၁၅ရက်(တနင်္လာနေ့) ညနေ ၅း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၁၄-၁၀-၂၀၁၅ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၁၀-၂၀၁၅ရက် နံနက် ၈နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ယနေ့ ဖတ်စရာ

မြန်မာနိုင်ငံရှိ ရေဘေးသင့်ပြည်သူများအတွက် ရုရှားက လူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးမည် စာမျက်နှာ-၃

ဆီးရီးယားသူပုန်များကို ကန်စစ်လက်နက်များ လေထီးဖြင့်ချပေး စာမျက်နှာ-၄

ရွေးကောက်ပွဲရက် ရွှေ့ဆိုင်းခြင်းမပြုဘဲ မူလသတ်မှတ်ထားသည့် နိုဝင်ဘာလ ၈ ရက်နေ့တွင်ပင် အထွေထွေ ရွေးကောက်ပွဲများ ကျင်းပမည် စာမျက်နှာ-၇

# မြန်မာအသင်း ကမ္ဘာ့ဖလားခြေစစ်ပွဲ၌ ပထမဆုံးနိုင်ပွဲရရှိ

သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF

ဗန်ကောက် အောက်တိုဘာ ၁၃

**၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲ အာရှဇုန်ဒုတိယအဆင့်ခြေစစ်ပွဲ ပွဲစဉ်(၅)အဖြစ် မြန်မာအသင်းနှင့် လာအိုအသင်းတို့မှာ ယနေ့ညနေပိုင်းက ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ဆူပါချာလာစိုင်းကွင်း၌ကျင်းပရာ မြန်မာအသင်းက လာအိုအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။**

ကမ္ဘာ့ဖလား ဒုတိယအဆင့် ခြေစစ်ပွဲတွင် လေးပွဲဆက်နိုင်ပွဲပျောက်ဆုံးနေသည့် မြန်မာအသင်းမှာ ဒုတိယ အကျော့အဖွင့်ပွဲတွင် ပထမဆုံး နိုင်ပွဲရယူနိုင်ခဲ့သည်။ ပထမအကျော့တွင် အဝေးကွင်း၌ လာအိုအသင်းကိုသရေကျခဲ့သည့် မြန်မာအသင်းမှာ ယခုပွဲတွင် ဦးဆောင်ဂိုးပေးခဲ့ရသော်လည်း အမှားအယွင်းမရှိကစားနိုင်ခဲ့သောကြောင့် ဂိုးများပြန်ရကာ အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ အိမ်ကွင်း နှစ်ပွဲဆက်ကစားရခြင်းဖြစ်ပြီး ကစားပုံမှာ ယခင်ကထက် တိုးတက်မှုရှိလာသည်ကို တွေ့ရသည်။

မြန်မာအသင်းသည် လက်ဘနွန်အသင်းနှင့်ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို ခြောက်ဦးအထိ *စာမျက်နှာ ၁၄ ကော်လံ ၁* ◆



မြန်မာအသင်းတိုက်စစ်မှူး အောင်သူ လာအိုအသင်းဘက်သို့ ဂိုးသွင်းယူစဉ်။

# မြန်မာ့ရုပ်ရှင်နေ့နှင့် (၅၂)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကျင်းပ

သတင်း-မြင့်ကွင်း
မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ- တင်စိုး(မြန်မာ့အလင်း)



ခင်ဝင့်ဝါ

**ရန်ကုန် အောက်တိုဘာ ၁၃**

ယနေ့ မြန်မာ့ရုပ်ရှင်လောက၏ သက်တမ်း ၉၅ နှစ်တင်းတင်းပြည့်ခဲ့ပြီ။ မြန်မာ့ရုပ်ရှင်ရယ်လို့ ၁၉၂၀ပြည့်နှစ် အောက်တိုဘာ ၁၃ရက်မှ စတင်ပေါ်ပေါက်ခဲ့ကာ ပြည်သူများ၏ လမ်းပြကြယ်အနုပညာရှင်ပေါင်းများစွာ ယနေ့တိုင်ရှင်သန်ပေါက်ဖွားအောင်မြင်ခဲ့ပြီဖြစ်သည်။ ယနေ့ မြန်မာ့ရုပ်ရှင်နေ့နှင့်အတူ ရုပ်ရှင်လောက၏ သက်ကြီးဘိုးဘွားပညာရှင်များကို တပည့်တစ်ပန်းအနုပညာရှင်များက မြန်မာ့ရိုးရာအစဉ်အလာမပျက် ဂါရဝပြု စောင့်ရှောက်မှုပေးခဲ့သော မြန်မာ့ရုပ်ရှင်သက်ကြီးပူဇော်ပွဲ၏ (၅၂)ကြိမ်မြောက်သည့် မင်္ဂလာနေ့ပင် ဖြစ်သည်။ အဆိုပါမြန်မာ့ရုပ်ရှင်လောကသားများ၏ မင်္ဂလာရှိသောသက်ကြီးပူဇော်ပွဲနေ့တွင် ကန်တော့ခံသက်ကြီးများ၊ လာရောက်ကန်တော့သည့် အနုပညာရှင်များကို မြန်မာ့အလင်းသတင်းအဖွဲ့က တွေ့ဆုံမေးမြန်း၍ ပြန်လည်မျှဝေလိုက်ပါသည်။

**ဗိုလ်ကလေးတင့်အောင်**

ဘဘဒီနေ့သက်ကြီးပူဇော်ပွဲကို တက်ရောက်တာ တပည့်တပန်းတွေနဲ့ ပြန်လည်တွေ့ဆုံချင်လို့ပဲ။ဘဘအသက်ရှင်နေသရွေ့ သက်ကြီးပူဇော်ပွဲကို တက်ရောက်ဖို့ဆုံးဖြတ်ထားတယ်။ ဘာကြောင့်လဲဆိုတော့ နှစ်ပေါင်း ၁၀၀ ပြည့်တော့မယ်။ ဘဘတို့မြန်မာ့ရုပ်ရှင်လောကသားတွေကို ဘဘစည်းလုံးစေချင်တယ်။ ကောင်းတာတွေ လုပ်စေချင်တယ်။ အကောင်းနဲ့အဆိုးတွဲနေတဲ့ လောကကြီးထဲက ဘဘတို့အနုပညာရှင်တွေက ပြည်သူတွေရဲ့ လမ်းပြကြယ် ဖြစ်တော့ အတတ်နိုင်ဆုံးကောင်းတာတွေကိုပဲ ချပြစေချင်တယ်။ ဒီရုပ်ရှင်လောကကြီးကောင်းသထက်ကောင်းပြီး ဆက်လက်တည်တံ့စေချင်တယ်။ ဒါဘဘရဲ့ ဆန္ဒပါ။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❖



မေမြတ်နိုး

## မြစ်ရေကြီးခြင်း သတိပေးချက်

**နေပြည်တော် အောက်တိုဘာ ၁၃**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အောက် ခြောက်ပေခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့များ၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်ပါသည်။

ဟင်္သာတခရိုင်နှင့် ဇလွန်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ ဝေါန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်တွင် *စာမျက်နှာ ၁၂ ကော်လံ ၁* ❐

mmalin.npt @ gmail.com, www.facebook.com/MYANMAALINNEWS
မြန်မာ့အလင်း

